# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့။ | Thursday, 8 February 2018 | ၉၁၉၄


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

## တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး H.E. Dr. Ito Sumardi အား နိုင်ငံတော်သမ္မတ ဦးထင်ကျော် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး H.E. Dr. Ito Sumardi အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**





## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အွန်တေရီယိုပြည်နယ်ဝန်ကြီးချုပ်ဟောင်းအား တွေ့ဆုံ

## ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေများ ရင်းနှီးစွာ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ် ဝန်ကြီးချုပ်ဟောင်း Hon. Robert Rae အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ အပါအဝင် ရခိုင်ပြည်နယ်၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

---

ဌာနေတိုင်းရင်းသားများ နေရပ်စွန့်ခွာနေရခြင်းမှာ တရားမဝင် ရောက်လာသူများ အလွန်များပြားလာသည့်အတွက် လူဦးရေအချိုးမညီမျှမှုဖြစ်ပေါ်ပြီး ခြိမ်းခြောက်ခံရခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခံရခြင်းတို့ကြောင့်ဖြစ်

စာမျက်နှာ » ၅

သဘာဝသယံဇာတမှ ထွက်ရှိနေသမျှကို ထင်သလိုထုတ်လုပ်နေမည်ဆိုပါက တစ်ချိန်ချိန်တွင် သဘာဝသယံဇာတများ ကုန်ခန်းသွားနိုင်

စာမျက်နှာ » ၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စင်ကာပူလေကြောင်းပြပွဲ တက်ရောက်ကြည့်ရှု

စာမျက်နှာ » ၈




# ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊

၂။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင်တည်ဆောက်ရေး၊

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊

ကြေးမုံ

## ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်

၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များမှာ ၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး ၂။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး ၃။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁)ရာစုပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ဖြစ်သည်။

ယခုနှစ် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များသည် ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ပြီး ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်စွာတည်ဆောက်၍ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ကာ ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ရည်ညွှန်းထားသည်ကို တွေ့ရပါသည်။ ယနေ့ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ မျှော်မှန်းချက်မှာလည်း ဖော်ပြပါ ရည်ညွှန်းချက်များအတိုင်း ဖြစ်ပေသည်။

ဦးစွာ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်နိုးကြားထက်သန်ရေးမှာ အရေးကြီးပါသည်။ မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်၍ တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရ ရှင်သန်နိုးကြားထက်သန်နေရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုကြီးအတွင်း ယနေ့လက်ရှိ မှီတင်းနေထိုင်ကြကုန်သော ပြည်ထောင်စုသားအားလုံးတို့သည် ရှေးအတိတေ ဘိုးဘေးဘီဘင် လက်ထက်ကာလကတည်းက အတူတကွ ဆင်းသက်ပေါက်ဖွားလာသော မိသားတစ်စုအတွင်းမှ တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်ရင်းနှမ ဖြစ်ကြသည်ဟူသော ယုံကြည်ချက်၊ ခံယူချက်ထားရှိခြင်းပင်ဖြစ်သည်။

ယင်းအချက်သည် အလွန်အခြေခံကျသည့် အရေးပါသောအချက် ဖြစ်သဖြင့် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် ယင်းကို သေချာစွာ ဆင်ခြင်သုံးသပ်လေ့လာလျက် မိမိတို့အနေဖြင့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ဟုတ်၏၊ မဟုတ်၏ကို ဆန်းစစ်အဖြေရှာကာ မှန်ကန်လျှင် လက်သင့်ခံကြရပေလိမ့်မည်။ မူလပင်ရင်း မြန်မာနိုင်ငံသားများသည် ရှေးအတိတေ နှစ်ပေါင်းများစွာကာလ မြန်မာနိုင်ငံ၏ ပထဝီဝင်မြေ ဖြစ်တည်စက ဦးစွာပေါ်ထွန်းသော တိဘက်ကုန်းမြေမြင့်ဒေသမှ ယခုမြန်မာ့မြေအတွင်းသို့ တရွေ့ရွေ့ဆင်းသက်လာသော မျိုးနွယ်စု သုံးမျိုးမှ ပေါက်ဖွားလာကြသူများဖြစ်သည်ဟု သတ်မှတ်ထားကြသည်။ ထိုစဉ်ကာလ လူဦးရေအနည်းငယ်မျှမှ တဖြည်းဖြည်းတိုးပွားလာသော ထောင်၊ သောင်း၊ သိန်း၊ သန်းချီသည့် လူဦးရေအားလုံးတို့သည် တစ်မိသားစုတည်းမှ တိုးပွားပျံ့နှံ့ဆင်းသက်လာသူများဖြစ်သည်။ မူရင်းလူမျိုးစု၏ အသွေးအသားအလိုက် နှစ်ကာလကြာရှည်မှုနှင့် နေရာဒေသကွာခြားမှုတို့ကြောင့် လူမျိုးစုအလိုက် ယဉ်ကျေးမှုဓလေ့စရိုက် မတူကွဲပြားခြင်းသာရှိသည်။ သို့သော် တိုင်းရင်းသားပြည်သူအားလုံးတို့သည် မိသားစုတစ်စုတည်းမှ ဆင်းသက်လာသည်မှာ အမှန်ဖြစ်သည်။

ထို့ကြောင့် တစ်မိသားစုအတွင်းမှ ဆင်းသက်ပေါက်ဖွားလာသူများ ဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ်ရှိကြပြီး နိုးကြားရှင်သန်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ပါလျှင် ယနေ့ကြုံတွေ့နေသော ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အဆင့်လိုက်အကောင်အထည်ဖော်နေသော ညီလာခံဖြစ်ပြီး ထိုငြိမ်းချမ်းရေးညီလာခံများ၊ ညှိနှိုင်းအစည်းအဝေးများ၏ အောင်မြင်မှုများမှတစ်ဆင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာအောင် ဆက်လက်တည်ဆောက်ကြမည်ဖြစ်သည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်သဖြင့် ယခုကာလမှစ၍ ပြည်ထောင်စုတစ်ဝန်းတွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို စတင်အားပေးမြှင့်တင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျသည့် အကြောင်းအရင်းဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေးကို ဦးစားပေးဖော်ဆောင်ကြရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။

## လွှတ်တော်ကိုယ်စားလှယ်များအား အခြေခံကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေး



**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော် စည်ပင်ရိပ်သာရှိ လွှတ်တော်ကိုယ်စားလှယ်များအတွက် ဖွင့်လှစ်ထားသော ကျန်းမာရေးဆေးခန်းနေရာတွင် လွှတ်တော်ကိုယ်စားလှယ်များအား အခြေခံကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ပေးလျက်ရှိနေသည်ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၉၅ ဦးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၇၁ ဦးတို့ကို ဖေဖော်ဝါရီ ၅ ရက်မှစတင်၍ တစ်ရက်လျှင် ပျမ်းမျှ ၂၀ ခန့် ရက်ချိန်းကြိုတင်သတ်မှတ်ပြီး အခြေခံကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အခြေခံကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများတွင် အခြေခံဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ၊ ရောဂါရာဇဝင်နှင့် ခန္ဓာကိုယ်ရုပ်ပိုင်းဆိုင်ရာ အခြေခံစစ်ဆေးမှုများ၊ သွေးပေါင်ချိန်နှင့် ECG၊ သွားကျန်းမာရေးစစ်ဆေးမှုနှင့် မျက်စိစမ်းသပ်စစ်ဆေးမှုများ ပါဝင်ကြောင်းနှင့် တွေ့ရှိချက်များအပေါ်အခြေခံ၍ လိုအပ်သော ထပ်မံစစ်ဆေးမှု (သို့မဟုတ်) ကုသမှုများ လိုအပ်ပါက နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံရှိ သက်ဆိုင်ရာ ပါရဂူများထံ ညွှန်းပို့မည်ဖြစ်ကြောင်း သိရသည်။

ဆေးစစ်ဆေးမှုလုပ်ငန်းများကို နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီး၊ ပျဉ်းမနားဆေးရုံကြီး၊ နေပြည်တော်မျက်စိဆေးရုံနှင့် သွားနှင့်ခံတွင်းဆေးရုံ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ဆေးရုံကြီးတို့မှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးစစ်ဆေးမှု လုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေပေးအပ်



**ညောင်လေးပင် ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ညောင်လေးပင်မြို့နယ် ဝဂ်ဘော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန့်ဇင်မျိုးက ရန်ပုံငွေပေးအပ်ရခြင်း ရည်ရွယ်ချက်၊ စီမံကိန်းအချက်အလက်များနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရမည့်အစီအစဉ်များကို ရှင်းလင်းသည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးနှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန့်ဇင်မျိုးတို့က စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ ကို ကျေးရွာကော်မတီဉက္ကဋ္ဌ ဦးဇော်ဝင်းထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါရန်ပုံငွေအပြင် ကျေးရွာထည့်ဝင်ငွေဖြင့် ကျေးရွာတွင်းလမ်းမကြီးအား ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ရန်ကုန်(ရွှေဈေး) ၉၄၁၀၀၀ - ၉၄၁၀၀၀၊ မန္တလေး(ရွှေဈေး) ၉၄၁၀၀၀ - ၉၄၁၀၀၀

| **စက်သုံးဆီဈေးနှုန်း** | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၃၀/၈၄၀ ကျပ်၊ | ၈၇၅/၉၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၅၅ ကျပ်၊ | ၉၃၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၁၀ ကျပ်၊ | ၈၇၀/၈၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၅၀/၈၆၀ ကျပ်၊ | ၈၉၅/၉၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၈၅/၇၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၉၀/၈၀၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၄၅/၇၅၀ ကျပ်

***၁၀-၁-၂၀၁၈ ရက်နေ့မှ ၅-၂-၂၀၁၈ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၅၆ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၈၇ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၈၉ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၀၂ ကျပ် ဖြစ်ပါသည်။***(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သို့လှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၉. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၃၇. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁. ၅၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၀၄၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉. ၄၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၆၈၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၆. ၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂. ၄၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၄. ၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၅. ၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၈)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခင်အစည်းအဝေး (၂/၂၀၁၆) ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြကာ အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာကော်မတီများအလိုက် ဆောင်ရွက်လျက်ရှိသည့် ဥပဒေကြမ်းများ၊ တိုင်ကြားစာများ၊ တွေ့ရှိချက် အစီရင်ခံစာများနှင့် သုံးသပ်အကြံပြု ဆွေးနွေးချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က သက်ဆိုင်ရာကော်မတီများအနေဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်သွားရမည့် ကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များနှင့် ပြင်ဆင်ဆောင်ရွက်သွားရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



**သတင်းစဉ်**

# မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ နိုင်ငံတွင်း ငြိမ်းချမ်းရေးသံတမန်ညှိနှိုင်းရေးမှူးများ သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့နှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်တို့ပူးပေါင်းပြီး **“ငြိမ်းချမ်းရေးကိုဖန်တီးကြပါစို့”** ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ နိုင်ငံတွင်း ငြိမ်းချမ်းရေးသံတမန်ညှိနှိုင်းရေးမှူးများသင်တန်း Myanmar MoP Local Coordinators Training ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် နာယက ဒေါက်တာတင်မျိုးဝင်း တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။



ဖွင့်ပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် နာယက ဒေါက်တာတင်မျိုးဝင်းက ငြိမ်းချမ်းရေးရှိမှ ငြိမ်းချမ်းရေးကို အခြေခံပြီး တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးရာ အဖြာဖြာကို တိုးတက်ဖွံ့ဖြိုးလာရန် လုပ်ဆောင်နိုင်မှာဖြစ်ကြောင်း၊ ယခု ငြိမ်းချမ်းရေးသံတမန်သင်တန်းသည် ကင်းထောက်အဖွဲ့ဝင်များအတွက် အထူးလိုအပ်နေပြီး ကမ္ဘာ့နိုင်ငံများအားလုံးသည် ငြိမ်းချမ်းရေးကို မလိုသည့်နိုင်ငံ မရှိပါကြောင်း၊ နိုင်ငံတကာနှင့် ဆက်စပ်နေပြီး ငြိမ်းချမ်းရေးရရန် လိုအပ်ချက် သုံးချက်မှာ မေတ္တာ၊ ကိုယ်ချင်းစာမှုနှင့် ယုံကြည်မှုများပင်ဖြစ်ပါကြောင်း၊ ကင်းထောက်ကတိဖြစ်သည့် သူတစ်ပါးအား အချိန်မရွေး ကူညီပါမည်ဆိုသည့် မေတ္တာအခြေခံမှသာ ယုံကြည်မှုတည်ဆောက်၍ရမှာဖြစ်ကြောင်း၊ ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် အာရှ-ပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့တို့က လာရောက်ကူညီ သင်တန်းပို့ချပေးသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးကို စိတ်ပါဝင်စားသူများလေလေ တိုင်းပြည်အတွက် အကျိုးရှိလေလေဖြစ်ပါကြောင်း၊ တိုင်းပြည်အတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အတွက် ကမ္ဘာ့ကင်းထောက်အဖွဲ့ကြီးနှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့သင်တန်း နည်းပြဆရာများနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့တို့ကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့၏ ဖွံ့ဖြိုးရေးဌာနနှင့် ငွေကြေးဆိုင်ရာ ညွှန်ကြားရေးမှူး Mr.S.Prassanna Shrivastava(Diretor, Development Support and Finance)က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကိုလည်းကောင်း၊ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်က ကျေးဇူးတင်စကားကို လည်းကောင်း ပြောကြားကာ အခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးကော်မရှင် အထောက်အကူပြုအဖွဲ့ဝင်များ၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ ဩစတြေးလျ၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံများမှ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာများ၊ မြန်မာနိုင်ငံကင်းထောက်ကြီးများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းတွင် နိုင်ငံတကာမှ သင်တန်းနည်းပြဆရာများက ပိုမိုကောင်းမွန်သော ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်း အညွှန်းမူဘောင်များ၊ ငြိမ်းချမ်းရေးသံတမန် ဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ ချိတ်ဆက်ဆောင်ရွက်မှုများ၊ စီမံချက်ဆောင်ရွက်မှုအစီအစဉ်များ၊ ဒေသအလိုက်လုပ်ငန်းဖြန့်ဝေဆောင်ရွက်မှုအစီအစဉ်များ၊ ကွင်းဆင်းလေ့လာရေး အစီအစဉ်များကို ဖေဖော်ဝါရီ ၁၁ ရက်အထိ ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုယ်စားပြု အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများ၊ တက္ကသိုလ်ကင်းထောက်ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြန်ကြားရေးဝန်ကြီးဌာနတွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရေးဆိုင်ရာ အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် PANNA Institute မှ Program Director ဒေါ်ထိုက်ထိုက်အောင်နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် PANNA Institute နှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းတင်ပြခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာန PANNA Institute နှင့် ဖက်ဒရယ်နိုင်ငံများဖိုရမ် မြန်မာနိုင်ငံရုံးတို့ပူးပေါင်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင်မြို့နယ်များမှ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအား ပြည်ထောင်စုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရေးအခြေအနေ၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရေးဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## အင်အားအနည်းငယ်ရှိ ငလျင် သုံးခုလှုပ်ခတ်

**နေပြည်တော် ဖေဖော်ဝါရီ ၇။** ။ယနေ့နံနက် ၂ နာရီ ၂၈ မိနစ် ၀၆ စက္ကန့်တွင် ချင်းပြည်နယ် ဟားခါးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင် ၃၀ ခန့် အကွာ ကလေးမြို့၏ အနောက်တောင်ဘက် မိုင် ၂၀ ခန့်အကွာကို ဗဟိုပြု၍ ရစ်(ချ်)တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားခဲ့ပြီး ည ၁၀ နာရီ ၄၇ မိနစ် ၄၁ စက္ကန့်တွင် နေပြည်တော်မြေငလျင်စခန်းမှ တောင်ဘက် ၉၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ဖြူးမြို့၏ အနောက်တောင်ဘက် ၁၅ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ ရစ်(ချ်)တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုနှင့် ည ၁၁ နာရီ ၀၈ မိနစ် ၀၄ စက္ကန့်တွင် နေပြည်တော် မြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ဖြူးမြို့၏ အနောက်တောင်ဘက် ၁၆ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ ရစ်(ချ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ကြေးမုံ**

# ကျေးလက်ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရွှေကူ ဖေဖော်ဝါရီ ၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လွင်ပြေဟိန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရွှေကူမြို့နယ် လမ်းကူးကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းနှစ်မိုင်နှင့် တာလီကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း ၁/၄ မိုင်တို့ ရေပိုက်လိုင်းသွယ်တန်းထားရှိမှုကို ဗန်းမော်ခရိုင် ကျေးလက်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသောင်းညွှန့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရလှိုင်၊ မြို့နယ်ဦးစီးမှူးနှင့် ရုံးဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

**ကြေးမုံ**

# တရုတ်တိုင်ပေ၌ ငလျင်လှုပ်၊ ငါးဦးထက်မနည်းသေဆုံးပြီး ၆၀ ခန့် ပျောက်ဆုံးနေ



**တိုင်ပေ ဖေဖော်ဝါရီ ၇**

တရုတ်တိုင်ပေ၏ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့ရှိရာ ဟွာလျန်မြို့အနီး၌ ဖေဖော်ဝါရီ ၆ ရက် ည ၁၁ နာရီ မိနစ် ၅၀ တွင် ပြင်းအား ၆ ဒသမ ၅ အဆင့်ရှိ မြေငလျင်လှုပ်ခဲ့ရာ ငါးဦးထက်မနည်း သေဆုံးပြီး ၂၄၇ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟွာလျန်မြို့ အရှေ့မြောက်ဘက် ၂၂ ကီလိုမီတာ (၁၄ မိုင်)ခန့် အကွာနေရာကို ဗဟိုပြု၍ မြေငလျင်လှုပ်ခဲ့ခြင်းဖြစ်သည်။

ငလျင်ဒဏ်ကို တရုတ်တိုင်ပေ ကျွန်းအနှံ့အပြား၌ ခံစားခဲ့ကြရပြီး တရုတ်တိုင်ပေအရှေ့ပိုင်းရှိ မြို့ကြီးတစ်မြို့ဖြစ်သော ဟွာလျန်မြို့ရှိ လမ်းများနှင့် အဆောက်အအုံများ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

မြေငလျင်ဒဏ်ကြောင့် မာရှယ်အမည်ရှိ ဟိုတယ်မှာ တိမ်းစောင်းပျက်စီးခဲ့ရပြီး ဟိုတယ်အဆောက်အအုံအတွင်း လူသုံးဦး ပိတ်မိနေခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဖေဖော်ဝါရီ ၄ ရက်မှစတင်၍ ဒေသအတွင်း ငလျင်ငယ်ပေါင်း အကြိမ် ၁၀၀ ကျော်လှုပ်ခဲ့သည်။ လာမည့် ရက်သတ္တပတ်များတွင် နောက်ဆက်တွဲ မြေငလျင်များပို၍ လှုပ်ခတ်လာနိုင်ကြောင်း မြေငလျင် ဗေဒပညာရှင်များက ပြောကြားကြသည်။

ပင်လယ်ကမ်းရိုးတန်းမြို့ကြီးဖြစ်သော ဟွာလျန်မြို့၌ မြေငလျင်လှုပ်မှုကြောင့် လူ ၆၀ ခန့် ပျောက်ဆုံးနေသည်ဟု ခန့်မှန်းကြောင်း မြို့တော်ဝန် ဖူကန်းချိက ပြောကြားသည်။ ပျောက်ဆုံးနေသူများမှာ အဆောက်အအုံများ၏ အပျက်အစီးများအကြား ပိတ်မိနေဖွယ်ရှိသည်ဟု ဆိုသည်။

ထိခိုက်ဒဏ်ရာရသူများတွင် တရုတ်၊ ချက်၊ ဂျပန်၊ စင်ကာပူ နိုင်ငံသားများ ပါဝင်သည်။ တရုတ်တိုင်ပေ၌ နှစ်ပေါင်း ၄၀ ကာလအတွင်း အထိအခိုက်အများဆုံး မြေငလျင်ဖြစ်ကြောင်း မြေငလျင်ကယ်ဆယ်ရေး ပရဟိတလုပ်သားတစ်ဦးက ပြောကြားသည်။

**ဆင်ဟွာ၊ ရိုက်တာ**



# ပြုံချမ်းဆောင်းရာသီ အိုလံပစ်ပွဲတော်သို့ မြောက်ကိုရီးယားခေါင်းဆောင်၏ညီမ တက်ရောက်မည်

**ဆိုးလ် ဖေဖော်ဝါရီ ၇**

မြောက်ကိုရီးယား နိုင်ငံခေါင်းဆောင် ကင်ဂျုံအန်၏ ညီမဖြစ်သူ ကင်ယိုဂျောင်းသည် ယခုရက်သတ္တပတ်နှောင်းပိုင်းတွင် တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆောင်းရာသီအိုလံပစ်အားကစားပွဲတော်သို့ တက်ရောက်မည်ဖြစ်ကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေး ဝန်ကြီးဌာနက ဖေဖော်ဝါရီ ၇ ရက်တွင် ပြောကြားသည်။

ပြုံချမ်းဆောင်းရာသီ အိုလံပစ်ပွဲတော်သို့ မြောက်ကိုရီးယားပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌ ကင်ယုံနန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စေလွှတ်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ဖေဖော်ဝါရီ ၇ ရက် အစောပိုင်းတွင် တောင်ကိုရီးယားနိုင်ငံအား အသိပေးခဲ့သည်။

တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် (၂၃)ကြိမ်မြောက် ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲသို့ သုံးရက်ကြာ လာရောက်မည့် မြောက်ကိုရီးယားအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တွင် အာဏာရ မြောက်ကိုရီးယားအလုပ်သမားပါတီ ဒုတိယ ဦးစီးဌာနမှူး ကင်ယိုဂျောင်းလည်း အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်မည်ဖြစ်သည်။

မြောက်ကိုရီးယားအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တွင် မြောက်ကိုရီးယား အမျိုးသားအားကစား လမ်းညွှန်မှုကော်မတီဥက္ကဋ္ဌ ချိုးဟွိုင်းနှင့် အဖနိုင်ငံတော်ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးကော်မတီ အကြီးအကဲ ရီဆွန်ဂွန်းတို့လည်း ပါဝင်ကြမည်ဖြစ်သည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံအလယ်ပိုင်းတွင် ဆီးနှင်းများ စံချိန်တင်ကျဆင်း၊ လူနှစ်ဦးသေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရ

**ကျိုတို ဖေဖော်ဝါရီ ၇**

ဂျပန်နိုင်ငံအလယ်ပိုင်းတွင် ဆီးနှင်းများ အဆက်မပြတ်ကျဆင်းမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ပြီး လူနှစ်ဦး သေဆုံးကာ အများအပြားထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဖေဖော်ဝါရီ ၇ ရက် ညနေ ၅ နာရီတွင် ဆီးနှင်းများ ကျဆင်းမှုကြောင့် မော်တော်ကား ၇၀၀ ဝန်းကျင်ခန့်သည် ဂျပန်ပင်လယ်ကမ်းရိုးတန်းဒေသ ဖူကူအီ စီရင်စုရှိ မိန်းလမ်းမတစ်ခုပေါ်တွင် ပိတ်မိနေခဲ့ကြောင်း ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။

လမ်းမများပေါ်ရှိ ဆီးနှင်းများကို အဆက်မပြတ် ဖယ်ရှားလျက်ရှိသော်လည်း ဆီးနှင်းများ မကြာမီ ပြန်လည်ဖုံးလွှမ်းသွားနိုင်ကြောင်း ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။

ရှီဂါစီရင်စုတွင် ရထားလမ်းများ ဆီးနှင်းဖုံးလွှမ်းမှုကြောင့် ရထားတစ်စင်း ရပ်နားထားခဲ့ရခြင်းကြောင့် ရထားပေါ် လိုက်ပါစီးနင်းလာသူ ၆၀ ခန့်ကို ဘတ်စ်ကားများဖြင့် အခြားဘူတာရုံသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံအလယ်ပိုင်းတွင် ဆီးနှင်းများ စံချိန်တင် ကျဆင်းမှုကြောင့် လူနှစ်ဦး သေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့ဝင်များက လမ်းမပေါ် သောင်တင်လျက်ရှိသည့် ကားမောင်းသမားများအား ကူညီမှုများပေးကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ဆီးနှင်းကော်စက် တစ်စီးနှင့်အတူ အသက် ၄၀ ဝန်းကျင်အရွယ်ရှိ အမျိုးသားတစ်ဦး သေဆုံးလျက်ရှိသည်ကို တွေ့ရှိရသည်ဟု တာဝန်ရှိသူများက ဆိုသည်။ ဆီးနှင်းများ ဖုံးလွှမ်းနေသော ၄ မီတာအနက်ရှိ ချောက်တစ်ခုအတွင်းတွင် အဆိုပါ ဆီးနှင်းကော်စက်ကို တွေ့ရှိခဲ့ရသည်။

ဖူကူအီမြို့ရှိ လမ်းမတစ်ခုပေါ်တွင် ဆီးနှင်းများ ကျဆင်းမှုကြောင့် သောင်တင်နေသည့် ကားအတွင်းတွင် အသက် ၅၀ အရွယ် အမျိုးသားတစ်ဦးသည် ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ အဆိပ်သင့်ကာ သေဆုံးလျက်ရှိပြီး သူ၏ကားကို ဆီးနှင်းများ ဖုံးလွှမ်းလုနီးပါး အခြေအနေတွင် တွေ့ရှိခဲ့ရသည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ဖေဖော်ဝါရီ ၈ ရက်ထိ ဆီးနှင်းများ ကျဆင်းနိုင်ဖွယ်ရှိကြောင်း ရာသီဥတုဆိုင်ရာ တာဝန်ရှိသူများက ခန့်မှန်းပြောကြားခဲ့သည်။ ဆီးနှင်းများ ကျဆင်းမှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့် နှင်းမုန်တိုင်းများ၊ အိမ်ခေါင်မိုးပေါ်မှာ နှင်းခဲများပြုတ်ကျမှုအန္တရာယ် အပါအဝင် ဆီးနှင်းရှင်းလင်းရေးလုပ်ဆောင်ရာတွင် တွေ့ကြုံနိုင်ဖွယ်ရှိသည့် မတော်တဆမှုများကို ဒေသခံပြည်သူများအား ရာသီဥတုဆိုင်ရာ တာဝန်ရှိသူများက သတိပေးပြောကြားထားကြောင်း သိရသည်။



**အင်န်အိတ်ချ်ကေ**

# ဌာနေတိုင်းရင်းသားများ နေရပ်စွန့်ခွာနေရခြင်းမှာ တရားမဝင် ရောက်လာသူများ အလွန်များပြားလာသည့်အတွက် လူဦးရေအချိုး မညီမျှမှုဖြစ်ပေါ်ပြီး ခြိမ်းခြောက်ခံရခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခံရခြင်းတို့ကြောင့်ဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

**"ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် လည်းကောင်း၊ ဒေသခံဌာနေ တိုင်းရင်းသားတို့၏ အသက်အိုးအိမ်၊ ထာဝရလုံခြုံမှုရှိသော လူမှုဘဝကိုထူထောင်နိုင်ရန် ဒေသခံတိုင်းရင်းသားတို့၏ လိုအပ်ချက်များကို ရေတိုရေရှည်စီမံကိန်းများ ပွင့်လင်းမြင်သာစွာချမှတ်၍ ထိရောက်သော အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ပြုလုပ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။

ယင်းအဆိုကို ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့တွင် ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေက တင်သွင်းခဲ့ခြင်းဖြစ်ပြီး ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ထောက်ခံဆွေးနွေးခဲ့သည်။

အဆိုတင်သွင်းရာတွင် ဦးအောင်သောင်းရွှေက ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်များတွင် လတ်တလောဖြစ်ပေါ်နေသည့် ဒေသခံပြည်သူများ၏ စိုးရိမ်ထိတ်လန့်မှုများသည် ၁၉၄၂ ခုနှစ်က ရခိုင်တိုင်းရင်းသားများ သတ်ဖြတ်ခံခဲ့ရမှုအခြေအနေနှင့် တူညီနေပါကြောင်း၊ အဆိုပါဒေသနေ ရခိုင်တိုင်းရင်းသားများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်း မလုံခြုံမှုများ၊ စိုးရိမ်သောကဖြစ်ရမှုများ အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေခြင်းတို့ကြောင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းမှုမြင့်မားလျက်ရှိနေပြီး မိမိတို့နေရပ်ဒေသသို့ ပြန်လည်အခြေစိုက်နေထိုင်ရန် စိုးရိမ်ကြောက်ရွံ့လျက်ရှိပါကြောင်း။

ထိုသို့ ဌာနေတိုင်းရင်းသားများ နေရပ်စွန့်ခွာနေရခြင်းမှာ တစ်ဖက်နိုင်ငံမှ တရားမဝင်ရောက်လာသူများ အလွန်များပြားလာသည့်အတွက် လူဦးရေအချိုး မညီမျှမှုဖြစ်ပေါ်ပြီး ခြိမ်းခြောက်ခံရခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခံရခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ ထိုဒေသကို ကက်ရှ်မီးယား၊ ကိုဆိုဗို၊ ခရိုင်းမီးယားဒေသများကဲ့သို့ ဖြစ်လာမည်ကို ရခိုင်ပြည်သူများ၏ စိတ်ထဲတွင် အထူးစိုးရိမ်ပူပင်သောက ရောက်နေကြရပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါဒေသရှိ တိုင်းရင်းသားပြည်သူများ၏ အသက်၊ အိုးအိမ်လုံခြုံရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရေတို၊ ရေရှည်စီမံကိန်းများ ပွင့်လင်းမြင်သာစွာချမှတ်ကာ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၈၅)တွင် "နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတာဝန်ဖြစ်သည်ဟုလည်းကောင်း၊ ပုဒ်မ(၂၁) (ဂ) တွင် ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတို့၏ တာဝန်ဖြစ်သည်ဟုလည်းကောင်း ဖော်ပြထားသည့်အတွက်



ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ



ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများနှင့် ပူးပေါင်းပြီး အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နယ်မြေကာကွယ်စောင့်ရှောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်လျက်ရှိနေပါကြောင်း၊ ယခုဒီမိုကရေစီခေတ် အစိုးရသစ်လက်ထက်တွင် အဆိုပါဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရအဆက်ဆက်၏ ဆောင်ရွက်ခဲ့မှုများမှ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြီး လက်ရှိအခြေအနေနှင့် အနာဂတ်အတွက် ရှေးရှုပြီး ရေရှည်တည်တံ့ခိုင်မြဲသော ထူထောင်ရေးလုပ်ငန်းဖြစ်အောင် အကောင်းဆုံးဆောင်ရွက်ပေးရန် လိုအပ်နေပါကြောင်း ထည့်သွင်းဆွေးနွေးတင်ပြခဲ့သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းကြရန် အသိပေးကြေညာထားသည်။

အစည်းအဝေးတွင် နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ၏ **နန်းယွန်းမြို့နယ်တွင် ဆရာ ဆရာမများမရှိသဖြင့် သင်ကြားရေးလုပ်ငန်းများ မလုပ်ဆောင်နိုင်သည့် ကျေးလက်အခြေခံပညာကျောင်းများ၌ ဆရာ ဆရာမများ လုံလောက်စွာခန့်ထား၍ ပညာသင်ကြားပေးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ယခုပညာသင်နှစ်အတွက် ရာထူးတိုး၊ ပြောင်းများဆောင်ရွက်သည့် ၂၀၁၇ ခုနှစ် ဩဂုတ် ၃ ရက်တွင် နန်းယွန်းမြို့နယ်အတွက် အထက်တန်းပြဆရာ ဆရာမ ငါးဦး၊ အလယ်တန်းပြ ဆရာ ဆရာမ ၃၂ ဦး၊ နေ့စားလပေး (မူလတန်းပြ) ဆရာ ဆရာမ ၂၉ ဦး စုစုပေါင်း ဆရာ ဆရာမ ၁၆၇ ဦး ဖြည့်ဆည်းခန့်ထားပေးခဲ့ပြီးဖြစ်ကြောင်း။

ကျေးလက်ကျောင်းများတွင် ဆရာ ဆရာမများကို ဖွဲ့စည်းပုံအပြည့်ခန့်ထားရေးမှာ လက်ရှိအခြေအနေအရ ခန့်ထားပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ဆရာလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ပညာရေးကောလိပ်များကို အဆင့်မြှင့်တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **"လက်ရေးတိုပညာ"မှာ လက်ရှိတိုးတက်လာသော ကွန်ပျူတာခေတ်၊ မီဒီယာခေတ်တွင် ပျောက်ကွယ်နေပြီဖြစ်ကြောင်း တွေ့ရ၍ လက်ရေးတိုပညာ ပျောက်ကွယ်မသွားစေရေး တာဝန်ရှိသူများမှ ပြန်လည်ဖော်ထုတ် သင်ကြားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ယနေ့ခေတ်အချိန်အခါသည် နည်းပညာရပ်များ အလွန်တိုးတက်သော အချိန်အခါဖြစ်သည့်အတွက် လက်နှိပ်စက်အစား ကွန်ပျူတာများကို အစားထိုးသုံးစွဲလာကြပါကြောင်း၊ အစည်းအဝေးများ၊ အခမ်းအနားများ၌ ပြောဆိုဆွေးနွေးချက်များကို မှတ်တမ်းတင်ရာတွင်လည်း ခေတ်မီအသံဖမ်းစက်များ၊ ရုပ်သံဖမ်းယူစက်များကို အသုံးပြု၍ ခိုင်လုံသည့် မှတ်တမ်းများအဖြစ် ဆောင်ရွက်နိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် လက်ရေးတိုပညာရပ်ကို ဘာသာရပ်တစ်ခုအဖြစ် ဖော်ထုတ်သင်ကြားရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ **ထားဝယ်မြို့နယ် ကျောက်ရပ်ရွာ အခြေခံပညာမူလတန်းကျောင်းကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ထားဝယ်မြို့နယ် ကျောက်ရပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား အလယ်တန်းပညာ ဆက်လက်သင်ကြားနိုင်ရန် မူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **မိုင်းရယ်မြို့နယ်ရှိ အခြေခံပညာကျောင်း ၁၉ ကျောင်းတွင် ပညာသင်နှစ် နှစ်ဝက်ခန့် ခြောက်လတာ ကျောင်းအုပ်များ လစ်လပ်နေခြင်းကို ပညာရေးဝန်ကြီးဌာနမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားကြောင်း သိရှိလိုကြောင်း** မေးခွန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၏ **ကျောင်းသားဦးရေ ၆၅ ဦးအောက် နည်းပါးသော မူလတန်းကျောင်းများမှ ကျောင်းဆရာ ဆရာမ ဝန်ထမ်းများကို ခွင့်ယူ၍လစ်လပ်နေသော မူလတန်းကျောင်းများသို့ ဝန်ထမ်းအင်အား ယာယီဖြည့်တင်းမှုပြုလုပ်ရန် လုပ်ပိုင်ခွင့်ကို မြို့နယ်အဆင့် ပညာရေးမှူးများသို့ လုပ်ပိုင်ခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ခနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ၏ **နေပြည်တော်တွင် အဆင့်မြင့်တက္ကသိုလ်တစ်ခုကို နိုင်ငံ၏လိုအပ်ချက်၊ မြို့တော်အင်္ဂါ၏လိုအပ်ချက်နှင့် ပညာရေးဝန်ကြီးဌာန၏ လိုအပ်ချက်အားလျော်စွာ ဖွင့်လှစ်တည်ထောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့ကိုလည်း ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ဖြေကြားခဲ့သည်။

**ကျော်သူထက်(သတင်းစဉ်)**

# သဘာဝသယံဇာတမှ ထွက်ရှိနေသမျှကို ထင်သလိုထုတ်လုပ်နေမည်ဆိုပါက တစ်ချိန်ချိန်တွင် သဘာဝသယံဇာတများ ကုန်ခန်းသွားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုကို လွှတ်တော်ဥက္ကဋ္ဌက အသိပေးတင်ပြခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်း၏ **ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် (၁၂၀×၉၀)ပေ ဘက်စုံသုံး မိုးလုံလေလုံ အားကစားအဆောက်အအုံအသစ်တစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ချင်းပြည်နယ်တွင် အားကစားတိုးတက်မြင့်မားစေရေးအတွက် မြို့နယ်များတွင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်စေရန် အဆောက်အအုံများ တည်ဆောက်နေပါကြောင်း၊ ဟားခါးမြို့တွင် ဘက်စုံ (၁၂၀×၉၀)ပေ မိုးလုံလေလုံအားကစားကွင်းအသစ်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ရန်ပုံငွေတောင်းခဲ့သော်လည်း မရခဲ့ပါကြောင်း၊ လက်ရှိအားကစားကွင်းတွင် လစဉ်နေ့စဉ် လူမည်မျှလာ၍ မည်သည့်အားကစားများကို အများဆုံးပြုလုပ်သည်ကို လေ့လာခိုင်းမည်ဖြစ်ကြောင်း၊ အမှန်တကယ် အားကစားရုံတစ်ခုတည်းနှင့် လုံလောက်မှုမရှိလျှင် အားကစားရုံအသစ်ကို တည်ဆောက်ပေးမည်ဖြစ်ကြောင်း၊ လာရောက်ကစားသူနည်းပါက အသစ်ဆောက်လုပ်ပေးရန်အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးတိုက်နယ်ဆေးရုံအား အဆောက်အအုံအသစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆေးရုံတွင် လိုအပ်သည့် ဆရာဝန်အိမ်ရာ တစ်လုံး၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ နှစ်လုံးတို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တည်ဆောက်လျက်ရှိပါကြောင်း၊ ဆေးရုံတွင် လိုအပ်လျက်ရှိသည်များကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ သူနာပြုသုံးဦးခန့်ထားပြီး နှစ်ဦး ထပ်မံတောင်းခံသောကြောင့် ပြည်နယ်ဦးစီးမှူး ညှိနှိုင်းချက်အရ တစ်ဦးကို လျာထားပါကြောင်း၊ ခာတ်ခွဲလုပ်ငန်းဆိုင်ရာ ပစ္စည်းများကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ခွဲစိတ်ဆောင် တိုးချဲ့ပေးရန်အတွက် (၃၀×၃၀)ပေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်မွမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လူနာ နှစ်ထပ်ဆောင် ဆောက်လုပ်ပေးရန် တောင်းဆိုထားသော်လည်း မြေနေရာအသစ်နှင့် ဆေးရုံဆောက်လုပ်ရန်လျာထားပြီးဖြစ်၍ လောလောဆယ် ဆောက်ပေးနိုင်မှု မရှိသေးပါကြောင်း၊ ဆေးရုံအသစ်ဆောက်လျှင် လူနာ နှစ်ထပ်ဆောင်ကို ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။



တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦး



ရခိုင်ပြည်နယ်မဲဆန္ဒနယ်မှ ဦးမြင့်နိုင်



ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်မမလေး

ဆက်လက်၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေး၏ **ဆုံကုန်းကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ပေးနိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၄၈ ခုနှစ် ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အသိပေးတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦးက မိမိတို့နိုင်ငံတွင် တည်ဆဲဥပဒေများနှင့်မညီသည့် တရားမဝင် သယံဇာတတူးဖော်ထုတ်လုပ်နေမှုများ၊ သစ်နှင့် သစ်တောထွက်ပစ္စည်းအမျိုးမျိုး၊ ရေသယံဇာတအမျိုးမျိုးတို့ကို ခိုးယူထုတ်လုပ်နေမှုများလည်း ရှိနေပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၇)နှင့်အညီ သဘာဝသယံဇာတများနှင့် ပတ်သက်သည့် တည်ဆဲဥပဒေများသည် အားနည်းချက်ရှိပါက ဥပဒေအသစ် ထပ်မံရေးဆွဲသင့်ပါကြောင်း၊ မြန်မာ့ပင်လယ်ပြင်တွင် တန်ဖိုးကြီးမားသည့် ရေပေါ်ရေအောက်သယံဇာတများစွာရှိပါကြောင်း၊ လှပသည့်ကျွန်းစုများ၊ ကမ်းခြေများ၊ သန္တာကျောက်တန်းများ၊ ရှားပါးငါးမျိုးစိတ်များ ပါဝင်နေပါကြောင်း၊ ငါးခိုးဖမ်းခြင်း၊ နည်းစနစ်မမှန်သည့် ငါးဖမ်းစနစ်များ အသုံးပြုခြင်း၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများကို နည်းပေါင်းစုံဖြင့် ခိုးယူနေခြင်းကြောင့် နိုင်ငံပိုင်သယံဇာတများ ပျက်စီးဆုံးရှုံးနေရပါကြောင်း၊ သဘာဝသယံဇာတပစ္စည်းများ လေလွင့်ပျက်စီးဆုံးရှုံးနေခြင်းကို တားဆီးကာကွယ်ရန်အတွက် ပြည်ထောင်စုအစိုးရတစ်ခုတည်း ဆောင်ရွက်နိုင်မည်မဟုတ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့်အတူ ဒေသခံပြည်သူလူထု၊ တပ်မတော်နှင့်

**စာမျက်နှာ ၈ သို့ ☆**

# ဖက်ဒရယ်နှင့် (၂၁) - ရာစုပင်လုံ

## မောင်ခိုင်မာ(အထက်မင်းလှ)

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်သည် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄) ရပ်ကို ချမှတ်ထားသည်။ ၎င်းတို့အနက် အမှတ်စဉ် (၃)တွင် "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံမှသည် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး" ဟူသည့် အချက်ပါဝင်သည်။

**ဖက်ဒရယ်ပြည်ထောင်စု**

"ဖက်ဒရယ်" ဟူသော ဝေါဟာရသည် စာရေးသူတို့နိုင်ငံအတွက် ထိလွယ်ရှလွယ်သည်ဟု မှတ်ယူထားပြီး သမိုင်းနှင့်ချီ၍ ငြင်းခုံနေရသော ဝေါဟာရဖြစ်သည်။ ဖက်ဒရယ်စကားကြားလိုက်ရလျှင် ထိတ်ထိတ်ပျာပျာဖြင့် စကားလုံးတစ္ဆေခြောက်ခံရသည်။ ယနေ့ကမ္ဘာကြီးဝယ် နိုင်ငံအတော်များများ သည် ယင်းတို့၏ ပကတိအခြေအနေပေါ်မူတည်ပြီး ဖက်ဒရယ်နိုင်ငံအဖြစ် တည်ဆောက်နေကြသည်ဖြစ်၏။ စာရေးသူတို့နိုင်ငံတွင်လည်း (၂၁)-ရာစု ပင်လုံမှသည် ဖက်ဒရယ်ပြည်ထောင်စုဆီသို့ အရောက်လှမ်းရန် စီမံစိုင်းပြင်း နေပြီဖြစ်သည်။ သို့သော် မည်သည့်ဖက်ဒရယ်ပုံစံဖြင့် သွားမည်နည်း၊ အတူ ယှဉ်တွဲနေထိုင်ရေးလော၊ အတူပေါင်းစည်းရေးလော ရွေးချယ်ကြရမည်ဖြစ်၏။ မည်သည့်ပုံစံဖြစ်စေ ဖက်ဒရယ်၏အနှစ်ချုပ်မှာ ပေါင်းစည်းမှုနှင့်ခွဲဝေမှု (နှစ်ဦးနှစ်ဖက်အပြန်အလှန် လေးစားအသိအမှတ်ပြုပြီး နိုင်ငံတော်အား အတူတကွ ပေါင်းစည်းထူထောင်ခြင်း၊ နိုင်ငံတော်အာဏာကို အဆင့်ဆင့်ခွဲဝေ ကျင့်သုံးခြင်း)ပင် မဟုတ်ပါလော။

**ဖက်ဒရယ်နှင့် ခွဲထွက်ခွင့်**

ဖက်ဒရယ်ဆိုလျှင် ခွဲထွက်ခြင်းသဘောကို ထည့်သွင်းစဉ်းစား ပြောဆိုကြသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ကြုံတွေ့ခဲ့ရသော "ခွဲထွက်ရေး" ဖြစ်၏။ ဗိုလ်ချုပ်ကြုံတွေ့ခဲ့ရသော "ခွဲထွက်ရေး" ၏ အဓိကလက်သည်မှာ နယ်ချဲ့၏သွေးခွဲအုပ်ချုပ်ရေးစနစ် ဖြစ်၏။ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ စီရင်မှုအက်ဥပဒေ (The Government Burma Act 1935)နှင့် "စက္ကူဖြူစာတမ်း" ကိုကြည့်လျှင် အထင်းသား တွေ့ရပေမည်။ နယ်ချဲ့ဗြိတိသျှအနေဖြင့် မလွဲမရှောင်သာ မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရသည်ရှိသော် တောင်တန်းဒေသကို ချန်လှပ်ပြီး သွေးခွဲ အုပ်ချုပ်ရန်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးစုများကို ဗမာနှင့် အနေဝေးအောင်၊ သံသယဝင်အောင် စီမံအုပ်ချုပ်သဖြင့် တိုင်းရင်းသား ခေါင်းဆောင်များက နယ်ချဲ့တို့သွေးထိုးသည့်အတိုင်း ဗမာလူမျိုးကြီးဝါဒ ကျင့်သုံးလိမ့်မည်ဟု စိုးရိမ်စိတ်ဝင်ကြသည်။ သို့အတွက် မိမိတို့လူမျိုး အနှိမ်မခံရစေရေးအတွက် လက်နက်ကောင်းအဖြစ် မြန်မာပြည်မနှင့် ပူးပေါင်းရမည်ဆိုပါက ခွဲထွက် ခွင့်ပေးရန် တောင်းဆိုခြင်းဖြစ်၏။ ဗိုလ်ချုပ်သည် ခွဲထွက်ရေးကို မလိုလား သော်လည်း အခြေအနေအရ တောင်တန်းဒေသနှင့် မြန်မာပြည်မတို့ ပူးပေါင်း၍ လွတ်လပ်ရေးရယူရန် ရည်ရွယ်ချက်နှင့် အင်အားတောင့်တင်း သော ပြည်ထောင်စုနိုင်ငံဖြစ်ပေါ်ရေး ရည်ရွယ်ချက်များဖြင့် ယင်းတို့၏ တောင်းဆိုမှုများကို ယတိပြတ်ပယ်မချခဲ့ပါ။ သို့သော် **"ခင်ဗျားတို့က ပြည်ထောင်စုဖွဲ့ဖို့ မူအရတောင်မှ သဘောမတူရသေးခင် ခွဲထွက်ရေးပြော တာတော့ မကောင်းဘူးပေါ့ဗျာ"** ဟု ပြောဆိုခဲ့ကြောင်း သိရသည်။

ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်း၏ တာဝန်ပေးချက်အရ နယ်ခြား တောင်တန်းသားများ၏ ဥပဒေအကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင် ခဲ့ရသော တရားလွှတ်တော် တရားဝန်ကြီးချုပ်(အငြိမ်းစား)အဂ္ဂမဟာ သရေ စည်သူ ဦးမြင့်သိန်း၏ ပြန်လည်ပြောကြားချက်များအရ "ရှမ်းနှင့် ကချင် ခေါင်းဆောင်များက အခြေခံဥပဒေမှာ ခွဲထွက်ခွင့် အပိုဒ်မပါလျှင် မြန်မာပြည် နှင့် ပေါင်းရန်မလွယ်ဟု ပြောသည့်အပေါ် ဗိုလ်ချုပ်က အံ့အားသင့်ပြီး **"ခင်ဗျားတို့ဗျာ မိန်းမတောင်းတဲ့အခါ "ကွာ"စကားလာမပြောသင့်ဘူး"** ဟု ပြောကြားကြောင်း၊ စော်ဘွားကြီး(မိုင်းပွန်စော်ဘွား)နှင့် ဆမားဒူးဝါးကြီး (ဆမားဒူးဝါးဆင်ဝါးနောင်)တို့က "မသင့်တော်သည်မှာ မှန်ကန်ပါကြောင်း၊ သို့ရာတွင် ၎င်းတို့မှာ ပြဿနာဖြစ်နေ၍ ဗိုလ်ချုပ်အနေဖြင့် ခွဲထွက်ခွင့် အပိုဒ်ကို အခြေခံဥပဒေတွင် ထည့်သွင်းပေးစေလိုသည်" ဟု ပြောကြကြောင်း၊ သို့သော် ဗိုလ်ချုပ်က ဦးမြင့်သိန်းကို "ဖြစ်နိုင်လျှင် ရှမ်းနဲ့ ကချင်ကို ပြည်ထောင်စုမှခွဲထွက်ရန် အပိုဒ်ကို မထည့်ဖို့ပြောပေးဖို့" တာဝန်ပေးရာ ဦးမြင့်သိန်းက "၎င်းအနေဖြင့် အထူးကြိုးစားမည်ဖြစ်ကြောင်း၊ အကယ်၍ မအောင်မြင်ခဲ့သော် မည်သို့ဆက်လုပ်ရမည်ကို ဗိုလ်ချုပ် သဘောထားကို အမိန့်ရှိပါ"ဟု ပြောသောအခါ ဗိုလ်ချုပ်က "မရလည်းပြီးရောပေါ့၊ အရေးကြီး တာမှမဟုတ်ဘဲ၊ အခြားနိုင်ငံက အခြေခံဥပဒေတွေမှာလည်း ပါတာပဲ၊ ဒီအပိုဒ်ကို ဘယ်တိုင်းပြည်မှာမှ အသုံးပြုခဲ့တယ်လို့ မရှိခဲ့ဘူး၊ လိုလိုငြားငြား ထည့်ထားတဲ့ အပိုဒ်ဖြစ်တယ်။ ကျွန်တော်သဘောတူခဲ့တာကို ဖဆပလအဖွဲ့ချုပ်က လက်ခံဆောင်ရွက်ပါ့မယ်" ဟု ပြောကြားကြောင်းများကို သိရပါသည်။

ထို့ပြင် အထက်တွင် တင်ပြခဲ့သည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းသည် စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးကို ရှေးရှု၍ တိုင်းရင်းသားလူမျိုးစုများ၏ လိုလားချက်များနှင့်ပတ်သက်ပြီး မိမိဘက်မှ လိုက်လျောနိုင်သည်ကို လိုက်လျောခဲ့သည်။ ထိုသို့ လိုက်လျောရခြင်းနှင့် ပတ်သက်၍ ဗိုလ်ချုပ်၏သဘောထားကို ၂-၇-၁၉၄၇ ရက်စွဲဖြင့် ဗိုလ်ချုပ်၏ ဦးဗဆွေနှင့် ဦးဖေခင်တို့ထံ ပေးစာတွင် " ကနေ့ ဂျင်းဖောများနှင့်အစည်းအဝေးကို ခင်ဗျားတို့ပဲ ဆက်လက်ဆွေးနွေးကြပါ၊ ကျွန်တော် မပါတော့ဘူး၊ အရင်က ပြောထားတာ ဒါထက်လျှော့လို့မဖြစ်တော့ဘူး၊ အခုလျှော့တာတောင် တိုင်းပြည် က ဘာပြောဦးမယ်မသိဘူး၊ ပြီးတော့ ဒီလိုပေးတယ်ဆိုတာလည်း တစ်ဦးနဲ့ တစ်ဦး ပေါင်းမယ်ဆိုလို့ ပေးတာပဲ"ဟု ဖော်ပြထားကြောင်း၊ တိုင်းပြုပြည်ပြု လွှတ်တော် တတိယအကြိမ် ညီလာခံက အတည်ပြုလိုက်သော ၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် ခွဲထွက်ခွင့်သည် အခန်း ၁၀ အနေဖြင့် ပါဝင်ခဲ့ကြောင်း၊ မူလဆွေးနွေးစဉ်က ခွဲထွက်ခွင့်ရှိသော ပြည်နယ်များတွင် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့ ပါဝင်သော်လည်း နောက်ပိုင်း အပိုင်း ၂ ဒေသများ (ဗန်းမော်နှင့် မြစ်ကြီးနားခရိုင် မြေပြန့်ဒေသ)ကို ကချင်ပြည်နယ်သို့ ထည့်ပေး လိုက်ရသဖြင့် အပြန်အလှန် သဘောဖြင့် ကချင်တိုင်းရင်းသားတို့က ခွဲထွက်ခွင့် ကို စွန့်လွှတ်ရန် သဘောတူလိုက်ရပြီး တိုင်းပြုပြည်ပြုလွှတ်တော် တတိယ ညီလာခံတွင် ကရင်နီ(ကယားပြည်နယ်) ပေါ်ပေါက်လာရာ ခွဲထွက်ခွင့်ကို ကယားပြည်နယ်က ရရှိသဖြင့် ခွဲထွက်ခွင့်ရရှိသော ပြည်နယ်များမှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့သာ ကျန်ရှိတော့ကြောင်းများကို ဆရာကြီး ဒေါက်တာကျော်ဝင်း (ပါမောက္ခ-ငြိမ်း) ၏ "၁၉၄၇ ခုနှစ် အခြေခံဥပဒေနှင့် ခွဲထွက်ခွင့် ပြဿနာများ" စာတမ်း၊ ပြန်ကြားရေးဝန်ကြီးဌာန "နိုင်ငံရေးစာပေ စာတမ်းများ ပထမတွဲ" တွင် လေ့လာဖတ်ရှုရပါသည်။

**၂၁-ရာစုပင်လုံအစည်းအဝေးများ**

နိုင်ငံတော်အစိုးရအနေဖြင့် "အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးမူဝါဒ(လမ်းပြမြေပုံ) (၇) ရပ်"ကို ချမှတ်ထားပြီး ယင်းလုပ်ငန်းစဉ်အတိုင်း (၂၁)-ရာစုပင်လုံညီလာခံများကို ကျင်းပလျက်ရှိရာ ပထမအစည်းအဝေးကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၃ ရက်နေ့အထိ ကျင်းပခဲ့သည်။ ဒုတိယအစည်းအဝေးကို ၂၀၁၇ ခုနှစ် မေလ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့ပြီး ပြည်ထောင်စုစာချုပ်၏ အစိတ်အပိုင်း(၁)အဖြစ် မူဝါဒအဆိုပြုချက် ၃၇ ချက်ကို ဘုံသဘောတူညီချက်အဖြစ် ချမှတ်နိုင်ခဲ့သည်။ ယင်းဒုတိယအစည်းအဝေး၏ မေလ ၂၈ ရက်နေ့ အစည်းအဝေးတွင် "ခွဲမထွက်ရေး"၊ "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်"နှင့် "ကိုယ်ပိုင် အခြေခံဥပဒေ" သဘောတူညီချက်များမရခဲ့ပေ။ နိုင်ငံရေးဆွေးနွေးပွဲမပျက် စေရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "စိတ်ဓာတ်မကျပါနဲ့၊ ညီလာခံက ဒီတစ်ကြိမ်တည်း မပြီးသေးပါဘူး၊ နောက်ညီလာခံတွေရှိပါသေး တယ်" ဟု နှစ်သိမ့်အားပေးခဲ့ရကြောင်း သိရသည်။ ယခုအခါတွင် (၂၁)-ရာစု ပင်လုံ တတိယအစည်းအဝေးကို ယခု (ဖေဖော်ဝါရီ)လတွင် ကျင်းပရန် ရှိကြောင်း သိရသည်။ တစ်ဆက်တည်းမှာပင် ညီညွတ်သောတိုင်းရင်းသားလူမျိုး များ ဖက်ဒရယ်ကောင်စီ (UNFC)အဖွဲ့ဝင်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များဖြစ်သည့် မွန်ပြည်သစ်ပါတီ (NMSP)နှင့် လားဟူ ဒီမိုကရက်တစ် အစည်းအရုံး (LDU)တို့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် ပါဝင်လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ၂၃-၁-၂၀၁၈ ရက်နေ့က သဘောထားထုတ်ပြန်ခဲ့ပြီး ယခုအခါ ၁၃-၂-၂၀၁၈ ရက်နေ့ တွင် တရားဝင်လက်မှတ်ရေးထိုးတော့မည်ဟူသည့် မင်္ဂလာသတင်းကို ကြားသိနေရပါသည်။ ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ ကလည်း NCA လက်မှတ်ရေးထိုးကြပြီး (၂၁)-ရာစုပင်လုံညီလာခံ များမှတစ်ဆင့် တိုင်းရင်းသားလူမျိုးများ၏ ပကတိလိုအပ်ချက်များနှင့် အာဏာ ခွဲဝေကျင့်သုံးရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဘဏ္ဍာငွေစီမံခန့်ခွဲရေး အစရှိသည်တို့ကို ညှိနှိုင်းဆွေးနွေး ကြပြီး ဘုံသဘောတူညီချက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် အခြေအနေ က တောင်းဆိုနေပြီဖြစ်ပါသည်။ ယခုပင်လျှင် အတော်နောက်ကျနေပါပြီ။ ထို့ကြောင့် ဆရာဇေယျသူက "မြန်မာနိုင်ငံသည် သမိုင်းတွင် အကြိမ်ကြိမ် နောက်ကျခဲ့ပြီးဖြစ်သည်"ဟု ဆိုသည်။

**ဘုံသဘောတူညီချက်များ ထပ်မံချမှတ်နိုင်ပါစေကြောင်း**

(၂၁)-ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် "နိုင်ငံတော်အစိတ်အပိုင်း မှန်သမျှသည် မည်သည့်အချိန်မှ နိုင်ငံတော်က ခွဲထွက်ခွင့်မပြုရ"ဟူသည့် အချက်အပေါ် သဘောထားအယူအဆကွဲလွဲခဲ့ကြသည်။ ဤအချက်က တိုင်းရင်းသားများအပေါ် သံသယစိတ်ဝင်ခြင်းဖြစ်သည်ဟု ယူဆပြောဆို သူများရှိသကဲ့သို့ ခွဲထွက်ဖို့မှ ရည်ရွယ်ချက်မရှိလျှင် စကားလုံးပညတ်အပေါ် အကောက်အယူလွဲစရာမရှိဟု ပြောဆိုသံများကိုလည်း ကြားရသည်။ အနှစ်ချုပ်အားဖြင့် ဆိုရပါလျှင် (၂၁)-ရာစုပင်လုံ ဒုတိယအစည်းအဝေး၌ လိပ်ခဲတည်းလည်း အချေအတင်ဆွေးနွေးခဲ့ရသော "ခွဲထွက်ခြင်းမပြုရ" ဟူသည့်အချက်ကို လာမည့် တတိယအစည်းအဝေးတွင် အောင်မြင်စွာ ဆွေးနွေးညှိနှိုင်းသဘောတူညီချက်ရရှိပြီး တစ်ပြိုင်နက်တည်းမှာပင် ဒီမိုက ရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်တည်ရေးအတွက် လိုအပ်သည့် ဘုံသဘောတူညီချက်များလည်း ထပ်မံချမှတ်နိုင်ကြပါစေကြောင်း (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယတွင် ဆုမွန်ကောင်းတောင်းအပ်ပါ သည်။ ။

**ကိုးကား။ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးစာပေစာတမ်းများ(ပထမတွဲ)**

**"စာရေးသူတို့နိုင်ငံတွင်လည်း (၂၁)-ရာစု ပင်လုံမှသည် ဖက်ဒရယ်ပြည်ထောင်စုဆီသို့ အရောက်လှမ်းရန် စီမံစိုင်းပြင်းနေပြီဖြစ်သည်။ သို့သော် မည်သည့်ဖက်ဒရယ် ပုံစံဖြင့် သွားမည်နည်း၊ အတူယှဉ်တွဲနေထိုင်ရေးလော၊ အတူပေါင်းစည်းရေးလော ရွေးချယ်ကြရမည်ဖြစ်၏။ မည်သည့်ပုံစံဖြစ်စေ ဖက်ဒရယ်၏ အနှစ်ချုပ်မှာ ပေါင်းစည်းမှုနှင့် ခွဲဝေမှု (နှစ်ဦးနှစ်ဖက်အပြန်အလှန် လေးစားအသိအမှတ်ပြုပြီး နိုင်ငံတော်အား အတူတကွ ပေါင်းစည်းထူထောင်ခြင်း၊ နိုင်ငံတော်အာဏာကို အဆင့် ဆင့် ခွဲဝေကျင့်သုံးခြင်း)ပင် မဟုတ်ပါလော"**

---

### ပြည်ထောင်စုအတွက် နှိုးဆော်ချက်

❋ တိုင်းရင်းသားစုံ ပေါင်းဆုံပြု
စည်းလုံးညီညွတ်မှုအခြေခံ။
❋ ပြည်ထောင်စု ငြိမ်းချမ်းရေး
မျှော်တွေးရှုပြန်။
❋ (၂၁) ရာစု ပင်လုံညီလာခံ
မြန်မာနိုင်ငံအတွက် ပန်းခင်းလမ်း။
❋ အရေးကြီးသွေးစည်းလို့
အရေးပေါ်သွေးတော်လို့
အရေးကြုံသွေးဆုံလို့
အရေးရောက်သွေးသောက်လို့
တစ်မြေတည်းနေ တစ်ရေတည်းသောက်မို့
ရှေ့ဆက်လျှောက်လှမ်း။
❋ တိုင်းရင်းသားညီနောင်ထု၏
ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ်။
❋ ရှင်သန်ကာနိုးကြားစေရေး
အမျိုးသားရေးအသွင်။
❋ တွဲလက်ထုံးခိုင်စေချင်
မြန်မာပြည်တစ်ခွင် ဖွံ့ဖြိုးတိုးတက်ရေး။
❋ တိုင်းရင်းသား ညီနောင်ထုတို့
ရိုင်းပင်းအားတည်ထောင်ပြုလို့
ပြည်ထောင်စုအမွေအနှစ်မို့ . . . . .
ချစ်မြတ်စိတ်မွေး။ ။

(၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်

မြင့်မိုရ်ဦး(ပဲခူး)

# ဖုံးကွယ်နေသည့် အမှန်တရားတချို့ ပေါ်ထွက်လာချိန်

## အယ်ဒီတာတစ်ဦး

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာနိုင်ငံဘက်မှ နေရပ်စွန့်ခွာထွက်ပြေးလာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ နှစ်နိုင်ငံ သဘောတူညီချက်များအရ မြန်မာနိုင်ငံဘက်မှ ပြန်လည်လက်ခံရန် အဆင်သင့်ဖြစ်နေချိန်၊ ဘင်္ဂလားဒေ့ရှ်ဘက်တွင်မူ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) နှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်ကို ဇန်နဝါရီ ၂၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီးနောက် ဒုက္ခသည်များ ပြန်လည်ပို့ဆောင်မည့် အစီအစဉ်ကို ရွှေ့ဆိုင်းလိုက်သည်။

**ယာယီလက်ခံမည့်စခန်းများဖွင့်ကာစောင့်ဆိုင်း**

ရေလမ်း၊ ကုန်းလမ်းတို့မှ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ယာယီလက်ခံမည့်စခန်းများဖွင့်ကာ မြန်မာဘက်မှ အသင့်စောင့်ဆိုင်းနေပြီဖြစ်သည့်တိုင် တစ်ဖက်နိုင်ငံတွင်မူ လိုအပ်ချက်များရှိနေမှုနှင့် ပြင်ဆင်ရန်များ ရှိနေမှုတို့ကြောင့်ဟုဆိုကာ နှစ်နိုင်ငံသဘောတူညီခဲ့သည့် ဇန်နဝါရီ ၂၃ ရက်တွင် ဒုက္ခသည်တစ်ဦးတစ်ယောက်ကိုမျှ ပြန်လည်မပို့နိုင်ခဲ့။ ဒီအခြေအနေများမှာပင် မြန်မာနိုင်ငံဘက်က နေရပ်စွန့်ခွာသူ အရေအတွက် အနည်းငယ်တို့က ဘင်္ဂလားဒေ့ရှ်ဘက်သို့ ဆက်လက်သွားရောက်နေကြဆဲဖြစ်ကာ နိုင်ငံတကာအသိုင်းအဝိုင်းကမူ ပြန်လည်လက်ခံရေးအစီအစဉ်များနှင့်စပ်လျဉ်း၍ ၎င်းတို့ ပြဋ္ဌာန်းထားသည့် တောင်းဆိုချက်များဖြင့် မြန်မာနိုင်ငံအပေါ် ဆက်လက်ဖိအားပေးမှု ပြုလုပ်လျက်ရှိနေသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဖေဖော်ဝါရီ ၃-၄ ရက်က ကမ္ဘာကျော် အမေရိကန်သတင်းစာကြီး တစ်စောင်ဖြစ်သည့် The New York Times ၏ မျက်နှာဖုံးတွင် ဖော်ပြထားသည့် သတင်းဓာတ်ပုံ၏ ပုံစာသည်လည်းကောင်း၊ အတွင်းစာမျက်နှာ ကမ္ဘာ့ရေးရာကဏ္ဍတွင် ဖော်ပြခဲ့သည့် သတင်းဆောင်းပါးသည်လည်းကောင်း၊ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မောင်တောဒေသအရေးနှင့် စပ်လျဉ်း၍ ကမ္ဘာ့မီဒီယာ (အထူးသဖြင့် အနောက်နိုင်ငံမီဒီယာ) များမှ ရေးသားဖော်ပြနေကျပုံစံများနှင့် မတူဘဲ မူကွဲနေခဲ့သည်။ ရေးသူမှာ နယူးယောက်တိုင်းမ်သတင်းစာ၏ ဗန်ကောက်အခြေစိုက် အရှေ့တောင်အာရှ ဗျူရိုအကြီးအကဲ သတင်းစာဆရာမ ဟန်နာဘီးခ်ျဖြစ်သည်။

မောင်တောဒေသအရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာမီဒီယာများတွင် ရေးရိုးရေးစဉ်ဖြစ်ရပ်များ(ယင်းဖြစ်ရပ်များမှာလည်း ဒုက္ခသည်ဆိုသူများ၏ နှုတ်ထွက်ပြောစကားသက်သက်မျှသာ)နှင့် မြန်မာ့တပ်မတော်မှ ကျူးလွန်ခဲ့သည်ဆိုသော အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ၊ အဓမ္မပြုကျင့်မှုများ၊ ကျေးရွာများကို မီးရှို့မှုများစသည့် စွပ်စွဲချက်များ မှန်ကန်မှုရှိ၊ မရှိ စတင်စူးစမ်းလာသည့်အနေအထားကို ဟန်နာဘီးခ်ျ၏ သတင်း၊ ဆောင်းပါးတွင် တွေ့ရှိရသည်။ တစ်နည်းအားဖြင့် သူ၏သတင်းဆောင်းပါးသည် တစ်ဖက်နိုင်ငံရောက် ဒုက္ခသည်ဆိုသူများ၏ အတွင်းရေးဇာတ်လမ်းအချို့လည်းဖြစ်သည်။ သာမန်အားဖြင့်ဆိုလျှင် သတင်းထောက်များအနေဖြင့် ဒုက္ခသည်စခန်းတာဝန်ခံများက ရွေးချယ်ပေးတွေ့လေ့ရှိကြသည့် ဇာတ်နာအောင်ပြောတတ်သူများထံမှ ကြားရသမျှကိုပင် အချက်အလက်မှန်များအဖြစ် သတင်းလုပ်ကာ မီဒီယာပေါ်တင်ကြမြဲ။

**ရုပ်ပုံကားချပ်တစ်ခုသည်လည်း သတင်းတစ်ပုဒ်ဖြစ်**

သို့ဖြင့် ဒုက္ခသည်ကလေးတစ်ဦးက ရေးဆွဲပြသည့် ရုပ်ပုံကားချပ်တစ်ခုသည်လည်း သတင်းတစ်ပုဒ်ဖြစ်လာခဲ့သလို သားသည်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၏ ဘေးဒုက္ခကို ရင်ဆိုင်ကြုံတွေ့နေရဟန် ဓာတ်ပုံ၊ ရုပ်ရှင်ပုံတို့ကလည်း မြင်ရ၊ ကြားရသူတို့၏ စိတ်နှလုံးကို ဆွဲကိုင်လှုပ်ခါစေနိုင်သော အကောင်းဆုံးသက်သေများဖြစ်လာခဲ့ကြသည်။ သို့ရာတွင် ယင်းအသွင်သဏ္ဌာန်တို့၏နောက်ကွယ်မှ ဖုံးကွယ်နေသော အမှန်တရားများကို တူးဆွဖော်ထုတ်ရန်မူ မည်သည့်မီဒီယာကမျှ စိတ်ဝင်စားခြင်း မရှိခဲ့ကြ။

ဟန်နာဘီးခ်ျသည်ပင်လျှင် နယူးယောက်တိုင်းမ်မှ အယ်ဒီတာ၏ တာဝန်ပေးချက်အရ ဘင်္ဂလားဒေ့ရှ်မှ ဒုက္ခသည်စခန်းသို့ သွားရောက်ကာ အတွင်းကျကျ လေ့လာစုံစမ်းရေးသားခဲ့ခြင်းဖြစ်သည်။ သူ့ကို တာဝန်ပေးခဲ့သည့် အယ်ဒီတာက မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရက်စက်ကြမ်းကြုတ်သည့် လုပ်ရပ်များအကြောင်း၊ ဒုက္ခသည်များ ခံစားကြရသည့် ဒုက္ခဇာတ်လမ်းများအကြောင်းတို့ မည်မျှမှန်ကန်မှု ရှိ၊ မရှိ သိလိုခဲ့သည်ဟု ဆိုသည်။ မည်သို့ပင်ဆိုစေ ဟန်နာဘီးခ်ျ၏ သတင်းဆောင်းပါးမှတစ်ဆင့် ဒုက္ခသည်စခန်း၏ သဘောသဘာဝအချို့ကို မိမိတို့သိရှိခွင့်ရခဲ့သည်။

**သူ့ထက်ငါ ဇာတ်နာသည်ထက် နာပြ**

ကူညီကယ်ဆယ်ရေးအဖွဲ့အစည်းများ၏ ပေးကမ်းဝေငှမှုကို ဦးစားပေးရရှိနိုင်ရန်အတွက် သူ့ထက်ငါ ဇာတ်နာသည်ထက် နာပြနေကြသူများ၊ ငိုနေသည့်ကလေးများကို ချီထားသော သားသည်မိခင်များကို အသုံးချကာ ကယ်ဆယ်ရေးပစ္စည်းများရရန် ကြိုးပမ်းကြပုံများကိုလည်း ရုပ်ရှင်မြင်ကွင်းတစ်ခုသဖွယ် တွေ့မြင်လာရသည်။

သူ၏ သတင်းဆောင်းပါးမှ ဇာတ်ကောင်တစ်ကောင်မှာ ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းတွင် နှစ်ပေါင်းများစွာနေထိုင်ကာ ဘင်္ဂလားဒေ့ရှ်ဘက်တွင် ဇနီးနှစ်ဦးနှင့် မြန်မာဘက်တွင် ဇနီးတစ်ဦးရှိသော ဆိုယွတ်ဟူစိန်ဆိုသူတစ်ဦးဖြစ်သည်။ သူက မြန်မာဘက်မှ ဇနီးဖြစ်သူ မွေးသည့် သမီးလေးဦးကို မိဘမဲ့တူမများအဖြစ် ဒုက္ခသည်စခန်းတွင် လိမ်လည်စာရင်းသွင်းထားသူဖြစ်ပြီး မိန်းကလေးများ၏ မိဘနှစ်ဦးမှာ မြန်မာနိုင်ငံတွင် အသတ်ခံခဲ့ရကြောင်း လုပ်ဇာတ်ခင်းထားခဲ့သည်။ ဆိုယွတ်ဟူစိန်မှာ ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းတွင် နှစ်ရှည်လများ နေထိုင်ပြီး ဇနီးသုံးယောက်ယူထားခဲ့သည့်အပြင် မြန်မာနိုင်ငံဘက်တွင် ရှိနေသည့် အသက်(၁၂)နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကိုပင် မျက်စိကျကာ လက်ထပ်လိုနေသေးသူဖြစ်သည်ဟုလည်း ဆိုသည်။

ဟန်နာဘီးခ်ျ၏ သတင်းဆောင်းပါးတွင် ပါဝင်သည့် နောက်ထပ်ဇာတ်ကောင်တစ်ကောင်မှာ နူးရ်ရှုတ်အမည်ရှိ အသက် (၉)နှစ်အရွယ် ယောကျာ်းလေးတစ်ဦးဖြစ်သည်။ သူ့မိဘများကို မြန်မာစစ်သားများက အိမ်အနီးရှိ သစ်ပင်တွင် ကြိုးဆွဲချသတ်ခဲ့ကြောင်း၊ သူကိုယ်တိုင်ကမူ ပလတ်စတစ်ပုံးတစ်ပုံးဖြင့် မြစ်ကိုဖြတ်ကူးလာခဲ့ကြောင်း ဇာတ်လမ်းဆင်ပြောပြသည်။ သူ၏ အဘိုးနှင့်အဘွားလည်း မြန်မာစစ်တပ်က သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်ဟုဆိုသည်။

သို့ရာတွင် စစ်စစ်ပေါက်ပေါက် မေးသောအခါ သူ့စကားတို့ ရှေ့နောက်မညီတော့။ လိမ်ညာပြောဆိုမှုတို့လည်း ပေါ်လာသည်။ နူးရ်ရှုတ်နေခဲ့သည်ဆိုသည့် ရွာမှ ရွာသားများကို ရှာဖွေမေးမြန်းရာတွင်မူ ၎င်းတို့ရွာတွင် ရွာသားတစ်ဦးတလေမျှ သတ်ဖြတ်ခံရမှုမရှိကြောင်း တညီတညွတ်တည်း ဖြေကြားခဲ့သည်ဟု ဆောင်းပါးရှင်က ဆိုသည်။ စင်စစ် နူးရ်ရှုတ်အမည်ရှိ (၉)နှစ်အရွယ် ထိုကလေးသည် မြန်မာနိုင်ငံဘက်မှ ဖြစ်သည်ဟု ဆိုရန်ပင် မသေချာ။

**ပဋိပက္ခများ၏ သမိုင်းကြောင်း နောက်ခံ**

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များနှင့် နောက်ဆက်တွဲဖြစ်ရပ်များနှင့် စပ်လျဉ်း၍ သတင်းများရေးသားကြရာတွင် နိုင်ငံတကာသတင်းဌာနများမှ သတင်းသမားများ လျစ်လျူရှုခဲ့သော အချက်အလက်များစွာ ရှိခဲ့သည်။ မောင်တောဒေသ ပဋိပက္ခများ၏ သမိုင်းကြောင်းနောက်ခံ၊ ဒေသခံတိုင်းရင်းသားများ ခံစားခဲ့ကြရသည့် ပျက်စီးဆုံးရှုံးနစ်နာမှုများ၊ ဒေသခံတိုင်းရင်းသားများ၏ ခံစားချက်များ စသည်တို့မှာ မည်သည့်သတင်းဌာန၏ စိတ်ဝင်တစားအလေးထားမှုကိုမှ မခံရ။

ထို့အပြင် လတ်တလောဖြစ်ရပ်များအပေါ်မှာပင်လျှင် ဘက်လိုက်ရေးသားမှုများရှိသည်ဟု မြန်မာပြည်သူများက ရှုမြင်ထားကြသည်။ နိုင်ငံတကာ မီဒီယာများ၏ လက်စွမ်းပြမှုများကြောင့် ရခိုင်ဒေသအကြမ်းဖက်မှုဟုဆိုလျှင် ကမ္ဘာ့အမြင်၌ မူလအကြမ်းဖက်သူများမှာ မှိန်ပျောက်သွားပြီး "မြန်မာစစ်တပ်နှင့် ဗုဒ္ဓဘာသာလူရမ်းကားများ"ကြောင့်ဟု မြင်လာကြသည်။ အနောက်နိုင်ငံများမှ နိုင်ငံရေးအသိုင်းအဝိုင်း၊ ပညာရှင်အသိုင်းအဝိုင်း၊ မီဒီယာအသိုင်းအဝိုင်းများသို့ ဘင်္ဂါလီအရေးတက်ကြွလှုပ်ရှားသူများက အချိန်ကာလများစွာကပင် ကြိုတင်လော်ဘီလုပ်ခဲ့ပြီးဖြစ်သည့် အားလျော်စွာ အချိန်ကိုက်ပေါ်ပေါက်လာသည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနောက်တွင် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ထက်ကြပ်မကွာ လိုက်ပါလာခဲ့ကြပြီး ဒီမိုကရေစီစနစ် ခိုင်မြဲအောင်ထူထောင်ခါစ မိမိတို့နိုင်ငံကို ဖိအားပေါင်းစုံ ပေးခဲ့ကြခြင်းဖြစ်သည်။

စင်စစ်အားဖြင့် ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများ၊ သတ်ဖြတ်မှုများ၊ ထွက်ပြေးတိမ်းရှောင်မှုများ စသည်တို့မှာ ပြဿနာတစ်ရပ်၏ အပေါ်ယံမျှသာဖြစ်သည်။ ပင်လယ်ထဲမျောနေသော ရေခဲတုံးကြီး၏ ရေပေါ်ပေါ်နေသော ထိပ်ပိုင်းမျှသာဖြစ်ပြီး မမြင်ရသည့် အောက်ပိုင်းမှာမူ အဆပေါင်းများစွာ ကြီးမားသည့် ထုထည်ကြီး ရှိနေသကဲ့သို့ပင် ဖြစ်သည်။ မောင်တောဒေသဖြစ်စဉ်များကို အမှန်အတိုင်း ပကတိဖြစ်စဉ်အတိုင်းသိရန်၊ နောက်ကွယ်မှ ကြိုးကိုင်စေစားနေသည့် အင်အားစုများကို ဖော်ထုတ်နိုင်ရန်အတွက်ဆိုလျှင်မူ အမှန်တကယ်သိလိုသောဆန္ဒနှင့် လက်ကုန်နှိုက်တူးဆွနိုင်မှသာ ဖြစ်နိုင်လိမ့်မည်။

**အချိန်များစွာ နောက်ကျပြီးမှ ပေါ်ပေါက်လာ**

ယခု ဟန်နာဘီးခ်ျရေးသားခဲ့သည့် နယူးယောက်တိုင်းမ် သတင်းစာပါ သတင်းဆောင်းပါးသည်ပင် အချိန်များစွာနောက်ကျပြီးမှ ပေါ်ပေါက်လာသည့် အယ်ဒီတာတစ်ဦး၏ သံသယနှင့်သိလိုစိတ်ကို အရင်းခံကာ ပေါ်ထွက်လာရခြင်းဖြစ်သည်။ မိမိတို့အလိုရှိရာ ရှုထောင့်မှ ချဉ်းကပ်ပြီး သတင်းတစ်ပုဒ်ကို လိုသလိုရေးနိုင်သည့် ဥဒါဟရုဏ်တစ်ခုလည်း ဖြစ်သည်။

မိမိတို့နိုင်ငံအနေဖြင့်မူ "အလုပ်ဖြင့်သက်သေပြမည်" ဟူသည့် မူအတိုင်းလုပ်စရာရှိသည့်အလုပ်တို့ကို အရှိန်အဟုန်မပျက် လုပ်ကိုင်လျက်ရှိသည်။ ချီးမွမ်းခြင်း၊ ရှုတ်ချခြင်း၊ ကူညီပေးခြင်း၊ ဖိအားပေးခြင်း စသည်ဖြင့် မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းတို့က မည်သို့ပင် ပြုကြစေကာမူ မိမိတို့၏ အင်အားအစစ်အမှန်ဖြစ်သော ပြည်တွင်းအင်အား၊ စည်းလုံးညီညွတ်မှုအင်အားဖြင့်သာ အရာရာကို ရင်ဆိုင်ကြရမည်ဟု တင်ပြလိုပါကြောင်း။ ။

**အနောက်နိုင်ငံများမှ နိုင်ငံရေးအသိုင်းအဝိုင်း၊ ပညာရှင်အသိုင်းအဝိုင်း၊ မီဒီယာအသိုင်းအဝိုင်းများသို့ ဘင်္ဂါလီအရေး တက်ကြွလှုပ်ရှားသူများက အချိန်ကာလများစွာကပင် ကြိုတင်လော်ဘီလုပ်ခဲ့ပြီးဖြစ်သည့် အားလျော်စွာ အချိန်ကိုက်ပေါ်ပေါက်လာသည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ နောက်တွင် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ထက်ကြပ်မကွာ လိုက်ပါလာခဲ့ကြပြီး ဒီမိုကရေစီစနစ် ခိုင်မြဲအောင်ထူထောင်ခါစ မိမိတို့နိုင်ငံကို ဖိအားပေါင်းစုံပေးခဲ့ကြခြင်း ဖြစ်သည်။**

# New Mandalay Resort City စီမံကိန်းကို အပိုင်းသုံးပိုင်းဖြင့် တည်ဆောက်မည်

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးနှင့် ပြင်ဦးလွင်လမ်းပိုင်း ၂၁ မိုင်အနီး မြေဧက ၁၀၀၀၀ ခန့်ပေါ်တွင် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က အကောင်အထည်ဖော်တည်ဆောက်မည့် New Mandalay Resort City စီမံကိန်းကို အပိုင်းသုံးပိုင်းဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါစီမံကိန်းအား လူမှုစီးပွားဖွံ့ဖြိုးရေး၊ မြို့ပြဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအခြေခံသည့် Green၊ Clean and Smart City အဖြစ် အပိုင်းလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားပြီး လက်ရှိတွင် ယင်းစီမံကိန်း၌ ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသူများအနေဖြင့် စိတ်ဝင်စားမှု အဆိုပြုလွှာ (Expression Of Interest-EOI)ကို ဖေဖော်ဝါရီ ၅ ရက်မှ မတ်လအတွင်း တင်သွင်းနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

"ဘာတွေလုပ်ရမလဲဆိုရင် လျှောက်ထားသူက အဆင့်တစ်မှာ ဖောင်ဖြည့်ပေးရမယ်၊ အဆင့်နှစ်မှာ Application for the Partnership of Mandalay New City ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး လျှောက်ထားတဲ့ အဖွဲ့အစည်းရဲ့ နောက်ခံသမိုင်းတွေကို ဖော်ပြပေးရမယ်၊ ပြီးရင် စီမံကိန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူအကြီးအကဲက လက်မှတ်ရေးထိုးရမှာပါ၊ လျှောက်လွှာမှာ သူတို့ကို ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်တွေ၊ အီးမေးလ်တွေ ထည့်ပေးရပါမယ်၊ ဒါတွေဆောင်ရွက်ပြီးရင် ကျွန်တော်တို့ရဲ့ ကြီးကြပ်ရေးကော်မတီဘုတ်အဖွဲ့နဲ့ စိစစ်ရွေးချယ်ပေးသွားမယ်" ဟု မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

အဆိုပါ စီမံကိန်းတွင် အပိုင်းသုံးပိုင်းပါဝင်ပြီး စီမံကိန်း အပိုင်းတစ်နှင့် အပိုင်းသုံးတွင်ရှိသော ဧက ခုနစ်ထောင်ပေါ်တွင် ပြည်ထောင်စုအစိုးရ တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီက ဆောင်ရွက်မည်ဖြစ်ပြီး ကျန်ဧက ၃၀၀၀ ပေါ်ရှိ အပိုင်းနှစ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပြုလွှာတင်သွင်းလိုသူများအနေဖြင့် အသေးစိတ်အချက်အလက်များနှင့် ညွှန်ကြားချက်ပုံစံများကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရုံးအမှတ်(၄၀) သို့မဟုတ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း ကနဦးရွေးချယ်ရေးဘုတ်အဖွဲ့မှ စိစစ်ရွေးချယ်မှုကို ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



☆ စာမျက်နှာ ၅ မှ

သက်ဆိုင်ရာဝန်ကြီးဌာနများပူးပေါင်း၍ သဘာဝသယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့စေရေးကို ထိန်းသိမ်းလုပ်ဆောင်ရန် လိုအပ်ပါကြောင်း အကြံပြု ဆွေးနွေးသည်။


ရခိုင်ပြည်နယ်မဲဆန္ဒနယ်မှ ဦးမြင့်နိုင်က မိမိပြည်နယ်မှ ထွက်ရှိသည့် သယံဇာတများမှာ သဘာဝဓာတ်ငွေ့၊ ရေနံ၊ ကျွန်းသစ်နှင့် သစ်မာများ၊ ငါးသယံဇာတများအပြင် မာဘေအလှဆင်ကျောက်တို့ဖြစ်ပါကြောင်း၊ ရေနံမှာအနည်းငယ်သာထွက်ရှိပြီး ငါးသယံဇာတများအနေဖြင့် ဘင်္ဂလားပင်လယ်အော်ကို ပိုင်ဆိုင်ထားသော်လည်း ငါးဖမ်းသင်္ဘောကြီးများဖြင့် အမြောက်အမြား ဖမ်းဆီးနေကြသည်ကို သိရပါကြောင်း၊ ဒေသခံရခိုင်သင်္ဘောများသည် အနည်းငယ်သာ ရှိပါကြောင်း၊ သဘာဝထွက်ရှိသည့် ငါးဖမ်းခြင်းကို အကန့်အသတ်နှင့် ထိန်းသိမ်းသင့်ပါကြောင်း၊ ကျွန်းသစ်နှင့် သစ်မာများသည် လက်ရှိတွင် မရှိသလောက်ရှားပါးနေပြီဖြစ်ပါကြောင်း၊ တောရိုင်းများနှင့် ဝါးအနည်းငယ်သာရှိပါကြောင်း၊ ယင်းတို့ကိုလည်း ထိန်းသိမ်းရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ မာဘေအလှဆင်ကျောက်ကို နေပူတောင်မှထွက်ရှိပြီး လက်ရှိတွင် ဗီယက်နမ်နှင့် မြန်မာဖက်စပ်ကုမ္ပဏီတစ်ခုမှ အကြီးစားတူးဖော်မှုပြုလုပ်နေသည်ဟု သိရပါကြောင်း၊ ယင်းတို့ကို သုံးသပ်၍ ထိန်းသိမ်းရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် သဘာဝသယံဇာတမှ ထွက်ရှိနေသမျှကို ထင်သလိုထုတ်လုပ်နေမည်ဆိုပါက တစ်ချိန်ချိန်တွင် သဘာဝသယံဇာတများ ကုန်ခန်းသွားနိုင်ပါကြောင်း၊ ဝင်ငွေနှင့် GDP များတိုးနေသော်လည်း သဘာဝသယံဇာတများ ကုန်ခန်းသွားလျှင် နောင်မျိုးဆက်များအတွက် ရင်လေးစရာများ ကြုံလာနိုင်သည့်အတွက် ယင်းအဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟနှင့် ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉) မှ ဦးခင်မောင်မြင့်တို့က ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စင်ကာပူလေကြောင်းပြပွဲ တက်ရောက်ကြည့်ရှု



**နေပြည်တော် ဖေဖော်ဝါရီ ၇**

စင်ကာပူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဖိတ်ကြားချက်အရ စင်ကာပူလေကြောင်းပြပွဲ (Singapore Airshow 2018) တက်ရောက်ရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက် ညပိုင်းတွင် စင်ကာပူနိုင်ငံသို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Changi Exhibition Center ၌ ကျင်းပသည့် စင်ကာပူလေကြောင်းပြပွဲသို့ရောက်ရှိပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စင်ကာပူ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Lt.Gen.Perry Lim နှင့် Ministry of Defence Chalet၊ Changi Exhibition Center ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ မလက္ကာရေလက်ကြား ပင်လယ်ပြင် လုံခြုံရေးနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား စစ်သင်္ဘောများ အပြန်အလှန်လည်ပတ်ရေး၊ စစ်ဘက်ဆေးပညာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် တိုက်ခိုက်ရေးလေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် သယ်ယူပို့ဆောင်ရေး လေယာဉ်များကိုလည်းကောင်း၊ လေယာဉ်ပျံသန်းမှုပြသခြင်းကိုလည်းကောင်း ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် စင်ကာပူနိုင်ငံ သံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် စင်ကာပူနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Ms. Vanessa Chan အား ယနေ့ မွန်းလွဲ ၂ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ခြင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှုပေးခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အထောက်အပံ့ပြု ဆောင်ရွက်နေပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဆောင်ရွက်နိုင်သောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဆွေးနွေးပွဲသို့ အားလုံးပါဝင်တက်ရောက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်နေပါကြောင်း၊ သံအမတ်ကြီးက ယခင်ရက်များတွင် ရခိုင်ပြည်နယ်သို့ သွားရောက်ပြီး မြေပြင်အခြေအနေကို ကြည့်ရှုပြီးဖြစ်သဖြင့် မြန်မာနိုင်ငံက နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံနိုင်ရေး ဆောင်ရွက်နေမှုများ၊ ဖြစ်ရပ်မှန် အခြေအနေများကို သိရှိမည်ဟု ယုံကြည်ပါကြောင်း၊ အဆိုပါအစီအစဉ်ကို နိုင်ငံတကာအသိုက်အဝန်းသို့ အသိပေးစေလိုပါကြောင်း ပြောကြားသည်။

သံအမတ်ကြီးက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားများအတွက် ဆောင်ရွက်နေမှုများကိုသိရှိရ၍ ဝမ်းမြောက်ပါကြောင်း၊ ရခိုင်ပြည်နယ်ကိစ္စသည် ပြည်တွင်းရေးဖြစ်သည့်အတွက် မိမိတို့နိုင်ငံက ဝင်ရောက်၍ စွက်ဖက်မှုပြုလုပ်မည်မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သာ ဖြေရှင်းရမည့်ကိစ္စသာဖြစ်ပါကြောင်း၊ စင်ကာပူနိုင်ငံအနေဖြင့် ရန်ကုန်မြို့ရှိ မြန်မာ-စင်ကာပူ သင်တန်းကျောင်းတွင် IAI အစီအစဉ်ဖြင့် သင်တန်းများဖွင့်လှစ်၍ သင်ကြားပေးနေပါကြောင်း၊ ဝန်ကြီးဌာနက ပါဝင်တက်ရောက်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# KBZ Bank Women' League ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women' League ပြိုင်ပွဲ ပွဲစဉ် (၇) တတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ သစ္စာအားမာန်အသင်းက တက္ကသိုလ်အသင်းကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့သည်။

ရာသီဝက် ချန်ပီယံဆုအတွက် အရေးပါသည့်ပွဲ ဖြစ်သောကြောင့် သစ္စာအားမာန်အသင်းသည် အနိုင်သုံးမှတ်အပြင် ဂိုးပြတ်အနိုင်ရရန် ကြိုးပမ်းခဲ့သော်လည်း ခြောက်ဂိုးဖြင့်သာ အနိုင်ရခဲ့သည်။ ထို့ကြောင့် သစ္စာအားမာန်အသင်းသည် ရာသီဝက်ချန်ပီယံဆုအတွက် ယနေ့ကစားမည့် လက်ရှိချန်ပီယံ မြဝတီအသင်း၏ ဂိုးရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ သစ္စာအားမာန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း ဂိုးရလိုစိတ်များနေသည့်အပြင် တက္ကသိုလ်အသင်း ခံစစ်အမှားမရှိခဲ့သောကြောင့် ဂိုးရနည်းခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၈၊ ၄၃၊ ၇၁ မိနစ်တွင် နီလာဝင်း၊ ၁၁ မိနစ်တွင် နော်အားလိုဝါးဖော၊ မိနစ် ၃၀ တွင် ခင်မိုမိုထွန်း၊ ၅၅ မိနစ်တွင် ဂျူလိုင်ကျော်တို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၇) တတိယနေ့ကို ဖေဖော်ဝါရီ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဂန္ဓမာအသင်းနှင့် လက်ရှိချန်ပီယံ မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ခွင့်ပြုထားသော ကာရာအိုကေလုပ်ငန်း လိုင်စင်ပေါင်း ၃၂၆ ခုရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုလ ၁ ရက်အထိ ခွင့်ပြုထားသော ကာရာအိုကေလုပ်ငန်း လိုင်စင်ပေါင်း ၃၂၆ ခုရှိပြီး သတ်မှတ်စည်းကမ်းချက် ၁၇ ချက်အပေါ် မူတည်၍ စိစစ်ဆောင်ရွက်နေကြောင်း ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးမှ သိရသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့ရာ ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားသော ကာရာအိုကေလုပ်ငန်းလိုင်စင်အား ပြန်ကြားရေးဝန်ကြီးဌာနမှ မည်သည့်စည်းကမ်းချက်များနှင့်အညီ ထုတ်ပေးသည်ကို သိရှိလိုကြောင်းမေးမြန်းရာ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကာရာအိုကေလုပ်ငန်းများကို ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းထားသောကော်မတီမှစိစစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံတင်ပြ၍ အတည်ပြုချက် ထပ်မံရယူကာ လုပ်ငန်းလုပ်ကိုင်ခွင့်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်ကြားရေး၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ရုပ်မြင်သံကြားနဲ့ ဗီဒီယို ဥပဒေအခန်း(၆)၊ ပုဒ်မ (၁၉)အရလည်းကောင်း၊ ၁၉၉၈ ခုနှစ် ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ အခန်း(၆)၊ နည်းဥပဒေ (၂၃)၊ (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းထားရှိခဲ့ပါတယ်၊ ဒီကော်မတီက လျှောက်ထားတင်ပြလာတဲ့ ကာရာအိုကေလုပ်ငန်းလိုင်စင်များကို သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)တို့၏ စိစစ်ထောက်ခံချက်များကို ရယူကာ သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်မီးသတ်ဦးစီးဌာန၊ ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတို့၏ ထပ်ဆင့်ထောက်ခံချက်များဖြင့် စိစစ်ကြီးကြပ်ရေးကော်မတီမှ စိစစ်ပြီးသော လုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံတင်ပြ၍ အတည်ပြုချက်ထပ်မံရယူပြီး လုပ်ငန်းလုပ်ကိုင်ခွင့်များ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ဝန်ကြီးက ပြန်လည်ဖြေကြားခဲ့သည်။

တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် လုပ်ကိုင်နေသော၊ လုပ်ကိုင်ခွင့်ရရှိရန်လျှောက်ထားသော ဗီဒီယိုကာရာအိုကေ သီချင်းဆိုခြင်းလုပ်ငန်းများကို စည်းကမ်းချက် ၁၇ ချက် ပေါ်မူတည်ပြီး ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအရ တိုင်းဒေသကြီး၊ ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီမှ လုပ်ငန်းလိုင်စင်ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးက ဖြေကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်အထိ ခွင့်ပြုထားသော ကာရာအိုကေလုပ်ငန်း လိုင်စင်ပေါင်း ၃၂၆ ခုရှိပြီး အရှေ့ပိုင်းခရိုင်တွင် ၁၁၆ ခု၊ အနောက်ပိုင်းခရိုင်တွင် ၁၁၂ ခု၊ တောင်ပိုင်းခရိုင်တွင် အခု ၂၀၊ မြောက်ပိုင်းခရိုင် ၇၈ ခုတို့ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(ဧပြီမှ ဒီဇင်ဘာအထိ) ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ကာရာအိုကေလုပ်ငန်း လိုင်စင်အသစ်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းများမှ ဝင်ငွေအဖြစ် စုစုပေါင်းငွေကျပ် ၄၁ ဒသမ ၁၀ သန်း ပေးသွင်းထားပြီး ဘဏ္ဍာနှစ်ကုန်ဆုံးပါက ကာရာအိုကေလုပ်ငန်းများမှ ရငွေအဖြစ် ငွေကျပ် ၅၄ ဒသမ ၈ သန်းခန့် ပေးသွင်းနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးက ထည့်သွင်းဖြေကြားသွားခဲ့သည်။

**ဝဝ၁**

❂ **ကျောဖုံးမှ**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဆေးရုံ ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကာ ဆေးကုသမှုခံယူနေကြသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့သည် မတူပီ-မင်းတပ်လမ်းရှိ လမ်းဦးစီးရိပ်သာသို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

**လေ့လာဆန်းစစ်မှုများ ပြုလုပ်စေလို**

ဆက်လက်၍ မင်းတပ်မြို့ မင်းတပ်တက္ကသိုလ် တည်ဆောက်မည့် မြေနေရာအား ကြည့်ရှုရာ ယာယီရှင်းလင်းဆောင်၌ ချင်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းတို့က ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက မင်းတပ် တက္ကသိုလ်နှင့် မင်းတပ်မြို့ သောက်သုံးရေ လုံလောက်စွာရရှိစေရန် စီမံထားစေလိုပါကြောင်း၊ မောင်းချောင်းရေကို မင်းတပ်မြို့သို့ သွယ်ယူနိုင်ရေး အတွက် ပညာရှင်များဖြင့် လေ့လာဆန်းစစ်မှုများ ပြုလုပ်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ မင်းတပ်တက္ကသိုလ်တည်ဆောက်နိုင်မည့် မြေနေရာကို မင်းတပ်မြို့ပေါ်နှင့် မင်းတပ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ မြေယာပိုင်ရှင်များက စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်ပြီး မင်းတပ်တက္ကသိုလ် (သို့မဟုတ်) ကောလိပ်ဖွင့်လှစ်ခွင့်ရရှိမည်ဆိုပါက ချင်းပြည်နယ်တောင်ပိုင်းရှိ မင်းတပ်မြို့၊ မတူပီမြို့၊ ကန်ပက်လက်မြို့၊ ပလက်ဝမြို့၊ ရေဇွာမြို့၊ လိုင်လင်းပီမြို့၊ ဆမီးမြို့နှင့် မကွေးတိုင်းဒေသကြီးရှိ ထီးလင်းမြို့၊ ဂန့်ဂေါမြို့၊ ဆောမြို့နှင့် ကျောက်ထုမြို့နယ်များအတွင်းရှိ ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာရပ်များကို လွယ်ကူစွာ သင်ယူနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူလျက်ရှိနေကြသူများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် မင်းတပ်ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် အလျား ၁၈၄ ပေနှင့် အနံ ၄၃ ပေရှိ ရှစ်ခန်းတွဲ နှစ်ထပ် RC ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မင်းတပ်မြို့မဈေးသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ယာယီရှင်းလင်းဆောင်၌ ပြည်နယ်ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းတို့က ရှင်းလင်းတင်ပြကြသည်။

**ရိုးရာအကများဖြင့် ကြိုဆို**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မင်းတပ်မြို့မဈေးသစ် တည်ဆောက်ရေးလုပ်ငန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါဈေးသည် ၂၀၁၆ ခုနှစ်တွင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်ထောင်စုရန်ပုံငွေနှင့် အမျိုးသားသဘာဝဘေးရန်ပုံငွေတို့ဖြင့် ပြန်လည်တည်ဆောက်နေခြင်းဖြစ်ပြီး ဈေးသစ်သည် အလျားပေ ၁၅၀ နှင့် အနံ ၁၂၇ ပေရှိကာ RC နှစ်ထပ်ခွဲ အမျိုးအစားဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မင်းတပ်-ကန်ပက်လက် လမ်းတာချဲ့ခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကန်ပက်လက်မြို့ Win Unity ဟိုတယ်သို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက ရိုးရာအကများဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မင်းတပ် မြို့မဈေးသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**သနပ်ပင် ဖေဖော်ဝါရီ ၇**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သက်ဆိုင်ရာ ကျေးရွာများဖြစ်သော စွန်ပိကျေးရွာ၊ ကျိုက်မဲကျေးရွာ၊ ကုက္ကိုလ်တန်းကျေးရွာ၊ ကျားခေါင်းကျေးရွာနှင့် ကျွန်းကြီးကျေးရွာများသို့ ရန်ပုံငွေကျပ်သိန်း ၁၀၀ စီကို ဇန်နဝါရီ ၃၀ ရက်တွင် စာရင်းရှင်ဖွင့်လှစ် လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**မန္တလေး ဖေဖော်ဝါရီ ၇**

မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် ၂၇×၂၈ လမ်းကြား၊ ၇၃×၇၄ လမ်းကြားရှိ အထက(၆)၌ ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မူခင်းပညာပေးမော်တော်ယာဉ်ဖြင့် မူခင်းမှတ်တမ်းဓာတ်ပုံများ ပြသသည်။

ထို့နောက် ရဲအုပ်အေးဇော်ဝမ်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရမည့် အချက်အလက်များ၊ ရဲအုပ်အောင်နေမျိုးက မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ အကြောင်းအရင်းများ၊ ရဲအုပ်မြင့်သိန်းက လူကုန်ကူးခံရသူများ၏ အခွင့်အရေးဆိုင်ရာ အချက်အလက်များကို ဟောပြောခဲ့ကြပြီး သက်ဆိုင်ရာ တပ်ဖွဲ့ဝင်များက မူခင်းကျဆင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

❖ **၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှ**

နှစ်ဆုံးစာမေးပွဲ စစ်ဆေးခြင်းများကို လာမည့် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၆ ရက်အထိနှင့် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၇ ရက်မှ ၁၆ ရက်အထိ တစ်ရက်လျှင် တစ်ဘာသာ စစ်ဆေးကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် အခြေခံပညာအဆင့်၌ KG သီးသန့် ၇၉၅၉၆ ဦးအပါအဝင် မူလတန်းတွင် ၄၅၀၇၁၂ ဦး၊ အလယ်တန်းတွင် ၃၃၂၉၀၀၊ အထက်တန်းတွင် ၁၃၁၂၂၆ ဦး အပါအဝင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၁၄၈၃၈ ဦး တက်ရောက်ပညာသင်ကြားခဲ့ကြောင်း ပညာရေးမှူးရုံးမှ ကျောင်းဖွင့်ရာသီက သတင်းထုတ်ပြန်ချက်အရ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌လည်း အခြေခံပညာကျောင်း ၄၁၈၆ ကျောင်းတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် စာမေးပွဲများ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ အနက်မှ တက္ကသိုလ်ဝင်တန်း၊ အဋ္ဌမတန်းနှင့် စတုတ္ထတန်း ကျောင်းသား ကျောင်းသူများမှအပ ကျန်ကျောင်းသား ကျောင်းသူများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အတန်းတင်စာမေးပွဲများကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးမှ ကျောင်းများတွင်လည်း ယနေ့နံနက်ပိုင်းက အေးချမ်းစွာ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဒုတိယတန်း၊ တတိယတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းနှင့် နဝမတန်းများ၏ နှစ်ဆုံးစာမေးပွဲကို တစ်ပြိုင်နက်တည်း စတင်ကျင်းပခဲ့ရာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများနှင့် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများက စာမေးပွဲကို အေးချမ်းစွာ ဖြေဆိုခဲ့ကြကြောင်း သိရသည်။

မတ် ၇ ရက်တွင် စတင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာပြည်တစ်ပြည်လုံး၌ ကျောင်းတွင်း ဖြေဆိုသူ ၅၁၈၀၀၆ ဦးနှင့် ကျောင်းပြင်ပ ဖြေဆိုသူ ၃၂၆၂၃၁ ဦး စုစုပေါင်း ၈၄၄၂၃၇ ဦးတို့ ဖြေဆိုကြမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ကျောင်းတွင်း ဖြေဆိုသူ ၇၂၈၉၀ နှင့် ကျောင်းပြင်ပ ဖြေဆိုသူ ၄၈၄၄၀ စုစုပေါင်း ၁၂၁၃၃၀ တို့ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

**သတင်း-ဥမ္မာသန့်၊ အေးမြ(မန္တလေး)**



**ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအထက်တန်းကျောင်းများ၌ အတန်းတင်စာမေးပွဲ ဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။** ဓာတ်ပုံ-ရဲထွဋ်

# အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့

## ရခိုင်ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်စေရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းချက်များကို အာဆီယံဝန်ကြီးများကထောက်ခံ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ၌ ဖေဖော်ဝါရီ ၆ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၅ ရက်တွင် စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr. Vivian Balakrishnan မှ တည်ခင်းဧည့်ခံသည့် အလုပ်သဘောညစာစားပွဲသို့ လည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ လည်းကောင်း အခြားအာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။




အစည်းအဝေးတွင် ဝန်ကြီးများသည် ၂၀၁၈ ခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌ စင်ကာပူနိုင်ငံမှ ရွေးချယ်အဆိုပြုထားသည့် “ကြံ့ခိုင်နိုင်စွမ်းနှင့် တီထွင်ဆန်းသစ်မှု” ဘာသာရပ် ခေါင်းစဉ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကြံ့ခိုင်နိုင်စွမ်းရှိပြီး တီထွင်ဆန်းသစ်သော အာဆီယံ ဖြစ်ထွန်းလာရေးအတွက် အာဆီယံနိုင်ငံခေါင်းဆောင်များ၏ မျှော်မှန်းချက် ချမှတ်ရေး၊ အာဆီယံ အဆင့်မြင့်နည်းပညာမြို့တော်များကွန်ရက်တည်ထောင်ရေး (ASEAN Smart Cities Network) နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဆိုက်ဘာလုံခြုံရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး အဆိုပြုချက်များအပါအဝင် အာဆီယံဥက္ကဋ္ဌ စင်ကာပူနိုင်ငံ၏ ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေး၌ (၃၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြု ဆုံးဖြတ်ခဲ့သော ကိစ္စရပ်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စနှင့် နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ အရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ရခိုင်ပြည်နယ်အတွင်း နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် နေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားရေးအတွက် မြန်မာနိုင်ငံဘက်တွင် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား အလွတ်သဘော ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသို့ရှင်းလင်းပြောကြားရာ၌ ပြည်ထောင်စုဝန်ကြီးက လက်ရှိ ရခိုင်ပြည်နယ်၏ လူသားချင်းစာနာမှုအခြေအနေမှာ ယခင်ကဲ့သို့ လူ့အသိုင်းအဝိုင်းနှစ်ရပ်အကြား ပဋိပက္ခ ဖြစ်ပွားခြင်းကြောင့် မဟုတ်ဘဲ မြန်မာနယ်စပ်ရဲတပ်စခန်း ၃၀ အား အကြမ်းဖက်သမားများက ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်မှုများကြောင့် စတင်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ရခိုင်ပြဿနာမှာ ဘာသာရေးကိစ္စမဟုတ်ဘဲ တရားမဝင်လူဝင်မှုကိစ္စ၊ တရားဥပဒေစိုးမိုးရေးကိစ္စ၊ သဘာဝအရင်းအမြစ် ပြိုင်ဆိုင်ရယူလိုမှုကိစ္စနှင့် ဆင်းရဲနွမ်းပါးမှုတို့ ပါဝင်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြဿနာဖြစ်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် ယင်းပြဿနာအား ဖြေရှင်းရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်နေစဉ် ARSA အကြမ်းဖက်အုပ်စုက နိုင်ငံတကာက အာရုံစိုက်လာအောင် အကြမ်းဖက်မှုဖြင့် လှုံ့ဆော်မှုများ၊ သတင်းမီဒီယာများမှတစ်ဆင့် မဟုတ်မမှန်သတင်းများ ဖြန့်ချိရေးလုပ်ငန်းများဖြင့် ပြဿနာကို ပိုမိုဆိုးရွားအောင် ဖန်တီးလာခြင်းဖြစ်ကြောင်း၊ အာဆီယံအနေဖြင့် မြန်မာနိုင်ငံအစိုးရ၏ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးမှု မြှင့်တင်ရေးနှင့် ဒေါက်တာကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များ အကောင်အထည်ဖော်ရေးတို့တွင် လိုအပ်သည့်နေရာမှ ကူညီပံ့ပိုးနိုင်ပါကြောင်းနှင့် ရှုပ်ထွေးနေသည့်ပြဿနာအား မီးလောင်ရာလေပင့် လုပ်ရပ်များ၊ လူမှုအသိုင်းအဝိုင်းနှစ်ခုအကြား ပိုမိုကွဲပြားစေမည့် ကြိုးပမ်းဆောင်ရွက်မှုများကို အားမပေးကြရန် ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးအပြီးတွင် အာဆီယံဥက္ကဋ္ဌက ထုတ်ပြန်ခဲ့သည့် ကြေညာချက်၌ ရခိုင်ပြည်နယ်အတွင်း မြန်မာနိုင်ငံအစိုးရ၏ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အစီအစဉ်ကို ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရက ဦးဆောင် ဆောင်ရွက်နေသည့် နေရပ်စွန့်ခွာသူများအား မခွဲခြားဘဲ ကူညီပံ့ပိုးမှုပေးရေး လုပ်ငန်းစဉ်များတွင် အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာန (AHA Centre) မှ လက်ရှိ ပါဝင်ဆောင်ရွက်နေမှုများကိုလည်း ကြိုဆိုကြောင်း၊ နေရပ်စွန့်ခွာထွက်ပြေးသူများ ပြန်လည်ပို့ဆောင်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးနိုင်ခြင်းနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးချက်များ အကောင်အထည်ဖော်ရေးအတွက် အကြံပေးဘုတ်အဖွဲ့ တည်ထောင်နိုင်ခြင်းတို့ကိုလည်း ကြိုဆိုကြောင်း၊ ရခိုင်ပြည်နယ်ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများ အကြား သဟဇာတဖြစ်စေရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းချက်များကိုလည်း အာဆီယံဝန်ကြီးများက ထောက်ခံကြောင်း ထည့်သွင်းဖော်ပြခဲ့သည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်(World Bank)တို့ ပူးပေါင်း၍ ရခိုင်ပြည်နယ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Parkroyal Hotel ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ အစိုးရအနေဖြင့်လည်း ရခိုင်ပြည်နယ်တွင်နေထိုင်သည့် မည်သူ့ကိုဖြစ်စေ လူမျိုးဘာသာ ခွဲခြားမှုမရှိဘဲ အထောက်အပံ့ပေးအပ်ရန်အတွက် UEHRD မှတစ်ဆင့် အကူအညီများ လက်ခံနေသည်ကို ကြေညာထားပြီးဖြစ်ပါကြောင်း။

အရေးကြီးဆုံးမှာ ၂၀၁၇ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်မှစ၍ မောင်တောဒေသမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့သူများအတွက် ပြန်လည်လက်ခံရေးလုပ်ငန်းများကို မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ဆွေးနွေးခဲ့ကြပြီး Physical arrangement သဘောတူညီမှုကို လွန်ခဲ့သောသီတင်းပတ်အနည်းငယ်အတွင်း ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ ထိုသဘောတူညီချက်အပေါ်တွင် အခြေခံပြီး မြန်မာနိုင်ငံတွင် အမှန်တကယ်နေထိုင်ခဲ့သည့် မိမိဆန္ဒအလျောက်နေရပ်ပြန်လာမည့်သူများကို လက်ခံရန် ပြန်လည်ကြိုဆိုရေးစခန်း နှစ်ခုနှင့် ကြားစခန်းတစ်ခု ထားရှိ၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း။

ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် အမိုးအကာများ၊ ရေနှင့်သန့်ရှင်းရေးသုံးပစ္စည်းများ၊ အစားအစာနှင့်အစားအစာမဟုတ်သော အခြားပစ္စည်းများကိုလည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ ကြိုတင်ပြင်ဆင်ခဲ့ပါကြောင်း၊ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက်လည်း ဘေးကင်းလုံခြုံစိတ်ချရသည့်နေရာများတွင် ပြန်လည်နေရာချထားပေးရန် စီစဉ်ထားပြီး ဖြစ်ပါကြောင်း။

ယနေ့အလုပ်ရုံဆွေးနွေးပွဲကို ရခိုင်အရေးကဲ့သို့ ဖြေရှင်းဆောင်ရွက်ခဲ့ရသည့် နိုင်ငံတကာအတွေ့အကြုံများကို လေ့လာသုံးသပ်ရန်၊ စီမံကိန်းရေးဆွဲခြင်း၊ ငွေကြေးဆိုင်ရာများနှင့်ပတ်သက်၍ သိရှိနားလည်ရန်နှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သတ်မှတ်ရန်ဆိုသည့် ရည်ရွယ်ချက်သုံးရပ်နှင့်အတူ ရခိုင်ပြည်နယ်အရေးတွင် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို သိရှိစေလို၍ ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ရခိုင်အရေးနှင့်ပတ်သက်၍ အစိုးရ၏လက်ရှိ တုံ့ပြန်ဆောင်ရွက်နေမှုများအပေါ် နားလည်မှုရှိလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် ကောင်းမွန်သည့်ရလဒ်များ ပေါ်ထွက်လာစေရန်အတွက် ပွင့်ပွင့်လင်းလင်း တက်တက်ကြွကြွ ပါဝင်ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်က ရခိုင်ပြည်နယ်အရေး စိန်ခေါ်မှုများအား တုံ့ပြန်ခြင်းနှင့် ပတ်သက်၍ UEHRD ၏ မဟာဗျူဟာနှင့် ဖွဲ့စည်းပုံတို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိဏ်းက ရခိုင်ဒေသ ကယ်ဆယ်ရေး၊ ပြန်လည်ပို့ဆောင်ရေး၊ ပြန်လည်နေရာချထားရေးများနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ/အမျိုးသားအဆင့် ဆွေးနွေးခဲ့သည့် သတင်းအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥရောပသမဂ္ဂ(EU)မှ Mr. THOMAS HOCKLEY၊ ကုလသမဂ္ဂ ဖွံ့ဖြိုး မှုအစီအစဉ် (UNDP) မှ Mr. PETER BACHELON နှင့် ကမ္ဘာ့ဘဏ်(World Bank)မှ Mr. SEAN BRADLEY နှင့် တာဝန်ရှိသူများက အကျပ်အတည်း ဖြစ်ရပ်နောက်ပိုင်း အတွေ့အကြုံများအရ အကဲဖြတ်မှုမူဘောင်၊ စီမံခန့်ခွဲခြင်းနှင့် ဘဏ္ဍာရေးကဏ္ဍများ လိုအပ်ခြင်း စသည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အကြောင်းအရာအလိုက် စီမံကိန်းရေးဆွဲခြင်းနှင့် အဖွဲ့အစည်း ဖွဲ့စည်းခြင်းများအပေါ် အုပ်စုဖွဲ့ဆွေးနွေးကြပြီး ရရှိလာသောဆွေးနွေးချက်များကို အုပ်စုတစ်စုချင်းစီအလိုက် ပြန်လည်ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ရခိုင်ပြည်နယ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၈ ရက်ထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ သယ်ယူပို့ဆောင်ရေးနဲ့ လျှပ်စစ်စတဲ့ ကဏ္ဍ သုံးခုကို အထူးအလေးထားပြီး ထောက်ပံ့ကူညီတဲ့ မူဝါဒကို ချမှတ်ထားပါတယ်



ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အထူးအကြံပေး Mr. Kentaro SONOURA

**မြန်မာနိုင်ငံ၌ ဖေဖော်ဝါရီ ၇ ရက်မှ ၈ ရက်အထိ ရောက်ရှိနေသည့် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အထူးအကြံပေး Mr. Kentaro SONOURA နှင့် ဆက်သွယ်မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-**

**မေး။ ။ ဂျပန်နိုင်ငံက မြန်မာနိုင်ငံနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေကို လုပ်ဆောင်နေပါသလဲ။**

ဖြေ။ ။ ဂျပန်နိုင်ငံဟာ နှစ်ပေါင်းရှည်ကြာစွာ ချစ်ကြည်ရင်းနှီးလာခဲ့တဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ် အမြစ်တွယ်ခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေမှာ ဂျပန်အစိုးရနဲ့ ပုဂ္ဂလိကတို့ပူးပေါင်းပြီး ဘက်ပေါင်းစုံကနေ အကူအညီပေးနေတာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်မတိုင်ခင် မြန်မာနိုင်ငံသူနိုင်ငံသားတွေရဲ့ လူမှုဘဝအပြောင်းအလဲတွေ လက်တွေ့ခံစားနိုင်ဖို့အတွက် ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ သယ်ယူပို့ဆောင်ရေးနဲ့ လျှပ်စစ်စတဲ့ ကဏ္ဍသုံးခုကို အထူးအလေးထားပြီး ထောက်ပံ့ကူညီတဲ့ မူဝါဒကို ချမှတ်ထားပါတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရင်း နိုင်ငံတွင်းနဲ့ ပတ်ဝန်းကျင်နိုင်ငံတွေရဲ့ ချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်ရေးဟာ အလွန်အရေးပါတဲ့ ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။ ပထမဦးဆုံး ရန်ကုန်ပတ်ဝန်းကျင်ရဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးကို ထိထိရောက်ရောက် တိုးတက်ဖို့အတွက် ရန်ကုန်မြို့ပတ်ရထားလမ်းပြုပြင်ရေးကို ရှေ့ဆက်လုပ်ဆောင်နေတဲ့အပြင် မြို့တွင်းရထားလမ်းသစ် ဖောက်လုပ်ရေးဆိုင်ရာ လေ့လာဆန်းစစ်မှုတွေကို စတင်လုပ်ဆောင်တော့မှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသနဲ့ မြို့ပြ၊ ပြည်ပနိုင်ငံများနဲ့ ချိတ်ဆက်လုပ်ဆောင်မှုတွေကို တိုးမြှင့်ဖို့အတွက် ရန်ကုန်-မန္တလေး ရထားလမ်းပြုပြင်ရေးနဲ့ ရန်ကုန်-မန္တလေးအကြား ရေကြောင်းသွားလာမှု အဆင့်မြှင့်တင်ရေးကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ မြန်မာနိုင်ငံအပါအဝင် မဲခေါင်ဒေသတစ်ခုလုံးရဲ့ ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် အီလက်ထရွန်နစ် အကောက်ခွန်စနစ်ကို အသုံးပြုပြီး ထိုင်းနိုင်ငံ နယ်စပ်နဲ့ ရန်ကုန်မြို့ကို ဆက်သွယ်ပေါင်းစည်းနိုင်မယ့် အရှေ့အနောက် စီးပွားရေးစင်္ကြံ (East-West Economic Corridor) ဆောက်လုပ်ရေးစီမံကိန်းများကို ထောက်ပံ့လာ ခဲ့ပါတယ်။ နှစ်နိုင်ငံအစိုးရနဲ့ ပုဂ္ဂလိကပူးပေါင်းမှုရဲ့ သင်္ကေတဖြစ်တဲ့ သီလဝါအထူးစီးပွားရေးဇုန်ဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ခြင်း၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးခြင်းများအပြင် မြန်မာနိုင်ငံရဲ့စီးပွားရေးကို ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းနဲ့ ချိတ်ဆက်ပေးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ ကနဦးလမ်းစအဖြစ်နဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်နိုင်ဖို့ မျှော်လင့်ထားပါတယ်။

နောက်ကဏ္ဍတစ်ခုဖြစ်တဲ့ အမျိုးသားပြန်လည်သင့်မြတ်မှု ဖော်ဆောင်ရေးဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို တည်တည်ငြိမ်ငြိမ်ရှေ့ဆက်ပြီး ဒေသတစ်ခုလုံးရဲ့ အေးချမ်းသာယာရေးကို ဖော်ဆောင်နိုင်ဖို့အတွက် အရေးကြီးတဲ့ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ ဂျပန်နိုင်ငံဟာ ဂျပန်အစိုးရရဲ့ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Yohei SASAKAWA နဲ့အတူ သက်ဆိုင်ရာ ငြိမ်းချမ်းရေးခေါင်းဆောင်တွေရဲ့ ဆွေးနွေးပွဲတွေကို မြှင့်တင်ရေးနဲ့ ကရင်ပြည်နယ်အပါအဝင် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိထားတဲ့ ဒေသတွေရဲ့ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဖွံ့ဖြိုးရေးထောက်ပံ့မှုကနေတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို အားပေးကူညီလျက်ရှိပါတယ်။

ဒီမိုကရေစီစနစ် အမြစ်တွယ်ခိုင်မာစေရေးအတွက် တပ်မတော်ဟာ အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်ပါတယ်။ ဂျပန်နိုင်ငံဟာ ဒီမိုကရေစီစနစ်အောက်မှာ ရှိတဲ့ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ရဲ့ အတွေ့အကြုံတွေကို ကိုးကားနိုင်ဖို့အတွက် ဂျပန်နိုင်ငံသို့ ပညာတော်သင်ကျောင်းသားတွေကို ခေါ်ယူခြင်း၊ တပ်မတော်ထိပ်တန်းအရာရှိများအချင်းချင်း နှီးနှောဖလှယ်ခြင်း၊ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ကူညီမှုနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်မှုတွေအတွက် တုံ့ပြန်စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ အကူအညီတွေပေးခြင်းစတဲ့ တပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနဲ့ နှီးနှောဖလှယ်မှုတွေကို လုပ်ဆောင်လျက်ရှိပါတယ်။

ဒီတစ်ခေါက် မြန်မာပြည်ခရီးစဉ်မှာဆိုရင် ဒီနေ့မှာပဲ ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တို့က မြန်မာ့တပ်မတော်မှာ ကျင်းပမယ့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေး နှီးနှောဖလှယ်ပွဲ(HA/DR Seminar) ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်မှာ ဖြစ်ပါတယ်။

**မေး။ ။ ဂျပန်နိုင်ငံအနေနဲ့ အိန္ဒိယ-ပစိဖိတ်ဒေသတစ်ခုလုံးနဲ့ ပတ်သက်ပြီး ဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေကို လုပ်ဆောင်နေပါသလဲ။**

ဖြေ။ ။ ဂျပန်နိုင်ငံဟာ ယခုအချိန်အထိ တရားဝင်ဖွံ့ဖြိုးတိုးတက်မှု ထောက်ပံ့ရေးအစီအစဉ် (ODA) တွေကို အသုံးပြုပြီး တည်ငြိမ်အေးချမ်းရေးနဲ့ ကြွယ်ဝချမ်းသာရေးအတွက် တက်တက်ကြွကြွကူညီလာခဲ့တာ ဖြစ်ပါတယ်။ အာဆီယံအပါအဝင် အိန္ဒိယ-ပစိဖိတ်ဒေသဟာလူဦးရေထူထပ်ကာ စီးပွားရေးဖြစ်ထွန်းနိုင်စွမ်း များစွာရှိပြီး ကမ္ဘာ့ပင်မအချက်အချာအကျဆုံးနေရာလို့ ပြောလို့ရပါတယ်။ ဂျပန်နိုင်ငံဟာ တရားဥပဒေစိုးမိုးရေးကို အခြေခံတဲ့ လွတ်လပ်ပြီး ပွင့်လင်းတဲ့ အိန္ဒိယ-ပစိဖိတ်ဒေသကို ဒေသတစ်ခုလုံးရဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းရေးကို ဆောင်ကြဉ်းပေးမယ့် "နိုင်ငံတကာပိုင်ခန" အဖြစ် အကောင်အထည်ဖော်ရန်အတွက် "လွတ်လပ်ပြီးပွင့်လင်းတဲ့ အိန္ဒိယ-ပစိဖိတ်မဟာဗျူဟာ"ကို အားထည့်လုပ်ဆောင်လာခဲ့တာ ဖြစ်ပါတယ်။

အသေးစိတ်တိတိကျကျ ပြောရမယ်ဆိုရင် (၁) ရေကြောင်းခရီးကို လွတ်လပ်အေးချမ်းစွာ သွားလာနိုင်ရေး၊ တရားဥပဒေစိုးမိုးမှု ပျံ့နှံ့ရေးနဲ့ အခြေခံခိုင်မာရေး၊ (၂) နိုင်ငံတကာစံချိန်စံညွှန်းနဲ့ ကိုက်ညီတဲ့ "အရည်အသွေးမြင့် အခြေခံအဆောက်အအုံများ"ကို ဆောက်လုပ်ခြင်းမှ တစ်ဆင့် ချိတ်ဆက်ဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်သွားပြီး စီးပွားရေးဆိုင်ရာ ကြွယ်ဝချမ်းသာမှုများ ရရှိစေရေး၊ (၃) ပင်လယ်ပြင်ဥပဒေ အာဏာသက်ရောက်ရေးနဲ့ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးကဏ္ဍတွေမှာ စွမ်းဆောင်ရည်တည်ဆောက်ရေးအကူအညီများပေးအပ်ခြင်းဖြင့် ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ရေးစတဲ့ မဏ္ဍိုင်သုံးရပ်ပဲ ဖြစ်ပါတယ်။

အထူးသဖြင့် ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံအပါအဝင် အိန္ဒိယ-ပစိဖိတ်ဒေသ နိုင်ငံအသီးသီးနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ပင်လယ်ဆိပ်ကမ်းတွေ၊ ရထားလမ်းတွေ၊ ကားလမ်းတွေ စတာတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ ချိတ်ဆက်လုပ်ကိုင်မှုတွေအပြင် လူလူချင်း ချိတ်ဆက်ဆောင်ရွက်ခြင်းနဲ့ နည်းစနစ်ပိုင်းဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်ခြင်းတိုးတက်လာစေမယ့်လုပ်ငန်းစဉ်တွေကို တိုးမြှင့်ဆောင်ရွက်လာခဲ့ပါတယ်။ ဂျပန်-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးမှာ ကနဦးချိတ်ဆက်ဆောင်ရွက်မှုတွေကတစ်ဆင့် ဦးစားပေးဆောင်ရွက်သင့်တဲ့ စီမံကိန်းတွေနဲ့ ကိစ္စရပ်တွေကို ဆွေးနွေးညှိနှိုင်းပြီး စီမံကိန်းပုံစံချခြင်းကို ဆက်လက်လုပ်ဆောင်ခဲ့ကြပါတယ်။

အခြေခံအဆောက်အအုံ တည်ဆောက်ရေးနဲ့ ပတ်သက်ပြီး အကျိုးအမြတ်ရရှိရေးနဲ့ လုံခြုံစိတ်ချရေး၊ လူ့အဖွဲ့အစည်းနဲ့ ပတ်ဝန်းကျင်ပြဿနာတွေကို ထည့်သွင်းစဉ်းစားပြီး သေချာခိုင်မာစွာ လုပ်ကိုင်ဆောင်ရွက်ကာ စီမံကိန်းကတစ်ဆင့် ပေါ်ပေါက်လာမယ့် အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ စွမ်းရည်ပျိုးထောင်မှုတွေကို အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ စီမံကိန်းလက်ခံတဲ့ နိုင်ငံရဲ့ဘဏ္ဍာရေး ဟန်ချက်ညီမျှရေး၊ စီးပွားရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာတွေ ညီညွတ်မျှတရေးအပြင် လိုအပ်ချက်အပေါ် မူတည်ပြီး လွတ်လပ်စွာအသုံးပြုခွင့်ရှိရမယ့် နိုင်ငံတကာစံချိန်စံညွှန်းနဲ့ ကိုက်ညီတဲ့ "အရည်အသွေးမြင့် အခြေခံအဆောက်အအုံများ"တိုးပွားလာရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံမှာလည်း စောစောက ပြောသွားတဲ့ သီလဝါအထူးစီးပွားရေးဇုန်နဲ့ အရှေ့အနောက်စီးပွားရေးစင်္ကြံ တိုးတက်ရေးစီမံကိန်းတွေဟာ အဲဒီအကျိုးရလဒ်တွေကို ခံစားနိုင်မယ့် စီမံကိန်းတွေဖြစ်မယ်လို့ ထင်ပါတယ်။

ဒါ့အပြင် ပင်လယ်ရပ်ခြားသယ်ယူပို့ဆောင်ရေးလမ်းကြောင်းမှာ ဘေးအန္တရာယ်ကင်းရှင်းစေပြီး တရားဥပဒေ စိုးမိုးရေးကိုအခြေခံတဲ့ လွတ်လပ်ပြီး ပွင့်လင်းတဲ့ ပင်လယ်ပြင်ဥပဒေကို လိုက်နာစောင့်ထိန်းကာ ပင်လယ်ပြင်ဥပဒေအာဏာသက်ရောက်ရေးနဲ့၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာကူညီကယ်ဆယ်မှုတွေအတွက် (HA/DR) စွမ်းရည်တည်ဆောက်ရေးအထောက်အပံ့တွေကို ပေးအပ်လာခဲ့တာ ဖြစ်ပါတယ်။

**မေး။ ။ "လွတ်လပ်ပြီးပွင့်လင်းတဲ့ အိန္ဒိယ-ပစိဖိတ်မဟာဗျူဟာ" အရ မြန်မာနိုင်ငံက ဘယ်လိုအနေအထားက ပါဝင်မှာပါလဲ။**

ဖြေ။ ။ ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ သမိုင်းစဉ်ဆက်ရင်းနှီးချစ်ကြည်တဲ့နိုင်ငံဖြစ်ပြီး လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်မှာ သမိုင်းဝင်အပြောင်းအလဲကို ကြုံတွေ့ခံစားခဲ့ရတဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးကို ဘက်ပေါင်းစုံက ကူညီထောက်ပံ့သွားမယ့်မူဝါဒကို ကိုင်စွဲထားပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် အမြစ်တွယ်ခိုင်မာပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ခြင်းဟာ မဲခေါင်ဒေသနဲ့ အာဆီယံဒေသကို အစပြုလို့ အိန္ဒိယ-ပစိဖိတ်ဒေသတစ်ခုလုံးရဲ့ တည်ငြိမ်အေးချမ်းရေး၊ ကြွယ်ဝချမ်းသာရေးနဲ့ တိုက်ရိုက်ဆက်စပ်နေတယ်လို့ ယူဆမိပါတယ်။

အရှေ့တောင်အာရှနဲ့ တောင်အာရှဒေသရဲ့ ပေါင်းဆုံရာနေရာမှာ တည်ရှိတဲ့ မြန်မာနိုင်ငံဟာ "လွတ်လပ်ပြီးပွင့်လင်းတဲ့ အိန္ဒိယ-ပစိဖိတ်မဟာဗျူဟာ" ပေါ်ပေါက်လာဖို့ အဓိကသော့ချက်နိုင်ငံဖြစ်ပြီး ဂျပန်နိုင်ငံက မြန်မာနိုင်ငံကို အထူးအလေးထားလျက်ရှိပါတယ်။ အဲဒီ မဟာဗျူဟာက မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အပြည့်အဝအကျိုးပြုနိုင်ဖို့အတွက် စောစောက တင်ပြခဲ့တဲ့ အချက် သုံးချက်အတိုင်း ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဲဒီလိုလုပ်ဆောင်သွားရင်း အနောက်ဘက်မှာ အိန္ဒိယ၊ အရှေ့အလယ်ပိုင်း၊ အာဖရိက၊ နောက်ပြီး အရှေ့ဘက်မှာ မဲခေါင်နိုင်ငံအသီးသီး၊ တောင်တရုတ်ပင်လယ်ကို ဖြတ်ပြီး ပစိဖိတ်သမုဒ္ဒရာကို ဆက်စပ်တဲ့လမ်းကြောင်းတွေမှာ လူ၊ ကုန်ပစ္စည်းသွားလာစီးဆင်းမှုကို ချောမွေ့ပြေပြစ်စေပြီး ဒေသတစ်ခုလုံးရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဂျပန်နိုင်ငံမှာတော့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအပေါ် မျှော်လင့်ချက် အလွန်မြင့်မားနေပြီး နောက်ပိုင်းမှာလည်း မြန်မာနိုင်ငံနဲ့အတူတကွ တိုးတက်သွားနိုင်ဖို့ မျှော်လင့်လျက်ရှိပါတယ်။ ။

**သတင်းအဖွဲ့**

---

## ချင်းတွင်းမြစ်အထက်ပိုင်းရှိ နေရာသုံးခုတွင် ငါးမဖမ်းရဇုန်များသတ်မှတ်၍ ငါးသယံဇာတ ထိန်းသိမ်းရေးဆောင်ရွက်မည်



**မုံရွာ ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ်အထက်ပိုင်းရှိနေရာ သုံးခုတွင် ငါးမဖမ်းရဇုန်များသတ်မှတ်၍ ငါးသယံဇာတရေရှည်တည်တံ့စေရန် ဒေသခံပြည်သူများဦးဆောင်ကာ ထိန်းသိမ်းမည့်အစီအစဉ်ကို ငါးလုပ်ငန်းဦးစီးဌာနနှင့်အတူ သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)၊ FishBio အဖွဲ့နှင့် လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ချင်းတွင်းမြစ်အထက်ပိုင်းရှိ လင်းဖားကျေးရွာ၊ ပဒူမုန်းကျေးရွာ၊ ဟိန်စွန်းကျေးရွာ၊ ကောင်းဟိန်းကျေးရွာ၊ စွယ်ခေါင်းငေါ်ကျေးရွာ၊ ထွက်ဝကျေးရွာနှင့် နမ်းတင်းဖောင်းဆိုင်ကျေးရွာတို့တွင် ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ထိန်းသိမ်းရေးလုပ်ငန်းတို့အတွက် ငါးမဖမ်းရဇုန်များသတ်မှတ်ကာ ဆောင်ရွက်ရန် စီစဉ်ခဲ့သော်လည်း ယခုနှစ်တွင် ကျေးရွာ သုံးရွာ၏ နေရာ သုံးခုတွင်သာ ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းမှာ လင်းဖားကျေးရွာ၊ ပဒူမုန်းကျေးရွာနှင့် ထွန်းဝကျေးရွာအနီးရှိ မြစ်ချောင်းများတွင် ငါးမဖမ်းရဇုန်များသတ်မှတ်ကာ ယခုနှစ်မိုးတွင်းကာလမှစ၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

"အဓိက ရည်ရွယ်ချက်က ငါးတွေရှားလာတဲ့အဆင့်ကနေ ငါးကောင်ရေတွေ ပြန်ပြီးတော့ တိုးလာနိုင်လို့ ချင်းတွင်းမြစ်မှာ ထိန်းသိမ်းရေးတွေ စလုပ်တာပါ၊ ကျေးရွာခုနစ်ရွာမှာလုပ်မယ်လို့ စီစဉ်ထားပေမယ့် ဒီနှစ်မှာတော့ သုံးနေရာလောက်မှာပဲ စလုပ်ပါမယ်၊ ကျေးရွာတွေက ဒီလိုပူးပေါင်းပြီးတော့ လုပ်ချင်တယ်ဆိုရင် ကျွန်မတို့အဖွဲ့တွေက လုပ်ပေးတာပါ၊ ငါးတွေ ပေါလာရင် သူတို့တွေရဲ့ လူမှုရေးနဲ့ စီးပွားရေးတွေလည်း တိုးတက်လာမယ်၊ ဝင်ငွေပိုကောင်းလာမယ်၊ ပြီးတော့ တရားမဝင်နည်းနဲ့ ငါးဖမ်းမှုတွေလည်း လျော့နည်းလာလိမ့်မယ်လို့ ထင်ပါတယ်" ဟု လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့မှ ဒါရိုက်တာ ဒေါက်တာကလျာက ပြောသည်။

အဆိုပါ ငါးမဖမ်းရဇုန်များကို ဒေသခံပြည်သူများက ဦးဆောင်ကာ ပြုလုပ်ရမည်ဖြစ်သောကြောင့် ဒေသခံများအနေဖြင့် စီမံခန့်ခွဲနိုင်ရေးအတွက် ကော်မတီများဖွဲ့ခြင်း၊ ငါးသယံဇာတဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းတို့ကို အဆိုပါ ပူးပေါင်းအဖွဲ့က နည်းပညာများကူညီပေးသွားမည်ဖြစ်သည်။ ဇန်နဝါရီ ၂၃ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ သွားရောက်ခဲ့သော ရေချိုငါးသယံဇာတများ ရေရှည်တည်တံ့စေရေး ဒေသခံပြည်သူများနှင့် အသိပညာပေးဆွေးနွေးရေးခရီးစဉ်တွင် အဆိုပါကျေးရွာ ခုနစ်ရွာမှ ဒေသခံပြည်သူ ၃၅၀ ခန့်ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။ **ညီတူး**

# အကောက်ခွန်မဲ့ သကြားအိတ်ပေါင်း ၁၄၀ သယ်ဆောင်လာမှု ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တရားမဝင် အကောက်ခွန်မဲ့ သကြား ၅၀ ကီလိုဂရမ်ရှိ အိတ်ပေါင်း ၁၄၀ သယ်ဆောင်လာသည်ကို မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့များက ဖေဖော်ဝါရီ ၆ ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဖေဖော်ဝါရီ ၆ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ညောင်ခါးရှည်အကျော် မြစ်ကျိုးလမ်းအနီးတွင် Mitsubishi Canter Truck မော်တော်ယာဉ်ကို ရှောင်တခင်စစ်ဆေးရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် သကြား ၅၀ ကီလိုဂရမ် အိတ် ၁၄၀ နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီးအပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ ဒသမ ၄၈၀ သန်းခန့် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ ဖေဖော်ဝါရီ ၆ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တရားမဝင် ကုန်သွယ်မှုများအား တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၇၉၃ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၅၂၀ သန်းခန့်) စုစုပေါင်း တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၃၁၃ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



ဖေဖော်ဝါရီ ၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၈၉ စီး၊ သွင်းကုန် ၁၀၂၁ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

**ဝဝ၁**

# မြစ်ကြီးနားမြို့ရှိ ကမ္ဘောဇဘဏ် လုယက်မှုတွင် မသင်္ကာသူ အမျိုးသား သုံးဦးကို စစ်ဆေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၇**

မြစ်ကြီးနားမြို့ရှိ စည်ပင်သာယာဈေး (၁) အပေါ်ထပ်တွင် ဖြစ်ပွားခဲ့သည့် ကမ္ဘာဇ မိနီဘဏ်လုယက်မှုတွင် မသင်္ကာသူ အမျိုးသားသုံးဦးအား ရမန်ယူ၍ စစ်ဆေးနေကြောင်း မြစ်ကြီးနားမြို့ မြို့မရဲစခန်းမှ သိရသည်။

"ဘဏ်လုယက်မှုမှာ မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်က မသင်္ကာတဲ့ အမျိုးသား သုံးယောက်ကို ရမန်(ချုပ်မိန့်)ယူပြီး စစ်ဆေးနေပါတယ်"ဟု မြစ်ကြီးနားမြို့ မြို့မရဲစခန်းမှ တပ်ကြပ် ကိုသက်နိုင် ကပြောသည်။

အဆိုပါ အမျိုးသားသုံးဦးကို ဇန်နဝါရီ ၂၈ ရက်၊ ဖေဖော်ဝါရီ ၁ ရက်နှင့် ဖေဖော်ဝါရီ ၄ ရက်တို့တွင် မြို့မရဲစခန်းက ရမန်ယူစစ်ဆေးလျက်ရှိကြောင်း၊ အသေးစိတ်အချက်အလက်များကို ထုတ်ပြန်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၏ စာရင်းများအရ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ တစ်လအတွင်းတွင် ကချင်ပြည်နယ်အတွင်း၌ လုယက်မှု သုံးမှု ဖြစ်ပွားခဲ့ပြီး ရဲစခန်းများသို့လာရောက်တိုင်ကြားထားခြင်းမရှိသော လုယက်မှုများလည်း မြစ်ကြီးနားမြို့၏ ရပ်ကွက်တိုင်းလိုလိုတွင် ဖြစ်ပွားနေကြောင်း လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် တွေ့ရှိနေရသည်။

**မင်းမင်းဦး**

# တမူးမြို့နှင့် ခါမ်းပါတ်မြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မူးယစ်တပ်ဖွဲ့စု(၇) တမူးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက် ညနေ ၅ နာရီခွဲက ခါမ်းပါတ်မြို့ တမူး-ကလေး ကားလမ်း ဘုက္ကန်ကျေးရွာအနီး၌ မြင့်ချို မောင်းနှင်ပြီး နိုင်လင်းအောင် (ခ) အဲလေး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ ၃ ဒသမ ၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၀ ကို လည်းကောင်း၊ အလားတူ ဖွေးနိုင်(ခ)အဲဖွေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ကိုးခွက် (အလေးချိန် ၉၉ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀နှင့် Buprenorphine 100 တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ည ၈ နာရီက မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် (၅၉) လမ်းနှင့် မင်းကြီးရန်နောင် လမ်းထောင့်ရှိ စားသောက်ဆိုင်၌ ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်နေ အောင်စိုးမိုး(ခ)စိုးမိုးကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားကို လည်းကောင်း။

ဖေဖော်ဝါရီ ၅ ရက် ညနေ ၆ နာရီခန့်က ရေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေးမြို့နယ် ကလော့ကျေးရွာ အမှတ်(၁၇)ရပ်ကွက်နေ မသွယ်သွယ်မိုး(ခ) မကရင်မ၏ နေအိမ်ကို ရှာဖွေရာ နေအိမ်နောက်ဖေး ပလတ်စတစ်အိတ်ထဲရှိ စက္ကူဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၂ ကိုလည်းကောင်း။

ဖေဖော်ဝါရီ ၆ ရက် ညနေ ၃ နာရီက အေးသာယာနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အေးသာယာမြို့ ရပ်ကွက်(၃) နယ်မြေ(၃) တောင်ကြီး-အေးသာယာလမ်းတွင် ကျော်စိုးလင်း (ခ)အိုစမန် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၇၀ ကို လည်းကောင်း။

ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက ပင်လောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါး သတင်းအရ ပင်လောင်းမြို့နယ် ထီပေါင်းကျေးရွာအုပ်စု နားမွန်းကျေးရွာနေ မခင်ဝင်းရီ(ခ)မနန်းခင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ကို လည်းကောင်း၊ အလားတူ ဖေဖော်ဝါရီ ၆ ရက် ည ၇ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လူချွေပို မောင်းနှင်ပြီး ဦးညွန့် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**မခင်ဝင်းရီ (ခ)မနန်းခင်၊ ဦးညွန့် နှင့် လူချွေပို(ခ)ကျော်စိုးထွန်းတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

# စိတ်ကြွဆေးပြားများသယ်ဆောင်လာသူ နှစ်ဦးကို ဖမ်းဆီး

**ဘားအံ ဖေဖော်ဝါရီ ၇**

ကရင်ပြည်နယ် ဘားအံမြို့နယ် မူးယစ်တပ်ဖွဲ့စု(၃၁)မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး ဖေဖော်ဝါရီ ၅ ရက် ညနေ ၃ နာရီခန့်က အိန္ဒူ-ဇာသပြင်လမ်းတွင် ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်စဉ် အိန္ဒူကျေးရွာမှ ဇာသပြင်ကျေးရွာသို့ ပြည့်လျှံပိုင်(ခ)ပိုင်ပိုင်(၂၀)နှစ်နှင့် ပြည့်သော်(၂၁)နှစ် မော်လမြိုင်မြို့နေသူတို့ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ အစစ်ဆေးမခံသဖြင့် လုံးထွေးဖမ်းဆီးခဲ့ရသည်။

ထို့နောက် ရှာဖွေစစ်ဆေးရာ ပြည့်လျှံပိုင် ဆောင်းထားသည့် ဆိုင်ကယ်ဦးထုပ်အတွင်း ပလတ်စတစ်အကြည်ကပ်ခွာအိတ်ဖြင့် ထည့်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀၉ ပြားကို ဆက်စပ်ပစ္စည်းများနှင့်အတူ ရှာဖွေသိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့နှစ်ဦးအား ဇာသပြင်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဆိပ်ဖြူမြို့ ယောဝရပ်ကွက်တွင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးကူးစက်လောင်ကျွမ်း

**ဆိပ်ဖြူ ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ယောဝရပ်ကွက်တွင် ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က နေအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ဆိပ်ဖြူမြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ်တစ်စီးနှင့်အတူ သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၂ နာရီ ၃၉ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ယောဝရပ်ကွက်နေ ဦးသိန်းထွန်းအောင်၏ နေအိမ်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ မီးကြွင်းမီးကျန်မှ ကူးစက်လောင်ကျွမ်းခြင်းဖြစ်၍ ဦးသိန်းထွန်းအောင်အား ဆိပ်ဖြူမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **စိုးလင်းနိုင်(IPRD)**

# ဓာတ်ခဲနှင့် ဝိုင်ယာကြိုးစ ရှော့ခ်တိုက်ရာမှ ပေါက်ကွဲမှုဖြစ်

**ကလေးဝ ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် အမှတ် (၁)ရပ်ကွက် ရုံးကြီးလမ်းနေ ဒေါ်အဲရီ၏ နေအိမ်ခြံဝင်းအတွင်းရှိ တောင်ကုန်းပေါ်၌ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်မင်းသန့်ကောင်း၊ မောင်ဟန်နိုင်စိုးနှင့်မောင်စိုင်းခန့်တို့သည် အမှတ်(၂)ရပ်ကွက် ဝင်းညီနောင်တိုက်ရှေ့ မြက်ခင်းပြင်ပေါ်မှတွေ့ရှိသော လုံးပတ်လက်သန်းလုံးခန့် အရှည်တစ်လက်မရှိ ဝိုင်ယာကြိုးစပါသည့် အမည်မသိ ပစ္စည်း၏ ဝိုင်ယာကြိုးစကို ဓာတ်ခဲဖြင့်ရှော့ခ်တိုက်ရာ ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုကြောင့် ကလေးငယ်သုံးဦးမှာ ယာလက်ဖမိုးပေါက်ပြဲဒဏ်ရာ၊ယာတင်ပါး၊ယာခြေဖမိုးနှင့် ခြေသလုံးယမ်းစစဉ်ဒဏ်ရာ၊ ယာလက်မောင်းလက်မဝက်ခန့်ပေါက်ပြဲဒဏ်ရာများရရှိခဲ့၍ ယင်းကလေးငယ်သုံးဦးမှာ ကလေးဝမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ဒဏ်ရာများမှာ စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

**သက်ဟန်(ကလေးဝ)**



# ဆိုင်ကယ်နှင့်ခရီးသည်တင်ယာဉ်မျက်နှာချင်းဆိုင်တိုက်၊ တစ်ဦးသေဆုံး

**ကျောက်ဆည် ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ဆည်ရွာကျေးရွာအနီးတွင် ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီခန့်က ခရီးသည်တင်ယာဉ်နှင့်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိပြီး ဆိုင်ကယ်မောင်းနှင်သည့်အမျိုးသားမှာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခရီးသည်တင်လိုင်းကား 7A/----- HILUX သည် ခရီးသည်များ တင်ဆောင်ပြီး မန္တလေးသို့ ရန်ကုန်-မန္တလေးကားလမ်းဟောင်း ပလိပ်မြို့ ဂတ်စ်ဆိုင်လမ်းအတိုင်းမောင်းနှင်လာစဉ် ပလိပ်မှ စဉ့်ကိုင်မြို့နယ် စံပြကျေးရွာနေ မင်းမင်းသန့်(၂၁)နှစ် မောင်းနှင်လာပြီး နောက်မှ မိုးသူ(၂၀)နှစ် လိုက်ပါလာသည့် ၂၄ယ/----- New Anbo-110 အနက်ရောင် ဆိုင်ကယ်နှင့် လမ်းဟောင်းမိုင်တိုင် (၄၁၇/၂-၃)တွင် မျက်နှာချင်းဆိုင် တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သည့် မင်းမင်းသန့်မှာ နေရာတွင် သေဆုံးခဲ့ပြီး ဆိုင်ကယ်နောက်မှလိုက်ပါလာသည့် မိုးသူမှာ စိုးရိမ်ရ ဒဏ်ရာများရရှိခဲ့သည်။

ခရီးသည်တင်ယာဉ်မှာ ထွက်ပြေးမောင်းနှင်သွားသဖြင့် အမြန်ဖမ်းဆီးရမိရေး ပလိပ်နယ်မြေရဲစခန်းမှူး ရဲအုပ်လှညွန့်က ဆက်စပ်မြို့နယ် ရဲစခန်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ ည ၇ နာရီ မိနစ် ၂၀ တွင် ကျောက်ဆည်မြို့မရဲစခန်းက ပူးပေါင်းဆောင်ရွက်သတင်းပေးမှုကြောင့် ကျောက်ဆည်မြို့ ဖောင်ရွှာ ရွာသစ်ရပ်ကွက်နေ ယာဉ်မောင်း တင်မိုးအောင် (၂၉)နှစ်အား ယာဉ်နှင့်အတူဖမ်းဆီးရမိပြီး ၎င်းအား ပလိပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ဂိုးသမား ဒီဂီယာနဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းအတွက် အထိမ်းအမှတ် မှတ်တိုင်တစ်ရပ်ဖြစ်ခဲ့တဲ့ ရက်သတ္တပတ်

ပရီမီယာလိဂ်ပွဲစဉ်(၂၆)ဟာ မန်ယူဂိုးသမား ဒီဂီယာနဲ့ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းတို့အတွက်တော့ အထိမ်းအမှတ် မှတ်တိုင်တစ်ရပ် ဖြစ်ခဲ့ပါတယ်။ အဲဒီကတော့ ဂိုးသမား ဒီဂီယာဟာ ပရီမီယာလိဂ်ပွဲ ၃၀၀ ပြည့်ဖြစ်ခဲ့သလို တိုက်စစ်မှူး ဟယ်ရီကိန်းအတွက်လည်း ပရီမီယာလိဂ်သွင်းဂိုး ၁၀၀ ပြည့် သွင်းယူနိုင်ခဲ့တဲ့ ရက်သတ္တပတ် ဖြစ်ခဲ့လို့ပါပဲ။

မန်ယူဂိုးသမား ဒေးဗစ်ဒီဂီယာဟာ ဟက်ဒါဖီးလ်အသင်းနဲ့ မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်အပြီးမှာ မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲ ၃၀၀ ပြည့်မြောက်ခဲ့တာ ဖြစ်ပါတယ်။

ဂိုးသမား ဗန်ဒါးဆား အနားယူသွားခဲ့တဲ့နောက် ၂၀၁၁ ခုနှစ်မှာ မန်ယူဂန္ထဝင်နည်းပြဆာအဲလက်စ်ဖာဂူဆန်က ဂိုးသမား ဒီဂီယာကို စတင်ပွဲထုတ်ခဲ့ပါတယ်။ ဂိုးသမား ဒီဂီယာဟာ အသက်၂၀ အရွယ်မှာ အိုးထရက်ဖို့ဒ်ကို ရောက်ရှိလာခဲ့တာဖြစ်ပြီး အဲဒီအချိန်က ဒီဂီယာရဲ့ လက်စွမ်းဟာ အားရစရာအခြေအနေတစ်ခု မဟုတ်ခဲ့ပေမယ့် နည်းပြကြီး ဖာဂူဆန်ကတော့ ဂိုးသမားဒီဂီယာဟာ သင်ယူဆဲကာလသာ ဖြစ်တယ်ဆိုပြီး အောင်မြင်မှုရရှိလာလိမ့်မယ်လို့ အခိုင်အမာပြောခဲ့ပါတယ်။

အခုတော့ ဒီဂီယာဟာ အသက်၂၇ နှစ်ထဲ ရောက်ရှိနေသလို အောင်မြင်မှုလည်း ရရှိနေပြီဖြစ်ပြီး မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲပေါင်း ၃၀၀ လည်း ပြည့်ခဲ့ပါပြီ။

အနည်းဆုံးပွဲ ၅၀ မှာ ဂိုးသမားတစ်ဦးချင်းစီရဲ့ ဂိုးပေါက်ကာကွယ်နိုင်စွမ်း ရာခိုင်နှုန်းအရကြည့်မယ်ဆိုရင်လည်း ဂိုးသမား ဒီဂီယာဟာ ၇၄ ဒသမ ၁၅ ရာခိုင်နှုန်း၊ ဂိုးသမား ပီတာဆတ်ချ်ဟာ ၇၃ ဒသမ ၅၄ ရာခိုင်နှုန်း၊ ဂိုးသမား မန်နိုနီဟာ ၇၃ ဒသမ ၃ ရာခိုင်နှုန်း၊ ဂိုးသမား ဟီတန်က ၇၂ ဒသမ ၃၇ ရာခိုင်နှုန်းနှင့် ဂိုးသမား ပန်တီလီမွန်က ၇၂ ဒသမ ၃ ရာခိုင်နှုန်း စသဖြင့် အသီးသီး စွမ်းဆောင်နိုင်ခဲ့ကြတာ ဖြစ်ပါတယ်။

ဂိုးသမား ဒီဂီယာဟာ ၂၀၁၁ ခုနှစ်အတွင်းက ဝက်စ်ဘရွန်းအသင်းနဲ့ မန်ယူအသင်းတို့ကစားခဲ့တဲ့ပွဲစဉ်မှာ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး လက်ရှိမှာတော့ မန်ယူအသင်းအတွက် ဂိုးပေါက်ခြိမ်းခြောက်မှုအကြိမ်ရေ ၆၂၀ အထိ ကာကွယ်နိုင်ခဲ့ပါတယ်။ ဂိုးသမား မစ်ဂ်နိုလက်က ၅၉၈ ကြိမ်နဲ့ ဘန်ဖော်စတာက ၅၉၃ ကြိမ် စသဖြင့် ဂိုးပေါက် ကာကွယ်နိုင်ခဲ့ကြတာ ဖြစ်ပါတယ်။

ဂိုးသမား ဒီဂီယာအနေနဲ့ အခြားသော ပြိုင်ဘက်ဂိုးသမားတွေဖြစ်တဲ့ ချယ်လ်ဆီးဂိုးသမား ကော်တိုရစ်၊ အာဆင်နယ်ဂိုးသမား ပီတာဆက်ချ်တို့ထက် ပိုမိုပွဲထွက်ကစားခွင့် ရရှိပါတယ်။ မိနစ်အလိုက် ဂိုးခွင့်ပြုပေးလိုက်ရမှုတွင်လည်း ဂိုးသမား ဒီဂီယာဟာ ၂၀၃၂၄ မိနစ်မှာ ၂၁၄ ဂိုး၊ ကော်တိုရစ်ဟာ ၁၀၃၂၄ မိနစ်မှာ ဂိုး ၁၁၀ နဲ့ ပီတာဆတ်ချ်ဟာ ၁၈၃၉၉ မိနစ်မှာ ၂၀၄ ဂိုးစသဖြင့် ဂိုးတွေ ခွင့်ပြုပေးလိုက်ရတာဖြစ်ပြီး အဲဒီကစားသမား သုံးဦးထဲမှာတော့ ဒီဂီယာဟာ လက်စွမ်းပြကစားနိုင်ဆုံး ဂိုးသမားလည်း ဖြစ်လာခဲ့ပါတယ်။

ဂိုးသမား ဒီဂီယာ အခုတစ်ပတ်ထဲမှာ ပရီမီယာလိဂ်ပွဲပေါင်း ၃၀၀ ပြည့်ခဲ့သလို တိုက်စစ်မှူး ဟယ်ရီကိန်းဟာလည်း ဂိုး ၁၀၀ ပြည့်ခဲ့ပါတယ်။ ဟယ်ရီကိန်းဟာ စပါးအသင်းနဲ့အတူ ဂိုး ၁၀၀ ပြည့်သည့် ပထမဆုံးကစားသမားဖြစ်လာခဲ့ပြီး ရှာရင်ဂမ်က ၉၇ ဂိုး၊ ဂျာမိန်းဒီဖိုးနဲ့ ရော်ဘီကိန်းက ၉၁ ဂိုးစီ အသီးသီး ဂိုးတွေ သွင်းယူပေးထားကြပါတယ်။

ဟယ်ရီကိန်းဟာ လက်ရှိမှာ စပါးနဲ့အတူ ပွဲပေါင်း ၁၄၁ ပွဲမှာ သွင်းဂိုး ၁၀၀ ပြည့်ခဲ့ပြီး ပရီမီယာလိဂ်မှာ ၂၂ ဂိုး သွင်းယူထားကာ ဂိုးသွင်းအများဆုံးကစားသမားအဖြစ်လည်း ရပ်တည်နေပါတယ်။

ငွေကြယ် - ရေးသားသည်






## (၇၁) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားတွင် ရှမ်းယူနိုက်တက်ဘောလုံးအသင်း ဆုချီးမြှင့်ခံရ

(၇၁) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ရှိ ကျောက်တိုင်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ (၇၁) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ရှမ်းပြည်နယ် ပြည်နယ်လူမှုရေးဝန်ကြီးက ဖတ်ကြားသည်။ ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်အတွင်း ထူးချွန်စွာဆောင်ရွက်ခဲ့သူများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ ပြည်နယ်အဆင့် စီမံထူးချွန် ပထမဆုကို ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ရှမ်းယူနိုက်တက် ဘောလုံးအသင်း (ယခင်ကမ္ဘောဇဘောလုံးအသင်း) တည်ထောင်သူ ဒေါ်နန်းလိုင်းခမ်း၊ ပြည်နယ်အဆင့် စီမံထူးချွန်ဒုတိယဆုကို ရှမ်းယူနိုက်တက်ဘောလုံးအသင်း ဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေနှင့် ရှမ်းယူနိုက်တက်ဘောလုံးအသင်းက ရရှိခဲ့သည်။ **(အပေါ်ပုံ)**

ယင်းအခမ်းအနားတွင် ပြည်နယ်အဆင့် စီမံထူးချွန်ဆုများ၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုဆိုင်ရာထူးချွန်ဆုများ၊ စီးပွားထူးချွန်ဆု၊ စိုက်ပျိုးထူးချွန်ဆု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးထူးချွန်ဆု၊ မွေးမြူထူးချွန်ဆု၊ နိုင်ငံတကာပြိုင်ပွဲများနှင့် ပြည်တွင်းအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရခဲ့သည့် အားကစားသမားများအား ဆုများချီးမြှင့်ခဲ့ကြသည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-စိုးညွန့်**

# ဖီအိုရင်တီးနားကို ခက်ခက်ခဲခဲ ရင်ဆိုင်ရနိုင်တဲ့ ဂျူဗင်တပ်

ရှိုင်းမင်းမင်း - ရေးသားသည်

### ၂၀၁၇-၁၈ အီတလီစီးရီးအေရင်ခုန်သံ-၂၄

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၂၄ ကို လာမယ့် ဖေဖော်ဝါရီ ၁၀၊ ၁၁၊ ၁၂ ရက်တွေမှာ ဆက်လက်ကျင်းပသွားမှာဖြစ်ပြီး ဒီပွဲစဉ်မှာ အသင်းကောင်းတွေဖြစ်တဲ့ ဖီအိုရင်တီးနားနဲ့ ဂျူဗင်တပ်၊ နာပိုလီနဲ့ လာဇီယိုတို့ ဆုံတွေ့နေကြတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေသလို အကြိတ်အနယ်လည်း ရှိနိုင်ပါတယ်။**

### ဖီအိုရင်တီးနား - ဂျူဗင်တပ် နံနက် ၂း၁၅ (၁၀-၂-၁၈)

ဖီအိုရင်တီးနား ခြေပျက်နေပေမယ့် အိမ်ကွင်းဖြစ်သလို အမှတ်လိုအပ်နေလို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဂျူဗင်တပ်က ခြေစွမ်းကောင်းမွန်နေပေမယ့် ဒီပွဲအပြီး ချန်ပီယံလိဂ်ပွဲအဖြစ် စပါးနဲ့ ကစားရမှာဖြစ်လို့ ခြေကုန်ထုတ်နိုင်ဖို့ခက်တယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဂျူဗင်တပ်တို့ ဖီအိုရင်တီးနားကို လွယ်လွယ်အနိုင်မရနိုင်ပါဘူး။ ဂျူဗင်တပ်အနိုင်ရခဲ့မယ်ဆိုရင်တောင်မှ ဂိုးပြတ်ဖို့ခက်တယ်။

### SPAL - မီလန် ည ၈း၃၀ (၁၀-၂-၁၈)

SPAL က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေပါတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်နေကာ တန်းမဆင်းရဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အထူးသဖြင့် မီလန်က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ တိုးတက်မှုတွေရှိလာတာမှန်ပေမယ့် ဒီပွဲအပြီးမှာ ယူရိုပါလိဂ်အဝေးကွင်းပွဲကစားရမှာဖြစ်တာကြောင့် အားစိုက်ကစားဖို့ခက်ပါတယ်။ ဒ့ါအပြင် မီလန်က အဝေးကွင်းခြေက ကျဆင်းတတ်လို့ မီလန် အနိုင်ရရင်တောင် ဂိုးမပြတ်ဘူး။

### ခရိုတိုနီ - အတ္တလန္တာ ည ၁၁း၃၀ (၁၀-၂-၁၈)

အတ္တလန္တာက ခြေစွမ်းပိုင်းအရ ကောင်းမွန်မှုရှိတာမှန်ပါတယ်။ ဒါပေမယ့်လည်း အတ္တလန္တာက ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ပွဲအဖြစ် ဂျာမနီမှာ ဒေ့ါမွန်နဲ့ အဝေးကွင်းပွဲကစားရဖို့ရှိနေလို့ ခြေကုန်ထုတ်နိုင်ဖို့တော့ ခက်ပါတယ်။ ဒ့ါအပြင် ခရိုတိုနီကလည်း တန်းမဆင်းရဖို့ အမှတ်လိုအပ်နေတာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အတ္တလန္တာတို့ သရေလောက်ပဲကစားနိုင်မယ်။

### နာပိုလီ - လာဇီယို နံနက် ၂း၁၅ (၁၁-၂-၁၈)

ဒီပွဲအပြီးမှာ နှစ်သင်းစလုံး ယူရိုပါလိဂ်ပွဲတွေ ကစားရမှာဖြစ်ပေမယ့် နာပိုလီက အိမ်ကွင်းမှာ ကစားရမှာဖြစ်ကာ လာဇီယိုကတော့ အဝေးကွင်းပွဲသွားကစားရမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာလည်း နာပိုလီခြေက ပိုမိုကောင်းမွန်နေသလို အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း နာပိုလီတို့ တိုက်စစ်ပိုင်းက ပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ နာပိုလီကသာ အိမ်ကွင်းနိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

### ဆာစူအိုလို - ကယ်ဂလီယာရီ ည ၆း၀၀ (၁၁-၂-၁၈)

နှစ်သင်းစလုံး လက်ရှိအချိန်မှာ တန်းမဆင်းရရေးအတွက် စိတ်ချရတဲ့အခြေအနေမှာမရှိတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဆာစူအိုလိုက အိမ်ကွင်းဖြစ်နေတာကြောင့် တိုက်စစ်ကို ပိုမိုအားပြုကစားလာနိုင်ပါတယ်။ ဒါပေမယ့် ဆာစူအိုလိုရဲ့ တိုက်စစ်ပိုင်းကတော့ အဆုံးသတ်အားနည်းမှုတွေ ရှိနေပါတယ်။ ကယ်ဂလီယာရီကလည်း အဝေးကွင်းဖြစ်ပေမယ့် အားစိုက်လာမှာဖြစ်လို့ ဂိုးနည်းနည်းနဲ့ သရေကျနိုင်ပါတယ်။

### အင်တာ - ဘိုလော့နာ ည ၈း၃၀ (၁၁-၂-၁၈)

အင်တာမီလန် ခြေစွမ်းပိုင်း တော်တော်လေးအားနည်းနေတယ်။ ဒါပေမယ့် နိုင်ပွဲတွေ ဆက်တိုက်ပျောက်ဆုံးမှုနဲ့အတူ အမှတ်တွေဆုံးရှုံးမှုများခဲ့လို့ ဒီအိမ်ကွင်းပွဲမှာတော့ နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာ သေချာနေတယ်။ ဥရောပပွဲလည်း မရှိဘူး။ ဒါပေမယ့် ဘိုလော့နာရဲ့ လက်ရှိခြေစွမ်းပိုင်းက တိုးတက်မှုတွေရှိနေသလို အဝေးကွင်းမှာလည်း အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခြေရှိနေတာကြောင့် အင်တာ နိုင်မယ်ဆိုရင်တောင် ဂိုးမပြတ်နိုင်ဘူး။

### ချီယေဗို - ဂျီနိုအာ ည ၈း၃၀ (၁၁-၂-၁၈)

ချီယေဗိုရဲ့ ခြေစွမ်းပိုင်းက မဆိုးဘူးလို့ဆိုနိုင်ပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာဆိုရင် ခြေစွမ်းပိုင်းက ပိုမိုတည်ငြိမ်လေ့ရှိတယ်။ ဂျီနိုအာကတော့ ခြေစွမ်းပိုင်း အားနည်းမှုတွေရှိနေသလို အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းက ပိုမိုကျဆင်းတတ်တယ်။ ဒါကြောင့် အမှတ်လိုနေတဲ့ ချီယေဗိုတို့ ခြေကုန်ထုတ်လာရင် ဂျီနိုအာ အခက်တွေ့နိုင်ပါတယ်။ ချီယေဗိုကသာ အိမ်ကွင်းမှာ နိုင်ပွဲရသွားနိုင်ပါတယ်။

### ဆမ်ဒိုးရီးယား - ဗီရိုနာ ည ၈း၃၀ (၁၁-၂-၁၈)

ပထမအကျော့ကစားခဲ့တုန်းက ဗီရိုနာတို့ အိမ်ကွင်းမှာ သရေကစားနိုင်ခဲ့သလို ဒီပွဲမှာလည်း တန်းမဆင်းရဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း ဆမ်ဒိုးရီးယားခြေက အတော်လေး ကောင်းမွန်နေကာ ရိုးမားကိုတောင် တစ်ပွဲသရေ တစ်ပွဲအနိုင်ရခဲ့ပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာဆိုရင် ဆမ်ဒိုးရီးယားခြေက အတော်လေးကောင်းမွန်တတ်လို့ ဒီပွဲမှာတော့ ဗီရိုနာကို ဖိအားပေးသွားနိုင်မှာပါ။ ဆမ်ဒိုးရီးယားကသာ အိမ်ကွင်းမှာ နိုင်ပွဲရသွားမယ်။

### တိုရီနို - အူဒီးနီးစ် ည ၈း၃၀ (၁၁-၂-၁၈)

တိုရီနိုက အိမ်ကွင်းပွဲတွေမှာဆိုရင် ခြေစွမ်းပိုင်း ကောင်းမွန်တတ်သလို တိုက်စစ်ကစားပုံလည်း ထက်မြက်မှုရှိတတ်ပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် အူဒီးနီးစ်ကလည်း အဝေးကွင်းပွဲတွေမှာ တုံ့ပြန်ကစားပုံကောင်းမွန်တတ်တာကြောင့် တိုရီနိုတို့ မထင်မှတ်ဘဲ အခက်တွေ့နိုင်ပါတယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ သရေကျသွားဖို့ များနေပါတယ်။

### ရိုးမား - ဘီနီဗန်တို နံနက် ၂း၁၅ (၁၂-၂-၁၈)


ရိုးမားတို့ အမှတ်ဆုံးရှုံးမှုတွေရှိခဲ့လို့ နိုင်ပွဲရအောင် ဂရုတစိုက်ကစားလာနိုင်ပါတယ်။ အိမ်ကွင်းပွဲတွေမှာဆိုရင် ရိုးမားက ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်တတ်တယ်။ ဒါပေမယ့် ရိုးမားက လက်ရှိအချိန်မှာ ထိုးစစ်ပိုင်း အားနည်းမှုတွေရှိနေပါတယ်။ ရိုးမားအနေနဲ့ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲ ကစားရဖို့မရှိတာကြောင့် အားစိုက်ကစားလာမှာမှန်ပေမယ့်လည်း ဘီနီဗန်တိုကလည်း တန်းမဆင်းရဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဘီနီဗန်တိုခြေအားနည်းပေမယ့် ပထမအကျော့ကလို ရိုးမား ဂိုးများများရဖို့ခက်မယ်။

# ပဲခူးရိုးမတွန်းတင်ပြတ်ရွေ့မြေလျင်

ကျော်ကျော်လင်း(မိုးဇလ)

**မြန်မာနိုင်ငံ၏ ဘူမိရုပ်သွင်အနေအထား**

မြန်မာနိုင်ငံမှာ မြေငလျင်များလှုပ်စေခဲ့သည့် အဓိက အကြောင်းရင်းကြီး နှစ်ရပ်ရှိပါသည်။ မြောက်-အရှေ့ မြောက်ဘက်သို့ ရွေ့လျားနေသည့် အိန္ဒိယမြေထုချပ် (India Plate) သည် ယူရေးရှား မြေထုချပ် (Euasia Plate) ၏ အောက်သို့ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ၄ မှ ၆ စင်တီမီတာ နှုန်းဖြင့် ငုပ်လျှိုးဝင်ရောက်နေပါသည်။ အဆိုပါ ဖြစ်စဉ်ကြောင့် အနောက်ဘက် တွန့်ခေါက်တောင်တန်းရပ်ဝန်းတစ်လျှောက် လျှောတင်ပြတ်ရွေ့ (Reverse fault)များ ဖြစ်ပေါ်လာခဲ့ပါသည်။ အဆိုပါ ငုပ်လျှိုးတိုးဝင်ရောက်နေတဲ့ အပိုင်းကို Subduction Zone လို့ခေါ်ပြီး တိုးဝင်နေသည့် အစပိုင်းတစ်လျှောက်ရှိ အပိုင်းများကို Arakan Trench, Andaman Trench, Sumatra Trench နှင့် Java Trench လို့ခေါ်ပါသည်။ အနောက်ဘက် ချင်းတောင်တန်း၊ ရခိုင်ရိုးမဒေသမှ အရှေ့ဘက် စစ်ကိုင်းပြတ်ရွေ့အကြားရှိ မြန်မာမြေထုချပ်ငယ်သည် ကပ္ပလီပင်လယ်ရှိ ဖြန့်ကြက် ဗဟိုရပ်ဝန်း (Andaman Spreading Zone)မှ ပျမ်းမျှခြင်းတစ်နှစ်လျှင် ၂ ဒသမ ၅ မှ ၃ ဒသမ ၀ စင်တီမီတာ နှုန်းဖြင့် မြောက်ဘက်သို့ ဘေးတိုက်ရွေ့လျားနေပါသည်။ အဆိုပါ ရွေ့လျားမှု ဖြစ်စဉ်ကြောင့် စစ်ကိုင်းပြတ်ရွေ့နှင့်အတူ ဆက်စပ်ဖြစ်ပေါ်သောဘေးတိုက်ပြတ်ရွေ့ (Strike-slip fault) များ ဖြစ်ပေါ်လာခဲ့ပါသည်။





ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်နှင့် မြန်မာနိုင်ငံအတွင်းရှိ ပြတ်ရွေ့များ၏ တည်နေရာပြ ဘူမိဗေဒမြေပုံ (အဝါရောင်မြှားသည် India Plate ၏ Moving Direction)

မြန်မာနိုင်ငံ၏ မြေငလျင်လှုပ်ရှားမှုရပ်ဝန်းများကို ခွဲခြားလေ့လာကြည့်လျှင် ဒေသအပိုင်းအခြား သုံးခုရှိနေပါသည်။ ပထမအပိုင်းအနေဖြင့် ချင်းပြည်နယ်နှင့် ချင်းတွင်းမြစ်ဒေသတစ်လျှောက်မှ ရခိုင်ရိုးမ တောင်တန်းနှင့် ဘင်္ဂလားပင်လယ်အော်အတိုင်း ဖြတ်သန်းပြီး ကပ္ပလီပင်လယ်ထဲသို့ ထိုးဆင်းသွားသည့် အပိုင်းဖြစ်ပါသည်။ ဒုတိယအပိုင်းအနေဖြင့် ကချင်ပြည်နယ်တစ်ဝိုက်မှစ၍ အထက်ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဆင်းသက်လာပြီး စစ်တောင်းမြစ်ဝှမ်းသို့ ဖြတ်သန်းကာ တောင်ဘက် မုတ္တမပင်လယ်ကွေ့ထဲသို့ ဆင်းသက်သွားပါသည်။ တတိယအပိုင်းအနေဖြင့် ရှမ်းပြည်နယ်နှင့် သံလွင်မြစ်ကြောင်းတစ်လျှောက် လှုပ်ရှားနေကြောင်း လေ့လာတွေ့ရှိရပါသည်။ ပထမအပိုင်းရှိ မြေငလျင်အများစုကတော့ အိန္ဒိယမြေထုချပ်သည် ယူရေးရှားမြေထုချပ်၏အောက်သို့ တိုးဝင်နေသော ဖြစ်စဉ်နှင့် ကဘော်ပြတ်ရွေ့၊ သဋ္ဌေးချောင်းပြတ်ရွေ့၊ မြောက်ဦးပြတ်ရွေ့၊ နာဂ-ချင်းတောင်တန်းများရှိ ပြတ်ရွေ့ငယ်များနှင့် ရခိုင်ရိုးမတစ်လျှောက်ရှိ ပြတ်ရွေ့ငယ်များ၏ သက်ဝင်လှုပ်ရှားမှုကြောင့်ဖြစ်ပါသည်။ ဒုတိယအပိုင်းရှိမြေငလျင် အများစုသည် စစ်ကိုင်းပြတ်ရွေ့၊ ငွေးချိုပြတ်ရွေ့၊ ပဲခူးရိုးမ ပြတ်ရွေ့နှင့် အခြားပြတ်ရွေ့ငယ်များ၏ သက်ဝင်လှုပ်ရှားမှုတို့ကြောင့်ဖြစ်ပါသည်။ တတိယအပိုင်းရှိ မြေငလျင်အများစုသည် ကျောက်ကြမ်းပြတ်ရွေ့၊ ကျောက်မဲပြတ်ရွေ့၊ နန့်တင်းပြတ်ရွေ့၊ နန်းမပြတ်ရွေ့၊ မယ်ပိုင်ပြတ်ရွေ့နှင့် အခြားပြတ်ရွေ့ငယ်များ၏ သက်ဝင်လှုပ်ရှားမှုတို့ကြောင့် ဖြစ်ပါသည်။

**ဖြူးမြို့အနီးက မြေငလျင်**


၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့ မြန်မာစံတော်ချိန် ၀၀ နာရီ၊ ၅၆ မိနစ်၊ ၂၃ စက္ကန့်အချိန်မှာ မြန်မာနိုင်ငံ ကမ္ဘာအေးမြေငလျင်စခန်းရဲ့ မြောက်ဘက် ၁၀၇ မိုင်ခန့်အကွာ ဖြူးမြို့၏ အနောက်-အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ မြေအောက် မြေငလျင်ဗဟိုချက်အနက် (Focal Depth) ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြုပြီး အင်အားရစ်(ခ်ျ)တာစကေး ၆ ဒသမ ၀ ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားခဲ့ပါသည်။ အဆိုပါမြေငလျင်လှုပ်ရှားမှုကို ဖြူးမြို့၊ တောင်ငူမြို့၊ ပြည်မြို့၊ နေပြည်တော်၊ ရန်ကုန်နှင့် ဇီးကုန်းမြို့၊ ရွှေတောင်၊ မြန်အောင်၊ ဟင်္သာတ၊ လွိုင်ကော်၊ သထုံ၊ ဘားအံနှင့် တောင်ကြီးမြို့များမှ သတိပြုမိခဲ့ကြပါသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ရရှိသော Shake Map အရ မြေငလျင်ဗဟိုချက်နှင့် အနီးတစ်ဝိုက်ဒေသများတွင် မာကယ်လီစကေးအဆင့် ၆ ခန့်ဖြင့်လည်းကောင်း၊ မြေငလျင် ဗဟိုချက်မှ ၆၀ ကီလိုမီတာခန့်ဝေးသော ဒေသများတွင် မာကယ်လီစကေးအဆင့် ၅ ခန့်ဖြင့်လည်းကောင်း၊ ကျန်ဒေသများတွင် မာကယ်လီစကေးအဆင့် ၄ နှင့် ၃ ခန့်ဖြင့်လည်းကောင်း သတိပြုမိခဲ့ကြပါသည်။




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ Shake Map အရ မြေငလျင်ဗဟိုချက်နှင့်အနီးတစ်ဝိုက်ခံစားမှုပြမြေပုံ

**နောက်ဆက်တွဲမြေငလျင်တွေလှုပ်ရှားခဲ့ခြင်း**

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် လှုပ်ရှားခဲ့သည့် မြေငလျင်က အင်အားအသင့်အတင့်ရှိပြီး စောက်တိမ်ငလျင်ဖြစ်သည့်အတွက်ကြောင့် ဖြူးမြို့၊ တောင်ငူမြို့၊ ပြည်မြို့၊ နေပြည်တော်၊ ရန်ကုန်၊ ဇီးကုန်းမြို့၊ ရွှေတောင်၊ မြန်အောင်၊ ဟင်္သာတ၊ သထုံ၊ ဘားအံနှင့် တောင်ကြီးမြို့များရှိ ပြည်သူများ သတိပြုမိခဲ့ကြပါသည်။ မြေငလျင်ရဲ့ ပြတ်ရွေ့အမျိုးအစားမှာ တွန်းတင်ပြတ်ရွေ့ အမျိုးအစားဖြစ်ပါသည်။ ပဲခူးရိုးမမှာရှိတဲ့ တွန်းတင်ပြတ်ရွေ့ငယ်ကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ စစ်ကိုင်းပြတ်ရွေ့မှာ လှုပ်ရှားသည့် မြေငလျင်လှုပ်ရှားမှုများသည် ဘေးတိုက်ပြတ်ရွေ့ (Strike Slip Fault) အမျိုးအစားများ ဖြစ်ပါသည်။ စောက်တိမ်မြေငလျင် အမျိုးအစားများ၏ သဘောသဘာဝများအရ မြေငလျင်ကြီးလှုပ်ရှားပြီးနောက် နောက်ဆက်တွဲ မြေငလျင်များ ဖြစ်ပေါ်လေ့ရှိပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အတွင်းမှာတော့ အင်အား ၅ ဒသမ ၃ အင်အားအသင့်အတင့်ရှိတဲ့ နောက်ဆက်တွဲမြေငလျင် သုံးကြိမ်လှုပ်ရှားခဲ့ပြီး အင်အားရစ်(ခ်ျ)တာစကေး ၂ ဒသမ ၀ နှင့် ၄ ဒသမ ၉ အတွင်း နောက်ဆက်တွဲ မြေငလျင်ပေါင်း ၄၇ ကြိမ်ခန့် တိုင်းတာနိုင်ခဲ့ပါသည်။








၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အတွင်း လှုပ်ရှားခဲ့သော နောက်ဆက်တွဲ မြေငလျင်ဗဟိုချက်ပြမြေပုံ


**၂၄ နာရီစောင့်ကြည့်လျက်ရှိ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲရဲ့ အဓိကတာဝန်အနေဖြင့် မြန်မာနိုင်ငံပြည်တွင်းနှင့် ပတ်ဝန်းကျင်နိုင်ငံများတွင် လှုပ်ရှားသော မြေငလျင်များကို စောင့်ကြည့်တိုင်းတာပြီး သဘာဝဘေး အန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် သက်ဆိုင်ရာ မိတ်ဖက်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ပြည်သူလူထုထံသို့ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားရန်ဖြစ်ပါသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲ(နေပြည်တော်)တွင် မြေငလျင် လှုပ်ရှားမှုများအား စောင့်ကြည့်တိုင်းတာနိုင်ရန်အတွက် ၂၄ နာရီတာဝန်ကျအဖွဲ့များဖြင့် အလှည့်ကျ တာဝန်ချထားပြီး ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့ မြန်မာစံတော်ချိန် ၀၀ နာရီ၊ ၅၆ မိနစ်၊ ၂၃ စက္ကန့် အချိန်တွင် အင်အားရစ်(ခ်ျ)တာစကေး ၆ ဒသမ ၀ ရှိ မြေငလျင်ကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တပ်ဆင်ထားရှိသော မြေငလျင်စခန်းများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ ကျိုင်းတုံ၊ ဟားခါး၊ တမူး၊ မြစ်ကြီးနား၊ ညောင်ဦး၊ နမ့်စန်၊ တောင်ကြီး၊ ကသာ၊ နေပြည်တော်နှင့် စစ်တွေ မြေငလျင်စခန်းများမှ တိုင်းတာရရှိခဲ့ပါသည်။ ထို့အပြင် ပြည်ပနိုင်ငံတွေမှာရှိသည့် မြေငလျင် စခန်းပေါင်း ၇၀ ခန့်မှလည်း မှတ်တမ်းရရှိခဲ့ပါသည်။



၁၂-၁-၂၀၁၈ ရက်နေ့တွင် လှုပ်ရှားခဲ့သော မြေငလျင်၏ ငလျင်လှိုင်းများပြပုံ



၁၂-၁-၂၀၁၈ ရက်နေ့တွင် လှုပ်ရှားခဲ့သော မြေငလျင်ဗဟိုချက်နှင့် တိုင်းတာရရှိသော ပြည်တွင်းမြေငလျင်စခန်းများပြမြေပုံ

**မြန်မာ့မြေငလျင်ကွန်ရက်**

မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြေငလျင်တိုင်းတာမှုလုပ်ငန်းများကို ၁၉၆၄ ခုနှစ်မှစတင်ပြီး တိုင်းတာဆောင်ရွက်ခဲ့ပါသည်။ ထိုစဉ်က စတင်အသုံးပြုခဲ့သော စက်တွေသည် Analog Seismograph စက်များဖြစ်ပါသည်။ ခေတ်မီတိုးတက်လာသည်နှင့်အညီ မိမိတို့ဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ မြေငလျင်တိုင်းတာရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ ၂၀၀၈ ခုနှစ်တွင် တရုတ်မြေငလျင် အုပ်ချုပ်ရေးဗဟိုဌာန(CEA)နှင့် ပူးပေါင်း၍ မြစ်ကြီးနားနှင့် နမ့်စန်မြို့များတွင် Digital မြေငလျင် တိုင်းစက်များကို စတင်တပ်ဆင်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် အာရှသဘာဝဘေးကြိုတင်သတိပေးဗဟိုဌာန (ADPC)နှင့် ပူးပေါင်းပြီး စစ်တွေမြို့၌ Digital မြေငလျင်တိုင်းစက်တစ်လုံးကို ထပ်မံတပ်ဆင်နိုင်ခဲ့ပါသည်။ ၂၀၁၀ ပြည့်တွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် နေပြည်တော်၊ ပုသိမ်နှင့် ဘားအံမြို့များတွင် Digital မြေငလျင်တိုင်းစက် သုံးလုံးကို ထပ်မံတိုးချဲ့ တပ်ဆင်နိုင်ခဲ့ပါသည်။

**စာမျက်နှာ ၁၈ သို့**

## (၇၁)နှစ်မြောက်ရှမ်းပြည်နယ်နေ့အခမ်းအနားကျင်းပ၊ရိုးရာအကများဖြင့်ဖျော်ဖြေ

**မန္တလေး ဖေဖော်ဝါရီ ၇**

တိုင်းရင်းသားများစာပေနှင့် ယဉ်ကျေးမှု ကော်မတီ (တက္ကသိုလ်များ-မန္တလေး)မှ ကြီးမှူး၍ (၇၁) နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမဥ္ဇူမင်း၊ တိုင်းရင်းသားများ စာပေနှင့်ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များ-မန္တလေး) နာယက ဒေါက်တာစိုင်းနော်ခေး၊ ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များ-မန္တလေး)ဥက္ကဋ္ဌ ဒေါက်တာနန်းထွေးခင်တို့က အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးမြို့ရှိ တက္ကသိုလ်များမှ ရှမ်းတိုင်းရင်းသား၊ တိုင်းရင်းသူများက ရှမ်းရိုးရာဓားသိုင်းအက၊ ကိန္နရီ ကိန္နရာအက၊ တိုးနယားအကများ၊ ရှမ်းရိုးရာအဆိုအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။



ထို့နောက် ရှမ်းတိုင်းရင်းသားများ စာပေနှင့် ယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး စိုင်းထင်ဟန်ညွှန့်က ကျေးဇူးတင်စကားပြောကြားသည်။

ပြည်မနှင့် တောင်တန်းဒေသများအတူ လွတ်လပ်ရေးရယူရန်ဆုံးဖြတ်နိုင်ခဲ့သည့် ဖေဖော်ဝါရီ ၇ ရက်နေ့ကို ဂုဏ်ပြု၍ ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ်အထိမ်းအမှတ်အခမ်းအနားများ ကျင်းပကြသည်။

ရှမ်းပြည်နယ်နေ့သည် တိုင်းရင်းသားအားလုံး၊ မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သော နေ့ထူးဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်၁၂ခုတွင် တရုတ်ရုပ်ရှင်ပွဲတော်ကို တစ်ပြိုင်နက်တည်း ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၇**

မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ ကြီးမှူးကျင်းပသည့် တရုတ်ရုပ်ရှင်ပွဲတော်ကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် စသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၂ ခုတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ်အဖြစ်ကျင်းပသည့် အဆိုပါ တရုတ်ရုပ်ရှင်ပွဲတော်တွင် ရုပ်ရှင်ဇာတ်ကားများကို မြန်မာနောက်ခံစကားပြောဖြင့် တင်ဆက်ပြသသွားမည်ဖြစ်ပြီး ပြသမည့် တရုတ်ရုပ်ရှင်ဇာတ်ကားများမှာ Xuan Zang၊ Kung Fu Yoga၊ Detective China Town နှင့် Go away Mr.Tumor တို့ဖြစ်သည်။

ရုပ်ရှင်လက်မှတ်များကို ပွဲမစမီ တစ်နာရီအလိုမှစ၍ ဦးရာလူစနစ်ဖြင့် အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ပြီး မြစ်ကြီးနားမြို့ရှိ ဧရာရုပ်ရှင်ရုံ၊ မုံရွာမြို့ရှိ Paradiso ရုပ်ရှင်ရုံ၊ ပခုက္ကူမြို့ရှိ သီဟရုပ်ရှင်ရုံ၊ ရန်ကုန်မြို့ရှိ နေပြည်တော်ရုပ်ရှင်ရုံ၊ ပုသိမ်မြို့ရှိ နေပြည်တော်ရုပ်ရှင်ရုံ၊ တောင်ကြီးမြို့ရှိ City Square ရုပ်ရှင်ရုံ၊ မန္တလေးမြို့ရှိ ဝင်းလိုက်ရုပ်ရှင်ရုံ၊ နေပြည်တော်ရှိ အောင်သပြေရုပ်ရှင်ရုံ၊ ပဲခူးမြို့ရှိ မင်္ဂလာရွှေဟင်္သာရုပ်ရှင်ရုံ၊ ဘားအံမြို့ရှိ ဦးဆောက်ပန်းရုပ်ရှင်ရုံ၊ မော်လမြိုင်မြို့ရှိ ရုပ်ရှင်ရုံတို့တွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

၀၀၂

## ပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲခင်းကျင်းပြသ

**မြင်းခြံ ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဖြင့် ပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲခင်းကျင်းပြသမှုကို အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)မှ ကျောင်းသား၊ ကျောင်းသူများက ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာစရာများကို ဆောင်ရွက်ပေးထားသဖြင့် မြင်းခြံမြို့ အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) မှ ကျောင်းအုပ်ဆရာကြီး ဦးမင်းသိန်း ဦးဆောင်၍ ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဖြင့် ပြသထားသော နံရံကပ်စာစောင်များ၊ ဓာတ်ပုံများနှင့် စာအုပ်များကို လာရောက်လေ့လာရာ ခရိုင်ဦးစီးအရာရှိ ဒေါ်နှင်းရည်က ပြသထားသောဓာတ်ပုံများအကြောင်း၊ ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ အကြောင်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## ကမ္ဘာလှည့်ခရီးသွားဧည့်သည်များမြန်မာနိုင်ငံသို့လာရောက်လည်ပတ်

**နေပြည်တော်၊ ဖေဖော်ဝါရီ ၇**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Osuga Myanmar Co., Ltd . ၏ စီစဉ်မှုဖြင့် ဒိန်းမတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားဧည့်သည် ခုနစ်ဦးသည် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ဆိုင်ကယ်ခြောက်စီးဖြင့် ဇန်နဝါရီ ၂၁ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ မြဝတီ-ကျိုက်ထီးရိုး-နေပြည်တော်-အင်းလေး-မန္တလေး-ပုဂံ-ပြည်-ပဲခူး-မော်လမြိုင်-ဘားအံ-မြဝတီ ခရီးစဉ်များကို သွားရောက်၍ ခရီးစဉ်တစ်လျှောက်ရှိ ခရီးသွားဆွဲဆောင်မှုရှိသော နေရာများကို လည်ပတ်ခဲ့ကြသည်။

ထို့အပြင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Mother Ayeyarwaddy Co., Ltd. ၏ စီစဉ်မှုဖြင့် ထိုင်းနိုင်ငံသား ကမ္ဘာလှည့်ခရီးသွား ဧည့်သည် ၁၃ ဦးသည် မော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ် ၁၀ စီးတို့ဖြင့် ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ တာချီလိတ်-ကျိုင်းတုံ-တောင်ကြီး-အင်းလေး-ပုဂံ-မန္တလေး-တောင်ငူ-ရန်ကုန်-ကျိုက်ထီးရိုး-မြဝတီစသည့် ခရီးစဉ်များသို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြသည်။

ခရီးသွားပွင့်လင်းရာသီဖြစ်သည်နှင့်အညီ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များသည် မြန်မာနိုင်ငံသို့ တစ်ဦးချင်းအလိုက်သော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်းကောင်း၊ ကိုယ်ပိုင်မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့်လည်းကောင်း ဝင်ရောက်လေ့လာ လည်ပတ်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**



## ပြည်ထောင်စုနေ့အကြို နံရံကပ်စာစောင်၊ဓာတ်ပုံ၊စာအုပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နေပြည်တော် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်သီတာအေးက ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ပြပွဲများနှင့် ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရန်အောင်မြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ဆရာမဒေါ်သီတာသိမ့်က ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းဟောပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဒေါ်သီတာအေးက တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများကို ပြည်ထောင်စုနေ့နှင့်ပတ်သက်သည့် ဉာဏ်စမ်းမေးခွန်းများကိုမေးမြန်းပြီး ထူးချွန်စွာဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် ဒက္ခိဏခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်ပြဘုတ်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **(ရွှေကုက္ကိုု)**



## ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ ပွဲစဉ်များကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၇ နာရီတွင် မြို့တော်ဂေါက်ကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲသို့ အမျိုးသား ၁၀ သင်း၊ အမျိုးသမီး ငါးသင်း စုစုပေါင်း ၁၅ သင်းနှင့် အားကစားသမားစုစုပေါင်း ၆၂ ဦးတို့က ဖေဖော်ဝါရီ ၆ ရက်မှ ၉ ရက်အထိ မြို့တော်ဂေါက်ကွင်းတွင် နေ့စဉ် နံနက် ၇ နာရီက စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ပြိုင်ပွဲသို့ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူနည်းပြနှင့် အားကစားသမားများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်ဇော်**

## တမူးမြို့၌ဒစ်ဂျစ်တယ်စနစ် ရုပ်သံလိုင်းများ တိုးချဲ့ထုတ်လွှင့်

**တမူး ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ Analogue စနစ်မှ Digital စနစ် ရုပ်သံလိုင်းထုတ်လွှင့်ခြင်းလုပ်ငန်းကို တိုးမြှင့်ဆောက်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ပထမပတ်မှစ၍ ဒစ်ဂျစ်တယ်စနစ်ဖြင့် ရုပ်မြင်သံကြားလိုင်းများကို တိုးချဲ့ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဒီဂျစ်တယ်စနစ်ရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၅ ရက်မှစတင်၍ DVB-T2 လွှင့်စက်၊ လွှင့်အား ၅၀ ဝပ်၊ လိုင်းနှုန်းချယ်နယ် E-21 ဖြင့် ရုပ်သံလိုင်း ၁၄ လိုင်း၊ ရေဒီယိုလိုင်း လေးလိုင်းအား တမူးမြို့ပေါ်ရပ်ကွက် လေးရပ်ကွက်နှင့် နီးစပ်ရာကျေးရွာများဖြစ်သော ရန်ငြိမ်းအောင်၊ ပန်းသာ၊ မန်မော်၊ ထန်းတပင်၊ ဟဲဇင်း၊နန်းဖာလုံ၊ ချောင်းနက်ကြီး၊ ကွန်းတောင်းကျေးရွာနှင့် ရုပ်သံထုတ်လွှင့်နိုင်မှုဧရိယာ ၁၂ km အတွင်းကျရောက်သော ကျေးရွာများ၌လည်း ရုပ်မြင်သံကြားလိုင်းများကို ကောင်းမွန်စွာဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ထွန်းမင်းအောင်(ပြန်/ဆက်)**



## တာမွေလျှပ်စစ်ဌာနနှင့် ပြည်သူ့ပူးပေါင်း၍ ရှုပ်ထွေးဆားဗစ်ရှင်းလင်း

**တာမွေ ဖေဖော်ဝါရီ ၇**

တာမွေ မြို့နယ်လျှပ်စစ်မန်နေဂျာဦးကျော်စန်းနှင့် မြို့နယ် လျှပ်စစ်လက်ထောက်မန်နေဂျာ အင်ဂျင်နီယာ ဦးစိုးမိုးတို့ ဦးဆောင်ကာ ဆားဗစ်ရှင်းလင်းရေးကော်မတီဥက္ကဋ္ဌ ဦးရဲဆွေနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၆ ရက် နံနက်က အရိုးကုန်းရပ်ကွက် ဦးလွန်းလမ်း၌ တိုက်ပေါင်း ၄၁ လုံးမှ ဆားဗစ်ဝါယာ ၃၂၃ ချောင်းအား စနစ်တကျ ဖြုတ်သိမ်းပြီး ကေဘယ်ကြိုးများဖြင့် လဲလှယ် တပ်ဆင်ပေးခဲ့ကြသည်။

လက်ထောက်မန်နေဂျာ အင်ဂျင်နီယာ ဦးစိုးမိုးက "ဒီလုပ်ငန်းကို လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အရှေ့ပိုင်းခရိုင်မှူး၏ စီမံမှုဖြင့် ဆောင်ရွက်ပေးတာပါ။ အင်အား ၆၀ ပါဝင်ပြီး လိုင်းအသစ်ဆွဲခြင်း လိုအပ်သည့် ဓာတ်တိုင်အသစ်များ စိုက်ထူပေးခြင်းနဲ့ အထပ်မြင့်အခန်းတွေကိုလည်း ဓာတ်အားပြည့်ဝစွာရရှိစေရေး ဆောင်ရွက်ပေးပါတယ်"ဟု ပြောသည်။

ဆားဗစ်ကြိုး ရှင်းလင်းရေးကော်မတီဥက္ကဋ္ဌ ဦးရဲဆွေက "ဆားဗစ်ကြိုးတွေနဲ့ ဖြတ်သွား ဖြတ်လာမော်တော်ယာဉ်အမိုးတွေနဲ့ မလွတ်ဘဲ ပြတ်ကျတာတွေရှိခဲ့ဖူးတဲ့အတွက် မလိုလားအပ်တဲ့ လျှပ်စစ်အန္တရာယ်တွေဖြစ်ပေါ်နိုင်ပါတယ်။ အခုတော့ အန္တရာယ်တွေကင်းရှင်းပြီဖြစ်တဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

**၁၉၇**

## ပညာပေးကာလပြီးဆုံးပါက ယာဉ်/လမ်းစည်းကမ်း မလိုက်နာသူများအား ဥပဒေနှင့်အညီအရေးယူမည်

**ပဲခူး ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကျင်းပရာ ပညာပေးကာလ လွန်မြောက်ပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် မှာကြားသည်။

ပဲခူးတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌ ဝန်ကြီးချုပ်ဦးဝင်းသိန်းက ပဲခူးမြို့သည် အခြားပြည်နယ်၊ တိုင်းဒေသကြီးများသို့ ဖြတ်သန်းသွားရာလမ်းကြောင်းပေါ်တွင် ကျရောက်လျက်ရှိသော လမ်းဆုံမြို့တစ်ခုဖြစ်ပြီး ယာဉ်အစီးရေများပြားစွာ ဖြတ်သန်းသဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ ဖြစ်ပေါ်ရကြောင်း၊ ယာဉ်တိုက်မှုကြောင့် တန်ဖိုးရှိသော လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနေရကြောင်း၊ လမ်းများသည် လမ်းအင်္ဂါရပ်နှင့် အညီ၊ ယာဉ်များသည် ယာဉ်တစ်စီး၏အင်္ဂါရပ်နှင့်အညီ ပြည့်စုံကောင်းမွန်ရန် လိုအပ်ကြောင်း၊ ဘာကြောင့်ရပ်ရပ် လမ်းဘေးချရပ်ဆိုသည့် စကားရပ်အတိုင်း လမ်းဧရိယာအတွင်း ကျူးကျော်များ၊ ဈေးဆိုင်များမရှိစေရန် စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်ပေးရန်၊ မြို့တွင်း၌ သတ်မှတ်ထားသည့် မိုင်နှုန်းအတိုင်း ကျော်လွန်မောင်းနှင်ခြင်းမရှိစေရေး ယာဉ်ထိန်းရဲများမှ ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ပဲခူးမြို့အတွင်း ပညာပေးကာလများ ကျော်လွန်ပါက ထိရောက်သော ပြစ်မှု၊ ပြစ်ဒဏ်များအတိုင်း အရေးယူ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

ထို့နောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ပညာပေးကာလပြီးဆုံးသွားပါက လိုင်စင်မရှိသော ယာဉ်များအား အရေးယူဆောင်ရွက်မည်ဖြစ်သလို လိုင်စင်မရှိဘဲ မောင်းနှင်ပါက မောင်းနှင်သည့်လူကိုပါ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည့်ကိစ္စရပ်ကိုလည်းကောင်း၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးက ဆိုင်ကယ်စီးနင်းသူများသည် လူငယ်များဖြစ်ပြီး ဒေါသအလျောက် မောင်းနှင်ခြင်း၊ အလျင်လိုခြင်းတို့ကြောင့် အန္တရာယ်များ ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်းကိုလည်းကောင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူးက ယာဉ်အန္တရာယ် ထိခိုက်မှုနှင့်ပတ်သက်ပြီး ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်တွင် နံပါတ် (၃)တွင်ရှိနေပါကြောင်း၊ ပဲခူးမြို့တွင်း ယာဉ်ကြောကျပ်တည်းမှုဖြေလျှော့ရန်အတွက် မြို့ရှောင်လမ်းများ လိုအပ်နေပြီဖြစ်ပါကြောင်းနှင့် လမ်းမီးများ ပြည့်စုံကောင်းမွန်စေရန် ဆောင်ရွက်နေဆဲဖြစ်ပါကြောင်းကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများက ပဲခူးတိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး ဝိုင်းဝန်းဆွေးနွေးအကြံပြု တင်ပြခဲ့ကြသည်။ ပဲခူးမြို့တွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန်အတွက် ဖေဖော်ဝါရီ ၄ ရက်မှ ၂၈ ရက်အထိ ပညာပေးကာလ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး မတ် ၁ ရက်မှစတင်၍ ထိရောက်သော ပြစ်မှု၊ ပြစ်ဒဏ်များအတိုင်း အရပ်သား၊ ဝန်ထမ်း၊ ကျောင်းသား မခွဲခြားဘဲ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မြန်မာ–ဂျပန်(ကျူးရှူးကျွန်း) စီးပွားရေး တွေ့ဆုံဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် ဂျပန်နိုင်ငံ၊ ကျူးရှူးကျွန်းမှ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော မြန်မာ-ဂျပန် စီးပွားရေး တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက်က ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ဂျပန် ပြင်ပကုန်သွယ်ရေးအဖွဲ့အစည်း JETRO (Japan External Trade Organization) Yangon မှ စီစဉ်ကျင်းပခြင်းဖြစ်ပြီး ဂျပန်နိုင်ငံ ကျူးရှူးကျွန်းမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI မှ တာဝန်ရှိသူများ၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ မိတ်ဆက်တွေ့ဆုံဆွေးနွေးနိုင်ရေး၊ စီးပွားရေး အဆက်အသွယ်ကောင်းများ ရရှိစေရေး ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံကို ရောက်ရှိလာတာ တိုးတက်တာတွေ ခံစားရပါတယ်။ ဂျပန်မှာဆိုရင်တော့ သက်ကြီးရွယ်အိုတွေများလာပြီး တိုးတက်တာထက် ကျဉ်းကျုံ့လာတယ်လို့ ခံစားရပါတယ်။ ဒီလို အချိန်မှာ မြန်မာနိုင်ငံနဲ့ စီးပွားရေး နှီးနှောဖလှယ်ခွင့် ရတဲ့အတွက် ဒီက UMFCCI ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီဆွေးနွေးမှုတွေကတစ်ဆင့် တိုးတက်မှု အောင်မြင်မှုတွေ ရရှိမယ်လို့ မျှော်လင့်ပါတယ်" ဟု ဂျပန်နိုင်ငံ ကျူးရှူးကျွန်း စီးပွားရေးအသင်းချုပ် ဥက္ကဋ္ဌ Mr. ASO Yutaka က စီးပွားရေး တွေ့ဆုံ ဆွေးနွေးပွဲ၏ အဖွင့်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

အဆိုပါ စီးပွားရေး တွေ့ဆုံဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံမှ ကုမ္ပဏီ ၁၂ ခုမှ လာရောက်ခဲ့ပြီး လျှပ်စစ်ထုတ်လုပ်ရေး ဖြန့်ဝေရေး ကိရိယာများ၊ ဆိုလာများ ထုတ်လုပ်သည့် ကုမ္ပဏီ၊ လမ်းတံတား၊ မြစ်ချောင်းတာတမံနှင့် လယ်ယာလုပ်ငန်းသုံး ကွန်ကရစ်ပစ္စည်းများ၊ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ ထုတ်လုပ်ရေးကုမ္ပဏီ၊ ဆေးရုံနှင့် ကျန်းမာရေးကုသမှုဆိုင်ရာများ၊ သူနာပြုပညာ ဝန်ထမ်းစေလွှတ်ခြင်း၊ စားသောက်ကုန်၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ဂျပန်ဘာသာ စာသင်ကျောင်းများ၊ စွမ်းအင်နှင့် လေဆိပ်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ရန် စီစဉ်နေသည့် ကုမ္ပဏီစသည်ဖြင့် လုပ်ငန်းကဏ္ဍအသီးသီးမှ စီးပွားရေးလုပ်ငန်းရှင်များက မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် လာရောက် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံရှိ ဂျပန်ဘာသာကျောင်းများတွင် မြန်မာကျောင်းသားများ ပညာသင်ကြားပြီး အလုပ်လုပ်ကိုင်လိုသည့် ကျောင်းသားများကို ဖိတ်ခေါ်လျက်ရှိကာ ကျူးရှူးကျွန်းရှိ မြို့တော်များတွင် မြန်မာကျောင်းသားများအတွက် အခွင့်အလမ်းများစွာ ရှိနေပြီး ဂျပန်နိုင်ငံ၏ မြို့တော် တိုကျိုထက် နေထိုင် စားသောက်မှုစရိတ် သက်သာသောကြောင့် ပိုမိုကောင်းမွန်သော အခွင့်အရေးများရှိကြောင်း သိရသည်။

ကျူးရှူးကျွန်းရှိ ဖူကုအိုကမြို့သည် ရန်ကုန်မြို့နှင့် ညီအစ်မမြို့တော် Sister Cities ဖွဲ့ထားသော မြို့ဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် UMFCCI နှင့် ကျူးရှူးစီးပွားရေးအသင်းချုပ်တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကာ နှစ်စဉ် စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ဂျပန်ပြင်ပ ကုန်သွယ်ရေးအဖွဲ့အစည်း JETRO (Japan External Trade Organization) Yangon သည် နှစ်စဉ် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ကုမ္ပဏီများက မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ၊ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ မျှဝေခြင်းကို ဆောင်ရွက်ပေးလျက်ရှိပြီး ဂျပန်-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးကို ဆောင်ရွက်ပေးနေသော အဖွဲ့ဖြစ်ကြောင်း သိရသည်။

**ဆုနှင်းလဲ့**

## ပြည်မြို့နှင့် ပေါက်ခေါင်းမြို့နယ်များတွင် ပျူခေတ်သံချက်ဖိုများတွေ့ရှိ

**ပြည် ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်များတွင် ရှေးဟောင်းသရေခေတ္တရာ ပျူခေတ်သံချက်ဖိုများတွေ့ရှိရပြီး ခရီးသွားများအလွယ်တကူလေ့လာနိုင်ရန် ထိန်းသိမ်းမှုများ လိုအပ်လျက်ရှိနေကြောင်း ဒေသခံများက ပြောကြားသည်။

သံချက်ဖိုများကို ပြည်မြို့အနီးရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာမြို့ဟောင်း နယ်နိမိတ်အတွင်းနှင့် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ တောင်တန်းများတွင် တွေ့ရှိရပြီး ယင်းသံချက်ဖိုများမှာ အေဒီ ၄ ရာစုကာလ ပျူလူမျိုးများ သံချက်ဖို အဖြစ်အသုံးပြုခဲ့ကြောင်း တွေ့ရှိရသော အထောက်အထားများအရ သိရသည်။

တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်များဖြစ်၍ အဆိုပါသံချက်ဖိုများကို စိတ်ပါဝင်စားသော ခရီးသွားဧည့်သည်များ အလွယ်တကူလေ့လာနိုင်ရန် ထိန်းသိမ်းမှုများဆောင်ရွက်ရန်လိုအပ်နေကြောင်း ရှေးဟောင်းသုတေသန ဦးစီးဌာနမှသိရှိရသည်။

"ဒေသခံအချို့က သံချက်ဖိုမှန်းမသိတော့ ဂရုမစိုက်လို့ပျက်စီးတာတွေရှိတယ်၊ တည်ဆောက်ပုံက နံပြားဖိုတွေလိုပဲ ရွှံ့နဲ့မံထားပြီး အောက်ခြေမှာ လေဝင်ပေါက်တွေရှိတယ်၊ တောင်ကြားထဲကသဘာဝလေတွေတစ်ခါတည်းယူပြီးအသုံးပြုတယ်လို့ယူဆရတယ်၊ ရာသီအလိုက် တိုက်တဲ့လေလမ်းကြောင်းပေါ်မူတည်ပြီး လေးငါးခြောက်ဖိုစုတည်ဆောက်ထားတာမျိုး တွေ့ရတယ်၊ ဒီနေရာတွေကို ရာသီ မရွေးသွားလာလေ့လာလို့ရအောင်၊ သုတေသနပြုလုပ်လို့ရအောင် ရေမြေသဘာဝအနေအထားတွေနဲ့ ပျက်စီးမှုမဖြစ်အောင် ပြုပြင်ထိန်းသိမ်းဖို့လိုအပ်နေပါတယ်" ဟု ပြည်မြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းက ပြောကြားသည်။

ပျူခေတ်တွင် သံကိုအသုံးပြုမှုများစွာထွန်းကားခဲ့ပြီး ပျူခေတ်နောက်ပိုင်းတွင် သံချက်ဖိုများ ပျောက်ကွယ်ခဲ့ရကာ ပျူခေတ်ကချက်ပြီးအသုံးပြုခဲ့သည့်သံများကို ယခုအချိန်ထိ သရေခေတ္တရာမြို့ဟောင်း၌ တွေ့မြင်နိုင်သေးကြောင်းသွားရောက်လေ့လာသူများက ပြောသည်။ အဆိုပါသံချက်ဖိုများကို သရေခေတ္တရာ ရှေးဟောင်းဇုန်အတွင်းရှိ အောင်မြင်ဗာဟုတောင်တန်းများ၊ အနီးတစ်ဝိုက်တောင်ထိပ်များပေါ်နှင့် ပေါက်ခေါင်းမြို့နယ်၊ အိုင်ဇောက်ကျေးရွာမှ (၂) မိုင်ခန့်အကွာ တောင်တန်းများပေါ်တွင်တွေ့မြင်နိုင်ပြီး နောက်ထပ်နေရာများတွင်လည်း ရှိနိုင်သေးကြောင်း ဒေသခံများထံမှ သိရသည်။

ပျူခေတ် သံချက်ဖိုများကို ၂၀၁၇ ခုနှစ်ထိ ကွင်းဆင်းစာရင်းကောက်ထားမှုများအရ သံချက်ဖို ၁၁၅ လုံးကို တွေ့ရှိထားပြီး တစ်ဝက်ခန့်မှာပြိုကျပျက်စီးနေသည်များ၊ မြေနစ်မြုပ်နေသည်များလည်းရှိကြောင်း ရှေးဟောင်းသုတေသနဦးစီးဌာနမှ သိရသည်။

**ကိုလွင်(ဆွာ)**

## တွံတေးမြို့၏သမိုင်းဝင်နေရာနှင့် လက်မှုလုပ်ငန်းများကို နိုင်ငံခြားသားများလေ့လာ

**တွံတေး ဖေဖော်ဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက် ဗိုလ်မှူးစိန်လွင်လမ်းနှင့် မင်းရဲကျော်စွာလမ်းထိပ်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ဧရာဝတီသဘော်ဆိပ်သို့ ပုဂ္ဂလိကပိုင် ရွှေတံခွန်နှစ်ထပ်ရေယာဉ်ဖြင့် ဘယ်ဂျီယံနိုင်ငံခြားသား ခုနစ်ဦး၊ နိုင်ငံခြားသူ ခြောက်ဦးတို့သည် ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၁ နာရီခွဲက လာရောက်လည်ပတ်ခဲ့ကြသည်။

အဆိုပါနိုင်ငံခြားသားများသည် တွံတေးမြို့ ဧရာဝတီသဘော်ဆိပ်မှ ကမ်းနားလမ်းအတိုင်း၊ ခြေကျင်လျှောက်ကာ ဈေးဆိုင်များ၊ မြန်မာ့ရိုးရာလက်မှုလုပ်ငန်းဖြစ်သော တောင်း၊ ဆန်ခါ၊ ဦးထုပ်နှင့် ကရင်ရိုးရာအထည်ဆိုင်များကို လေ့လာကြပြီး မော်တော်ယာဉ်ဖြင့် အိုးဖိုအနောက်ရပ်ကွက်ရှိ အိုးဖိုနှင့် အိုးလုပ်ငန်းများ၊ ညောင်တံခါး၊ ရှမ်းစုရှိရက်ကန်းလုပ်ငန်းများနှင့် ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီးအတွင်းရှိရှေးဟောင်း၊ ကျောက်စာ၊ ခေါင်းလောင်း စာများလေ့လာခြင်း၊ ရှေးအဆောက်အအုံများကို လေ့လာကြပြီး စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

## ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရန် ၃၃ ကေဗွီ သုံးခွလိုင်းအသစ်သွယ်တန်း

**သုံးခွ ဖေဖော်ဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် သုံးခွမြို့နယ်တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန် ကျော်သာကုမ္ပဏီက ၃၃ ကေဗွီ သန်လျင် သုံးခွဓာတ်အားလိုင်းအသစ် သွယ်တန်းရန်အတွက် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာထိပ်မှ သုံးခွမြို့နယ် အမှတ် (၉) ရပ်ကွက် ဥက္ကံဝ ဓာတ်အားခွဲရုံ (လူထုလမ်းထိပ်) အထိ အရှည် ၁၆ ဒသမ ၂၆ မိုင်တွင် ၄၆ ပေအရှည်ရှိ ကွန်ကရစ်ဓာတ်တိုင်ပေါင်း ၈၂၀ ကို ဝန်ထမ်းများက အဖွဲ့များခွဲကာ ကရိန်းယာဉ်ဖြင့် စိုက်ထူလျက်ရှိကြောင်း သိရသည်။ ပထမအဆင့် တိုင်စိုက်ခြင်းလုပ်ငန်းများ ပြီးစီးပါက ကြွေသီးများတပ်ဆင်ခြင်း ACOC 240 mm 2 လိုင်းကြိုးများဆွဲခြင်းကို ဆက်လက်ပြုလုပ်မည်ဟု သိရသည်။ လုပ်ငန်းများ သတ်မှတ်ရက်ဇွန်လအတွင်း ပြီးစီးကာ ဓာတ်အားအားပို့လွှတ်နိုင်ရေး ဝန်ထမ်းများက အင်တိုက်အားတိုက် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ဖေဖော်ဝါရီ ၆ ရက် ညနေက သုံးခွမြို့မဈေးမြောက်ဘက်တွင် တိုင်များစိုက်ထူလျက်ရှိသည်။

**ကိုကျော်(သုံးခွ)**



# အသက်ကယ်အစားအစာများ

ဇာနည်စိုးထွန်း

၁၉၇၀ ပြည့်နှစ်ပိုင်းများတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ကမကထပြု ပူးပေါင်းပါဝင်ထောက်ပံ့မှုဖြင့် တရုတ်နိုင်ငံရှိ နယ်မြေ ၆၅ ခုမှ ကျေးရွာများတွင် တရုတ်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန၏ ရောဂါကာကွယ်ရေး သိပ္ပံဗဟို The China Academy of Preventive Medicine (Centre of Disease Control and Prevention)၊ အမေရိကန်ပြည်ထောင်စုကော်နဲတက္ကသိုလ် (Cornell University)နှင့် ဗြိတိန်နိုင်ငံ အောက်(စ်)ဖို့ဒ်တက္ကသိုလ် (Oxford University United Kingdom) တို့ ပူးပေါင်းသုတေသနပြုစစ်တမ်းကောက်ယူမှတ်တမ်းတင်သော China-Cornell-Oxford Project စီမံကိန်းတစ်ရပ်ကို ၁၉၈၀ ပြည့်နှစ်မှစ၍ နှစ် ၂၀ ကြာလုပ်ဆောင်စေခဲ့ပါသည်။

**ပူးတွဲစီမံကိန်းလုပ်ဆောင်**

အကြောင်းရင်းမှာ တရုတ်နိုင်ငံအစိုးရအနေဖြင့် သတိပြုမိသည်မှာ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာ၊ သွေးကြောနံရံ မာကျောကျဉ်းမြောင်းလာသောရောဂါ၊ မျက်စိတိမ်စွဲခြင်းနှင့် သက်ကြီးမှတ်ဉာဏ်လျော့နည်းရောဂါ (Alzeimers)စသော နာတာရှည်ရောဂါများသည် နိုင်ငံ၏တစ်နေရာတည်းတွင် ပိုမိုစုပုံများပြားစွာ ဖြစ်ပေါ်ခံစားလာကြရပြီး အခြားနေရာများတွင် ထိုကဲ့သို့ မဖြစ်ပွားကြခြင်းကို သတိပြုမိသောကြောင့် အကြောင်းရင်းနှင့် ကာကွယ်ကုသရေးဆောင်ရွက်မှု နည်းလမ်းများကို ဖော်ထုတ်ရန် ဤသုံးနိုင်ငံ ပူးတွဲစီမံကိန်းကို အားပေးထောက်ပံ့လုပ်ဆောင်စေခဲ့ခြင်းဖြစ်သည်။

စီမံကိန်းတွင် ပါဝင်သူများမှာ Cornell University မှ အာဟာရနှင့် ဇီဝဓာတုဗေဒ ဂုဏ်ထူးဆောင်ပါမောက္ခ Dr. Thomas Collin Campbell၊ Oxford University မှ ဆေးပညာစာရင်းအင်းပြုစုမှုနှင့် ကူးစက်ရောဂါလေ့လာရေးဆိုင်ရာ ပါမောက္ခ Dr. Richard Peuto၊ တရုတ်နိုင်ငံရောဂါကာကွယ်ရေးနှင့် ကုသရေးဆေးပညာသိပ္ပံအကယ်ဒမီ (Institute of Nutrition and Food Hygiene)မှ လက်ထောက်ညွှန်ကြားရေးမှူး Dr. Chen Jun Shi၊ တရုတ်နိုင်ငံ ကင်ဆာရောဂါဆိုင်ရာဌာနကြီး China Cancer Institute မှ Li Jun Yao တို့ဖြစ်ကြသည်။

**လေ့လာမှတ်တမ်းတင်**

သုတေသနအဖွဲ့သည် နယ်မြေ ၆၅ ခုတွင် နယ်မြေတစ်ခုစီမှ ကျပန်းမြို့နယ်နှစ်ခု၊ ယင်းမြို့နယ်တစ်ခုစီမှ မိသားစု ၅၀ ကို ကျပန်းရွေးချယ်ပြီး မိသားစုတစ်ခုစီမှ အရွယ်ရောက်ပြီးသူ အမျိုးသား၊ အမျိုးသမီးတစ်ဦးကို ရွေးချယ်ပြီး ၎င်းတို့၏ စားသောက်သော အစားအစာ၊ ဘဝနေထိုင်မှုပုံစံ၊ ရောဂါကြောင့် သေဆုံးနှုန်းတို့ကို မေးခွန်းများ မေးဖြေစေပြီး မှတ်တမ်းတင်ယူခဲ့သည်။

သုတေသနအဖွဲ့သည် ၎င်းရွာသားများ စားသောက်သော အစားအသောက်နမူနာကို ပြန်လည်ယူဆောင်သွားပြီး အာဟာရပါဝင်မှု၊ အဆိပ်သင့်ပစ္စည်းပါဝင်မှု၊ ရောဂါပိုးပါဝင်မှုနှင့် သွေးနမူနာတို့ကို ဓာတ်ခွဲစစ်ဆေးသလို သူတို့၏ စားသောက်မှုပုံစံကို လေ့လာမှတ်တမ်းတင်ရန် ၎င်းတို့၏ နေအိမ်တွင် သုံးရက်အတူ နေထိုင်ခဲ့ကြသည်။

**လေ့လာမှတ်တမ်းယူ**

ဘိုးစဉ်ဘောင်ဆက် နေရာတစ်ခုတည်းတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြပြီး နီးစပ်ဆင်တူသော ဗီဇဖွဲ့စည်းမှုနှင့် တူညီသော စားသောက်နေထိုင်မှုပုံစံရှိကြသူများကိုသာ ရွေးချယ်လေ့လာမှတ်တမ်းယူခဲ့ကြသည်။

ထိုသုတေသနစီမံကိန်းမှ လေ့လာတွေ့ရှိချက်များကို အခြေခံ၍ ပါမောက္ခ Dr.T.Colin၊ ၎င်း၏ သားဖြစ်သူ ဆေးပညာဆိုင်ရာ ရူပဗေဒပညာရှင် M.T. Colin Jr နှင့် Cornell University မှ အာဟာရနှင့် ဇီဝဓာတုဗေဒပညာရပ်ဆိုင်ရာ ဂုဏ်ထူးဆောင် ပါမောက္ခ Professor Jacob Gould Schurman တို့ စုပေါင်းပြီး The China Study စာအုပ်ကို ၂၀၀၅ ခုနှစ်တွင် ထုတ်ဝေ ခဲ့သလို မှတ်တမ်းတင်ရုပ်ရှင် Forks Over Knives (2011) ကိုလည်း ပါမောက္ခ Dr.T. Colin ကိုယ်တိုင်ပါဝင်၍ ရိုက်ကူးထုတ်လုပ်ခဲ့သည်။

> ယနေ့ လူသားများစွာ ခံစားနေရသော နာတာရှည်ရောဂါများ (Chronic Diseases) ဖြစ်ကြသော ကင်ဆာ၊ နှလုံးဆိုင်ရာရောဂါများ၊ ဆီးချို၊ သွေးကြောကျဉ်းနှင့် သွေးကြောနံရံမာကျောခြင်း၊ ကျောက်ကပ် ကျောက်တည်ခြင်း၊ အရိုးပွခြင်း၊ သွေးတိုး၊ မျက်စိတိမ်စွဲခြင်းနှင့် သက်ကြီးဉာဏ်ရည်လျော့ရောဂါ (Alzelmer's) တို့သည် စားသောက်နေကျ အစားအစာများကိုသတိဖြင့် ရွေးချယ်စားသောက်ရုံဖြင့် . . .

**ကျန်းမာသောအစားအစာများကိုရွေးချယ်**

၂၀၀၅ ခုနှစ်တွင် ထုတ်ဝေသော The China Study သည် ၂၀၁၃ ခုနှစ် အောက်တိုဘာလအရောက်တွင် အုပ်ရေတစ်သန်းကျော် ရောင်းချခဲ့ရပြီး ဖြစ်သလို မှတ်တမ်းတင်ရုပ်ရှင် Forks Over Knives ကိုလည်း ၂၀၁၁ ခုနှစ် မေ ၆ ရက်မှစပြီး ရုံတင်ပြသခဲ့ပြီးနောက် ၂၀၁၂ ခုနှစ်တွင် Entertainment Merchants Association မှ Documentary/ Special Interest Title of the Year ဆုကို ချီးမြှင့်ခံရသည်။ The New York Observers Chicago Sunday Times သတင်းစာများက "သင်နှင့် သင့်မိသားစု အသက်ကိုကယ်မည့် ရုပ်ရှင်ကားတစ်ကား ယခုလာပါပြီ၊ ခွဲစိတ်ခန်းဓား (Knife/ Scalpel) ဖြင့် ခွဲစိတ်ခံရမည့်အစား ကျန်းမာသော အစားအစာများကိုသာ ရွေးချယ်စားကြပါ"ဟု မှတ်ချက်ပြုချီးကျူးခဲ့ကြပေသည်။ CNN သတင်းဌာန၏ Emmy Award ဆုရ သတင်းဆောင်းပါးရှင် Dr.Sanjay Gupta (Journalist Neurosurgeon) က သူ၏ The Last Heart Attack စာအုပ်တွင် The China Studyသည် ကမ္ဘာတစ်ဝန်းရှိပြည်သူများ၏ စားသောက်မှုပုံစံကိုအကြီးအကျယ်ပြောင်းလဲစေခဲ့သည်ဟု ဝေဖန်ရေးသားခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ ယခင်သမ္မတဟောင်း ဘီလ်ကလင်တန်သည် ထိုစာအုပ်ကို ဖတ်ရှုပြီးနောက် နှလုံးရောဂါဖြစ်ခဲ့ဖူးသူ သမ္မတဟောင်းသည် သူ၏ စားသောက်ခြင်း ရွေးချယ်မှုပုံစံကို ပြောင်းလဲပစ်ခဲ့သည်။

**နာတာရှည်ရောဂါ**

ကောင်းပါပြီ။ ဒါဆိုရင် ဒီစီမံကိန်း၊ စာအုပ်၊ ရုပ်ရှင်များက လူတွေရဲ့ အသက်ကို ကယ်ဆယ်ဖို့၊ ပိုမိုအသက်ရှည်ကျန်းမာဖို့ ဘယ်လို အသက်ကယ်အစားအစာ (Life-Saving Foods) များကို ပြည့်စွန်းရှင်းလင်းအကြံပြုထားသလဲဆိုတာ ဆက်ပြီးလေ့လာကြည့်ရအောင်။

လေ့လာတွေ့ရှိချက်အရ ယနေ့လူသားများစွာ ခံစားနေရသော နာတာရှည်ရောဂါများ (Chronic Diseases) ဖြစ်ကြသော ကင်ဆာ၊ နှလုံးဆိုင်ရာရောဂါများ၊ ဆီးချို၊ သွေးကြောကျဉ်းနှင့် သွေးကြောနံရံမာကျောခြင်း၊ ကျောက်ကပ် ကျောက်တည်ခြင်း၊ အရိုးပွခြင်း၊ သွေးတိုး၊ မျက်စိတိမ်စွဲခြင်းနှင့် သက်ကြီးဉာဏ်ရည်လျော့ရောဂါ (Alzelmer's) တို့သည် စားသောက်နေကျ အစားအစာများကိုသတိဖြင့် ရွေးချယ်စားသောက်ရုံဖြင့် ထိန်းချုပ်ကာကွယ်ခြင်း၊ လျော့နည်းစေခြင်း ဖြစ်နိုင်ကြောင်း အံ့သြဖွယ်လေ့လာတွေ့ရှိခဲ့သည်။ လူအများသည် တိရစ္ဆာန်များမှရရှိသော အဆီ၊ အသားဓာတ်နှင့် အစားအစာများ၊ နို့နှင့် နို့ထွက်ပစ္စည်း၊ ပြုပြင်စီမံထားသော အစားအစာများ၊ Processed and Refined Foods, Refined Carbohydrate စီမံပြီး ကစီဓာတ်၊ ဥပမာ-ပေါင်မုန့်ဖြူ အပါအဝင်တို့ကို လုံးဝ (သို့မဟုတ်) လျော့နည်းစားသောက်ပြီး အပင်၊ အစေ့အဆန်၊ သစ်သီးသစ်ဥ၊ ဟင်းသီးဟင်းရွက်များမှ ရရှိသော အစားအစာနှင့် အသားဓာတ်များ (Plant-Based Diets)ဖြစ်သော ကောက်ပဲသီးနှံ (Whole Food) အခြေခံအစားအစာများကို အဓိကထားစားသုံးပေးခြင်းဖြင့် အထက်ပါရောဂါများ ဖြစ်နိုင်ခြေလျော့နည်းပြီး ပိုမိုကျန်းမာ အသက်ရှည်ကြောင်း အကြံပြုထားသည်။

**အသက်လွှတ်စားသောက်**

သို့သော် ထိုအကြံပြုချက်သည် Veganism ခေါ် လုံးဝအသက်လွှတ်စားသောက်ခြင်းကို အားပေးခြင်းလည်း မဟုတ်ကြောင်း ရှင်းလင်းထားသည်။ Vegan နှင့် Vegetarian မတူညီသော အချက်မှာ Veganism သည် တိရစ္ဆာန်မှဖြစ်သော အစားအစာများဖြစ်သည့် အဆီ၊ အသား၊ နို့၊ ဥ၊ ပျားရည်၊ ငှက်သိုက်စားသုံးခြင်းကိုတားမြစ်သလို တိရစ္ဆာန်သားရေဖြင့် ပြုလုပ်ထားသော လက်ကိုင်အိတ်၊ အဝတ်အထည်၊ ပိုက်ဆံအိတ်၊ လက်အိတ်၊ ခါးပတ်အပြင် အလှကုန်နှင့် ဆေးဝါးများကိုလည်း သုံးစွဲခြင်းမှ တားမြစ်ထားသည်။ Dietary Supplement ခေါ် ဖြည့်စွက်အာဟာရများ စားသုံးရန်၊ Vitamin D လျော့နည်းမှုအတွက် နေရောင်ခြည်ထိတွေ့ပေးရန်၊ Vitamin B12 သည် နို့နှင့် နို့ထွက်ပစ္စည်း၊ တိရစ္ဆာန်အတွင်း ကလီစာများမှ ပိုမိုရရှိနိုင်သောကြောင့် Dietary Supplements and Vitamins supplements စားရန်ဖြစ်သည်။

သုတေသန အကြံပြုချက်က အနောက်တိုင်းအစားအစာများထက် မြေထဲပင်လယ်အစားအစာများကို အကြံပြုထားသည်။ အနောက်တိုင်းအစားအစာ ယဉ်ကျေးမှုကြောင့် သေဆုံးမှုနှုန်းသည် ၁၉၇၃-၁၉၇၅ ခုနှစ်ထက် နှိုင်းဆလျှင် ၁၉၈၃-၁၉၈၅ ခုနှစ်တွင် ပိုမိုများပြားလာပြီး Plant-Based Diet အသီးအနှံ၊ ဟင်းသီးဟင်းရွက်ကို စားသုံးသော နယ်မြေများတွင်မူ ရလဒ်မှာ ပြောင်းပြန်ဖြစ်ကြောင်း တွေ့ရှိရသည်။

**နိဂုံး**


ယနေ့အခါတွင် လူအများသည် တိရစ္ဆာန်ထွက်အသား၊ အဆီ၊ ပြုပြင်စီရင်ထားသော အစားအစာများ၊ ဆီသွတ်ဘူး၊ အကင်များနှင့် ဓာတုပစ္စည်းသုံး Colored၊ Refined၊ Processed Foodများကို ပိုမိုစားသုံးလာကြသည် သာမက ရောဂါပိုးသယ်ဆောင်သူ (Disease Carrier) ဖြစ်နိုင်ခြေရှိသော တောရိုင်းတိရစ္ဆာန်အသားများကိုပါ မက်မောစွာ စားသုံးလာကြခြင်းသည် China-Cornell-Oxford သုတေသနစီမံကိန်းတွင် ဖော်ပြထားသော နာတာရှည်ရောဂါများ (Chronic Diseases) အပြင် ရုတ်တရက် ချက်ချင်း ဘေးဥပဒ်ဖြစ်စေနိုင်သော ရောဂါများ (Acute Diseases) ကူးစက်ပြန့်ပွားမှုကို မြင့်တက်ဖြစ်ပေါ်စေသဖြင့် မိမိတို့၏ စားသောက်နေထိုင်မှုပုံစံကို စဉ်းစားဆင်ခြင်ပြောင်းလဲသင့်ပါက ပြောင်းလဲသင့်ပြီဖြစ်ကြောင်း တင်ပြလိုက်ပါသည်။ ။

## ပဲခူးရိုးမတွန်းတင်ပြတ်ရွေ့မြေငလျင် ...

စာမျက်နှာ ၁၅မှ

၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(USAID)၊ အမေရိကန်ဘူမိဗေဒလေ့လာရေးဌာန (USGS) တို့နှင့်ပူးပေါင်းပြီး ရန်ကုန်၊ မန္တလေး၊ ကျိုင်းတုံ၊ တမူးနှင့် ဟားခါးမြို့တွေမှာ Digital မြေငလျင်တိုင်းစက် ငါးခုကို တိုးချဲ့တပ်ဆင်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အိန္ဒိယနိုင်ငံအစိုးရရဲ့ အကူအညီ၊ ထိုင်းနိုင်ငံအခြေစိုက် ဘက်စုံသဘာဝဘေးကြိုတင်သတိပေး ဗဟိုဌာန (RIMES) ၏ နည်းပညာအကူအညီများဖြင့် တောင်ကြီး၊ ညောင်ဦးနှင့် ကသာမြို့များ၌ Digital မြေငလျင်တိုင်းစက် သုံးလုံးကို တပ်ဆင်နိုင်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်နောက်ပိုင်း၌ Digital မြေငလျင်တိုင်းစက်များ တိုးချဲ့တပ်ဆင်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံပြည်တွင်းတွင် လှုပ်ရှားခဲ့သည့် အင်အားသေးငယ်သော မြေငလျင်ငယ်လေးများကိုပါ ပိုမို တိုင်းတာနိုင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ ပြည်တွင်း၌ အင်အားအနည်းငယ်ရှိသည့် မြေငလျင် (၆၆) ကြိမ်နှင့် အင်အားအသင့်အတင့်ရှိသည့် မြေငလျင်သုံးကြိမ် လှုပ်ရှားခဲ့ပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြေငလျင်ဌာနခွဲမှ သတင်းထုတ်ပြန်ခဲ့ပါသည်။



မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ်အတွင်း လှုပ်ရှားခဲ့သော မြေငလျင်လှုပ်ရှားမှု အခြေအနေပြမြေပုံ

**မြေငလျင်နှင့် ကမ္ဘာ**

ကမ္ဘာပေါ်မှာ ပျမ်းမျှအနေနဲ့ နှစ်စဉ် အင်အားရစ်(ချ်)တာစကေး ၈ နှင့်အထက် မြေငလျင် တစ်ကြိမ်ခန့်၊ အင်အားရစ်(ချ်)တာစကေး ၇ ဒသမ ၀ နှင့် ၇ ဒသမ ၉ ကြားရှိ မြေငလျင် (၁၅) ကြိမ်ခန့်၊ အင်အားရစ်(ချ်)တာစကေး ၆ ဒသမ သုည နှင့် ၆ ဒသမ ၉ ကြားရှိ မြေငလျင် (၁၃၄) ကြိမ်ခန့်၊ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ သုည မှ ၅ ဒသမ ၉ ကြားရှိ မြေငလျင် (၁၃၁၉) ကြိမ်ခန့်၊ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ သုည နှင့် ၄ ဒသမ ၉ ကြားရှိ မြေငလျင်အကြိမ်(၁၃၀၀၀) ခန့်၊ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ သုည နှင့် ၃ ဒသမ ၉ ကြားရှိ မြေငလျင်အကြိမ် (၁၃၀၀၀၀) ခန့် လှုပ်ရှားလျက် ရှိပါသည်။

**ပူးပေါင်းဆောင်ရွက် ပြည်သူ့အတွက်**

နောက်ဆုံးတင်ပြလိုသည်မှာ သဘာဝဘေးအန္တရာယ်ဆိုတာ ရှောင်ရှားလို့မရကြောင်းနှင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် ကြိုတင်ကာကွယ်လို့ရပါကြောင်း ပြောကြားလိုပါသည်။ အထူးသဖြင့် မြေငလျင်ဆိုသည်မှာ ကြိုတင်သတိပေးချက် ထုတ်ပြန်လို့ရသည့် သဘာဝဘေးမဟုတ်ပါ၊ ပြည်သူတွေရဲ့ နိုးကြားတဲ့အသိ၊ သတိနဲ့ ပါဝင်ဆောင်ရွက်မှုတစ်ခုတည်းကသာ မြေငလျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်၏ ထိရောက်သည့် ကြိုတင်ပြင်ဆင်မှုဖြစ်ပါသည်။

ထို့အပြင် အရေးပေါ်အခြေအနေ တုံ့ပြန်မှုစနစ် တိုးတက်လာစေရန်၊ စနစ်ကျသော လုံခြုံရေးစီမံခန့်ခွဲမှုနှင့် ကိုင်တွယ်ဖြေရှင်းမှု ကောင်းမွန်စေရေးအတွက် အရေးပေါ်စီမံခန့်ခွဲမှု နည်းဗျူဟာများ ချမှတ်ပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါသည်။ မည်သည့် သဘာဝဘေးအန္တရာယ်မဆို တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ အဖွဲ့အစည်းတစ်ခုတည်းဖြင့် ဆောင်ရွက်ဖြေရှင်း၍ မရနိုင်ပါ။

ပြည်သူလူထု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ စည်းစည်းလုံးလုံး ဆောင်ရွက်မည်ဆိုလျှင်ဖြင့် မည်သည့်သဘာဝဘေးအန္တရာယ်မဆို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။



## သမီးလေးကို စတောင်မီလို့အမည်ပေးလိုက်တဲ့ ခိုင်လီဂျန်နာ

ကိုယ်ဝန်ရနေစဉ်က တစ်ချိန်လုံး မီဒီယာတွေရဲ့မျက်လုံးတွေအောက်ကနေ ရှောင်ရှားနေကာ ဖုံးကွယ်ထားခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ခိုင်လီဂျန်နာဟာ လတ်တလောမှာ သမီးလေးမွေးဖွားခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး နောက်နေ့မှာပဲ သမီးလေးရဲ့ ဓာတ်ပုံနဲ့အတူ အမည်ကိုပါ ဖွင့်ဟလာခဲ့ပါတယ်။ ရက်ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ထရားဗစ်စကော့ထ်နဲ့ ရရှိခဲ့တဲ့ သူ့ရဲ့ရင်သွေးလေးကိုတော့ မိဘတွေက စတောင်မီလို့ပေးခဲ့တာ ဖြစ်ပါတယ်။ အသက်(၂၀)ရှိပြီဖြစ်တဲ့ ရုပ်သံသရုပ်ဆောင် ခိုင်လီဂျန်နာဟာ သမီးလေးမွေးပြီးနောက် ထရားဗစ်စကော့ထ်နဲ့ စကားတွေပြောနေရင်းက သမီးလေးနာမည်ကို နှစ်ဦးသဘောတူ ရွေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီအကြောင်းအရာတွေနဲ့ သမီးလေးရဲ့ ပထမဆုံးသောဓာတ်ပုံကို ခိုင်လီဂျန်နာက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့တာဖြစ်ပါတယ်။

## တေးယန်ရဲ့မင်္ဂလာဆောင်မှာ ငိုခဲ့တဲ့ G-Dragon



“BIG BANG”ရဲ့ အဖွဲ့ဝင်တွေအနက် ပထမဆုံးအိမ်ထောင်ရှင်ဖြစ်လာခဲ့တဲ့ တေးယန်ရဲ့ မင်္ဂလာပွဲမှာတော့ မင်္ဂလာမောင်နှံကိုကြည့်ကာ G-Dragon မျက်ရည်ကျခဲ့ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။ လတ်တလောမှာ အသက်(၃၀)အရွယ်ရှိပြီဖြစ်တဲ့ G-Dragon ဟာ အသက်(၁၂)နှစ်အရွယ်မှာ ဝိုင်ဂျီအန်တာတိန်းမန့်ရဲ့ လက်အောက်မှာ လေ့ကျင့်ရေးတွေ လုပ်ဆောင်ခဲ့စဉ်ကတည်းက တေးယန်နဲ့ ခင်မင်ရင်းနှီးခဲ့တာဖြစ်ပါတယ်။ ဒီလို နှစ်ပေါင်းများစွာ အတူနေထိုင်ကြီးပြင်းလာခဲ့တဲ့ သူငယ်ချင်း မင်္ဂလာဆောင်ခဲ့ရာမှာတော့ G-Dragon ကို ဝမ်းနည်းစေခဲ့တာဖြစ်ပါတယ်။ တေးယန်နဲ့ သတို့သမီး မင်ဟိုရင်တို့ မင်္ဂလာညစာစားပွဲမှာ အတူတွဲဖက်ကနေတာကိုကြည့်ရင်းက G-Dragon ဟာ မျက်ရည်တွေကျလာပြီး အနီးမှာရှိနေတဲ့ စီအယ်လ်ပခုံးပေါ် မျက်နှာအပ်ကာ ငိုကြွေးခဲ့တာပါ။ ဒီအဖြစ်အပျက်ကိုတော့ ပရိသတ်တစ်ဦးက မှတ်တမ်းတင်ခဲ့ပြီး အွန်လိုင်းမီဒီယာပေါ်မှာ ပြန်လည်ဖော်ပြခဲ့တာလည်း ဖြစ်ပါတယ်။



## ချော်လဲခဲ့တာကို ပြက်ရယ်ပြုခဲ့တဲ့ စီအယ်လ်

ကေပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်သူ စီအယ်လ်ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၃ ရက်မှာ ကျင်းပခဲ့တဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ တေးယန်ရဲ့ မင်္ဂလာပွဲမှာတော့ လှေကားထစ်တွေကို တက်လှမ်းစဉ်မှာပင် ဝတ်စုံကြောင့် ခြေချော်ကာ အများရှေ့မှာ မှောက်လျက်လဲခဲ့တာဖြစ်ပါတယ်။ ဒီအဖြစ်အပျက်ကို ရိုက်ကူးထားတဲ့ ဗီဒီယိုဟာ အွန်လိုင်းပေါ်မှာ ပေါ်ထွက်လာခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါကို စီအယ်လ်က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပြီး ရယ်စရာအဖြစ်အပျက်တစ်ခုအဖြစ် ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။ စီအယ်လ်က ချော်လဲခဲ့စဉ် ရိုက်ကူးထားတဲ့ ဓာတ်ပုံရဲ့အောက်မှာ “ကိုရီးယားကို ခြေချလိုက်တာနဲ့ ဒီလိုပါပဲ”လို့ ရေးသားထားတာပါ။ ဒီလိုလဲခဲ့တာကြောင့် စီအယ်လ်ဝတ်ဆင်လာခဲ့တဲ့ အမေရိကန်ဒေါ်လာ ၆၅၀၀ တန် အပေါ်ထပ်အင်္ကျီရှည်ကြီးကတော့ ပျက်စီးသွားခဲ့ခြင်းမရှိဘဲ ချော်လဲစဉ်က ကျယ်ကျယ်လောင်လောင်အော်ခဲ့တဲ့ စီအယ်လ်ဟာလည်း ချက်ချင်းထကာ ဖက်ရှင်ဘုရင်မတစ်ဦးအသွင်နဲ့ မင်္ဂလာခန်းမရှိရာ ဆက်လက်လျှောက်လှမ်းသွားခဲ့ပါတယ်။

## နယူးယောက်က ဆောင်းဟေကိုရဲ့ ကွန်ဒိုကို ရောင်းချ

နယူးယောက်မှာရှိတဲ့ ဆောင်းဟေကိုရဲ့ ကွန်ဒိုတိုက်ခန်းတစ်ခန်းဟာ လတ်တလောမှာ ရောင်းထွက်ခဲ့ပြီဖြစ်ပါတယ်။ ယင်းတိုက်ခန်းဟာ ဈေးကွက်ပေါ်မှာ နှစ်နှစ်ခန့် ရောင်းချခဲ့ပြီးတဲ့နောက်မှာတော့ လတ်တလောမှာမှ ရောင်းထွက်ခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၅ ရက်မှာ ဖော်ပြခဲ့တဲ့ သတင်းတစ်ပုဒ်အရ နယူးယောက်က မက်ဟန်တန်မှာရှိတဲ့ ဆောင်းဟေကိုရဲ့ ကွန်ဒိုကို ပြီးခဲ့တဲ့ လကုန်ပိုင်းမှာ ရောင်းထွက်ခဲ့တာဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၈၇၅၀၀၀ နဲ့ ရောင်းခဲ့တာဖြစ်ပါတယ်။



ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်မှာ ဆောင်းဟေကိုဟာ စန်ထရယ်ပန်းခြံအနီးမှာရှိတဲ့ ယင်းကွန်ဒိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၄ သန်းနဲ့ ဝယ်ယူခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်းမှာတော့ ဆောင်းဟေကိုက ယင်းတိုက်ခန်းကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ သန်းနဲ့ အရောင်းတင်ခဲ့တာပါ။ အဲဒီနောက် ၁ ဒသမ ၉ သန်း၊ အဲဒီကနေတစ်ဆင့် ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဧပြီလအတွင်းမှာတော့ ၁ ဒသမ ၈၇ သန်းနဲ့ ရောင်းဈေးကို လျှော့ချခဲ့တာဖြစ်ပြီး စတင်ရောင်းချခဲ့ပြီးနောက် နှစ်နှစ်အကြာမှာမှ ရောင်းထွက်ခဲ့တာဖြစ်ပါတယ်။

ဆောင်းဟေကိုဟာ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း မင်းသားဆောင်ဂျွန်ကီနဲ့ လက်ထပ်ခဲ့ပြီးနောက် ရုပ်ရှင်သစ်ရိုက်ကူးရေးတွေကို ရပ်နားထားခဲ့ပါတယ်။ မကြာသေးမီကတော့ ပြင်သစ်ဖက်ရှင်ပြပွဲကို ဆောင်ဂျွန်ကီရော ဆောင်းဟေကိုပါ တက်ရောက်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။



## လီဟွန်ဝူးရဲ့ တေးသီချင်း စစ်မှုမထမ်းမီ ထုတ်လွှင့်

မကြာမီ စစ်မှုထမ်းဆောင်ဖို့ရာရှိနေတဲ့ တောင်ကိုရီးယားသရုပ်ဆောင်မင်းသားတစ်ဦးဖြစ်သူ လီဟွန်ဝူးကတော့ စစ်မှုထမ်းရက်တွေကိုမစတင်မီ နောက်ဆုံးအနေနဲ့ တေးသီချင်းတစ်ပုဒ်ကို ထုတ်လွှင့်ပေးသွားဖို့ရာ စီစဉ်ထားကြောင်း လတ်တလောမှာ သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးလာတာဖြစ်ပါတယ်။

လီဟွန်ဝူးဟာ လာမယ့် ဖေဖော်ဝါရီ ၁၉ ရက်မှာ စတင်စစ်မှုထမ်းဆောင်သွားရမှာဖြစ်ပါတယ်။ စစ်မှုမထမ်းမီမှာ “Twenty Six”လို့အမည်ရတဲ့ တေးသီချင်းတစ်ပုဒ် ထုတ်လွှင့်ခဲ့တာပါ။ ယင်းတေးသီချင်းကိုတော့ သရုပ်ဆောင်နဲ့ အဆိုတော်တစ်ဦးဖြစ်တဲ့ ရှင်ဂျီမင်က ရေးသားပေးထားတာဖြစ်ပြီး ဟစ်ဟော့ပ်တေးသီချင်းအမျိုးအစားလည်းဖြစ်တယ်လို့ သိရပါတယ်။ လီဟွန်ဝူးအနေနဲ့ သူ့ရဲ့ပရိသတ်တွေအတွက် လက်ဆောင်တစ်ခုအဖြစ် ပြန်လည်ပေးအပ်ဖို့အတွက် ရည်ရွယ်ကာ “Twenty Six” ကို ထုတ်လွှင့်ပေးတာဖြစ်ပြီး ဖေဖော်ဝါရီ ၇ ရက် နေ့လည်ပိုင်း(ဒေသစံတော်ချိန်)က စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။



## ချစ်သူများနေ့အတွက် ရည်ရွယ်တဲ့ ထုတ်ကုန်များ ဘီယွန်းစေး စတင်ဖြန့်ချိ

ပေါ့ပ်ကြယ်ပွင့် ဘီယွန်းစေးဟာ မကြာမီ ကျရောက်တော့မယ့် ချစ်သူများနေ့နဲ့ အားလပ်ရက်တွေအတွက် ရည်ရွယ်ကာ သူ့ရဲ့ထုတ်ကုန်ပစ္စည်းသစ်တွေကို ဈေးကွက်အတွင်း လတ်တလောမှာ စတင်ဖြန့်ချိလိုက်ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၅ ရက်မှာ စတင်ဖြန့်ချိလိုက်တဲ့ ပစ္စည်းတွေကတော့ တီရှပ်အင်္ကျီ၊ ခေါင်းစွပ်အနွေးထည်၊ ဘောင်းဘီတိုနဲ့ ဖုန်းကာဗာ စတာတွေပါဝင်ပြီး အရေအတွက် အကန့်အသတ်နဲ့သာ ထုတ်လုပ်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

အင်္ကျီတွေရဲ့အရောင်တွေကိုတော့ များသောအားဖြင့် အနီနဲ့ ပန်းရောင်စတာမျိုးတွေ ထုတ်လုပ်ထားပေမယ့် တည်ငြိမ်အေးချမ်းမှုကိုဆောင်တဲ့ မိုးပြာရောင်နဲ့ အဖြူရောင်တွေကိုလည်း ထည့်သွင်းဖန်တီးထားတာ တွေ့ရပါတယ်။ တန်ဖိုးအရတော့ အနည်းဆုံးအနေနဲ့ အမေရိကန်ဒေါ်လာ ၃၀ ကနေစတင်ပြီး ဘီယွန်းစေးဒေါ့ကွန်းမှာ ဝင်ရောက်ကြည့်ရှုဝယ်ယူနိုင်ကြောင်းလည်း သိရပါတယ်။

လတ်တလောမှာ အသက်(၃၆)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘီယွန်းစေးဟာ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလအတွင်းမှာ ခရစ္စမတ်အကြို ထုတ်ကုန်တွေ ဖြန့်ချိခဲ့ရာမှာလည်း အလွန်ကို အောင်မြင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နောက်ထပ်ခြေလှမ်းအဖြစ် ချစ်သူများနေ့ ထုတ်ကုန်တွေကို ထုတ်လုပ်ဖြန့်ချိခဲ့တာဖြစ်ပါတယ်။ သူနဲ့အပြိုင် ချစ်သူများနေ့ ထုတ်ကုန်တွေဖြန့်ချိခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တစ်ဦးကတော့ ကမ်ကာဒါးရှီးရန်း ဖြစ်ပါတယ်။ ကမ်ကတော့ မကြာသေးမီက သူ့ရဲ့ထုတ်ကုန်သစ် သုံးမျိုးကို ထုတ်လုပ်ဖြန့်ချိလိုက်တာပါ။ ကမ်ဟာ “Bae”၊ “Ride Or Die”၊ “BFF” စတဲ့ ရနံ့တွေနဲ့ ရေမွှေးတွေကို လာမယ့်ချစ်သူများနေ့အတွက် ရည်ရွယ်ကာ ပရိသတ်တွေနဲ့ မိတ်ဆက်ခဲ့တာဖြစ်ပါတယ်။ ကမ်ရဲ့ထုတ်ကုန်တွေအားလုံးကိုတော့ ကမ်မိုဂျီအသည်းပုံဘူးနဲ့ ဖန်တီးထုတ်လုပ်ထားတာကိုလည်း တွေ့ရပါတယ်။

**အေးပြည့် - စုစည်းသည်**

## ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ပဲခူး ဖေဖော်ဝါရီ ၇**

ပဲခူးမြို့နယ် ရွှေပန်းကျေးရွာ၌ ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း(VDP) စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

ပဲခူးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဦးစီးဌာနမှူး ဦးမောင်မောင်နိုင်မင်းက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရွှေပန်းကျေးရွာဖွံ့ဖြိုးရေးကော်မတီထံသို့(VDP) စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ အား လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ရွှေပန်းကျေးရွာတွင် နှစ်အလိုက် ဦးစားပေး စီမံချက်ဖြစ်သည့် ကျေးရွာတွင်း(VDP)စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၅ သိန်းတို့ဖြင့် အရှည်ပေ ၄၀၀၀၊အကျယ် ပေ ၂၀ ပေ၊ အမြင့် သုံးပေရှိ မြေသားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ပြည်သူများ ထပ်မံထည့်ဝင်ငွေကျပ် ၂၅ သိန်း ဖြင့် ဂဝံလမ်းခင်းသွားမည်ဖြစ် ကြောင်း သိရသည်။

**ဟိန်းထက်(ခရိုင်ပြန်/ဆက်)**



## ငွေဆောင်ကမ်းခြေ သန့်ရှင်းသာယာလှပစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

(၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ငွေဆောင်ကမ်းခြေဒေသ သန့်ရှင်းသာယာလှပစေရေးနှင့်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စုပေါင်းသန့်ရှင်းရေးလှုပ်ရှားမှုကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ရာ ငွေဆောင်မြို့မအားကစားကွင်း၊ အ-ထ-ကကျောင်းရှေ့လမ်းဆုံ၊ Sunny Paradise Hotel အနီး ကမ်းခြေတို့၌ စွန့်ပစ်အမှိုက်များကောက်၍ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့သည်။

ငွေဆောင်ကမ်းခြေဒေသသည် သဘာဝခရီးသွားလုပ်ငန်းအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ နှစ်စဉ်တိုးတက်များပြားလာကာ ကမ်းခြေနှင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ မပျက်စီးစေရေး၊ စွန့်ပစ်အမှိုက်များလျော့နည်းကျဆင်းရေး၊ ကမ်းခြေဒေသသဘာဝအလှများအား ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ပညာပေးလှုပ်ရှားခြင်းစသည်ဖြင့် ရည်ရွယ်ကာ စုပေါင်းသန့်ရှင်းရေးကို ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးအမှိုက်ကောက်လှုပ်ရှားမှုကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ငွေဆောင်ရုံးခွဲတာဝန်ခံ ဦးစီးအရာရှိ ဦးစိုးဝင်းနှင့်ဝန်ထမ်းများ၊ ဟိုတယ်ဇုန်ရှိ ဟိုတယ်တာဝန်ရှိသူများနှင့် ဟိုတယ်ဝန်ထမ်းများ စုစုပေါင်းအင်အား ၉၅ ဦးခန့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## မြစ်ကြီးနားမြို့၌သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းဖွင့်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၇**

သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ရပ်ရွာလူထုသည် ပထမဆုံးရင်ဆိုင်ဖြေရှင်းရသူများဖြစ်ပြီး တုံ့ပြန်ဆောင်ရွက်ရသည်မှာ ဒေသအစိုးရများဖြစ်သည့်အတွက် ဝန်ထမ်းများနှင့် ရပ်ရွာလူထုအတွက် စွမ်းဆောင်ရည်မြင့်မားလာစေရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ကချင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က အဖွင့်အမှာစကားပြောကြား၍ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်လှကေသီမာက ကချင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန်နှင့် ဘေးအန္တရာယ်လျှော့ချရေး ကြိုတင်ဆောင်ရွက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတများပိုမိုရရှိပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်နိုင်စေရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် IOM အဖွဲ့မှ Project Coordinator Mr.Dedy Alfian က သင်တန်းနှင့်ပတ်သက်၍ ရည်မှန်းချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ သင်တန်းကို ပြည်နယ်အတွင်းရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာအရာထမ်း/အမှုထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသားသင်တန်းသူ ၅၀ တို့အား လေးရက်ကြာ သဘာဝဘေးအန္တရာယ်ဆိုင်ရာများနှင့် ပတ်သက်၍ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု မိတ်ဆက်ခြင်း၊ မြန်မာနိုင်ငံသဘာဝအန္တရာယ်များနှင့် ဆုံးရှုံးနိုင်ခြေများအား သိမြင်နားလည်ခြင်း၊ ဘေးအန္တရာယ်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု ချဉ်းကပ်ဆောင်ရွက်ချက်များ (ကြိုတင် ကာကွယ်ရေး၊ ထိခိုက်မှုလျော့ပါးစေရေး၊ ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ရေးနှင့် ပြန်လည်ကောင်းမွန်လာရေး)၊ ဘေးအန္တရာယ်ဒဏ်ခံနိုင်ရေးနှင့် ပိုမိုဘေးကင်း လုံခြုံသော ဖွံ့ဖြိုးရေးစသည့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပတ်သက်၍ ပိုမိုရရှိစေရန် သင်ကြားပို့ချကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## မြိတ်တက္ကသိုလ်၌ ပြည်ထောင်စုနေ့အကြို ဘာသာရပ်ပေါင်းစုံ ဈေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများကျင်းပ

**မြိတ် ဖေဖော်ဝါရီ ၇**

၂၀၁၇-၂၀၁၈ ပညာသင်နှစ်မြိတ်တက္ကသိုလ်၌ ပြည်ထောင်စုနေ့အကြို ဘာသာရပ်ပေါင်းစုံ ဈေးရောင်းပွဲတော်နှင့်ပျော်ပွဲရွှင်ပွဲများကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက ပင်မဆောင်ဝန်းကျင်း၌ကျင်းပသည်။

ယင်းဈေးရောင်းပွဲတော်တွင် မြိတ်တက္ကသိုလ်မှမြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီ၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ အဏ္ဏဝါသိပ္ပံဌာန၊ မြိတ်တက္ကသိုလ်စာပေနှင့်အနုပညာအသင်းနှင့် ကျောင်းသားသမဂ္ဂအပါအဝင်ဈေးဆိုင်ခန်း ၁၅ ခန်းဖွင့်လှစ်ကာ အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

မြိတ်တက္ကသိုလ်၏ ဘာသာရပ်ပေါင်းစုံဈေးရောင်းပွဲတော်ကို စတုတ္ထအကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာမုန့်မျိုးစုံ၊ ဒေသအစားအစာများရောင်းချပေးခြင်းများနှင့်အတူ ဂိမ်းကစားပွဲများ၊ ကံစမ်းမဲများဖွင့်လှစ်ခြင်းများကိုကျောင်းသား၊ ကျောင်းသူများတပျော်တပါး ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

ကျောင်းသား ကျောင်းသူများ စာသင်ခန်းအတွင်းစာသင်နေရုံသက်သက်မဟုတ်ဘဲတစ်ဦးနှင့်တစ်ဦးချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်တတ်စေရန်ရည်ရွယ်၍ ဈေးရောင်းပွဲတော်များ၊ ဘာသာရပ်အလိုက်အားကစားပြိုင်ပွဲများ၊ အနုပညာပဒေသာကပွဲများ၊ လူမှုရေးလုပ်ငန်းများအပြင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပွဲများကျင်းပပေးခြင်းဖြစ်ကြောင်း မြိတ်တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ်ဒေါက်တာဒေါ်နီနီဦး၏ပြောပြချက်အရသိရသည်။

အဆိုပါ မြိတ်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံဈေးရောင်းပွဲတော်သို့ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ၊ အခြေခံပညာကျောင်းများမှကျောင်းသား ကျောင်းသူများ ကလာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်းသိရသည်။

**မြင့်ဦး(မြိတ်)**

## ပင်လယ်ကမ်းစပ်တွင်နေထိုင်သောပြည်သူများအတွက် သဘာဝဘေးအန္တရာယ်အသိပညာပေး

**အမာ ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ ဘဝသစ်ကျေးရွာ အုပ်စုအတွင်းရှိ ပင်လယ်ကမ်းစပ်တွင် ရှာတည်ထားသော ဂေါ်ဒူကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် အလယ်တန်းကျောင်းတို့တွင် ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီခွဲက သဘာဝဘေးအန္တရာယ် အသိပညာပေး ဟောပြောပွဲနှင့် ငလျင်ဘေးဇာတ်တိုက်လေ့ကျင့်ခြင်းများပြုလုပ်ခဲ့သည်။



သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်သီသီချိုနှင့် အမာမြို့အုပ်ချုပ်ရေးမှူး၊ တိုက်နယ်ဆရာဝန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများပါဝင်သောအဖွဲ့သည် ဂေါ်ဒူကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဒေသခံပြည်သူများ၊ အလယ်တန်းကျောင်းသားများ၊ ဆရာ ဆရာမများအား သဘာဝဘေးအန္တရာယ် အသိပညာပေးများဟောပြောခဲ့ပြီး အလယ်တန်းကျောင်းဝင်းအတွင်းတွင် ကျောင်းသားလေးများ ကျောင်းတက်ချိန် ငလျင်ဘေးကျရောက်လာပါက ကာကွယ်တတ်စေရန် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ သဘာဝဘေးအန္တရာယ်ကို အချိန်မရွေးရင်ဆိုင်ရနိုင်သော ပင်လယ်ကမ်းစပ်ကျေးရွာဖြစ်သည့်ဂေါ်ဒူကျေးရွာတွင်ဒေသခံပြည်သူများ၏ လိုအပ်လျက်ရှိသော သဘာဝဘေးအန္တရာယ်ကျရောက်လာပါက လုံခြုံစိတ်ချစွာခိုလှုံနိုင်သည့် ဆိုက်ကလုန်းရှယ်တာတစ်လုံးကို လူမှုဝန်ထမ်း/ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှပေး၍(Myanmar Leading) ဆောက်လုပ်ရေးမှ ဇန်နဝါရီ ၄ ရက်တွင် စတင်ဆောက်လုပ်ပေးနေကြောင်းသိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

## ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းပေါင်းစုံ စာစီစာကုံးပြိုင်ပွဲပြုလုပ်

**မြောင်းမြ ဖေဖော်ဝါရီ ၇**

(၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘက်စုံထူးချွန်သော ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာစေရေးကို ရည်ရွယ်ပြီး ကျောင်းပေါင်းစုံ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို မြောင်းမြခရိုင်Community Centre ၌ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီခွဲက ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "စည်းလုံး ချစ်ကြည် ပြည်သစ်တည်" ခေါင်းစဉ်ဖြင့် မြောင်းမြမြို့ပေါ်ရှိ အထက်တန်းကျောင်း အသီးသီးမှ ကျောင်းသား၊ ကျောင်းသူ ၄၀ ပါဝင်ယှဉ်ပြိုင် ဖြေဆိုကြကြောင်း၊ ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဖေဖော်ဝါရီ ၇ ရက်တွင် မြောင်းမြ ခရိုင် Community Centre ၌ စာအုပ်စာစောင်ပြပွဲနှင့်အတူ ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ် ကြောင်း သိရသည်။

"မြောင်းမြခရိုင် Community Centre ကို ပြည်သူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့တွေသာမကဘဲ ကျောင်းသား ကျောင်းသူတွေရဲ့ အရင်းနှီးဆုံး ဝင်ထွက်သွားလာ ဗဟုသုတ ရှာမှီးရာ နေရာတစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အခုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ အခြေခံပညာအထက်တန်းကျောင်းတွေနဲ့ပူးပေါင်းပြီး ထူးချွန်တဲ့ ကျောင်းသား ကျောင်းသူတွေ ပေါ်ထွက်လာအောင် အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲ ကျင်းပပေးခြင်းဖြစ်ပါတယ်" ဟု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောသည်။

**ခရိုင်(ပြန်/ဆက်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## တကယ်နော်ခက်သည့် အရွယ်တွေအကြောင်း



ဆယ်ကျော်သက်တို့၏ စွမ်းရည်ကို မှန်ကန်တည့်မတ်အောင်၊ လမ်းလွဲမရောက်အောင် မိဘတို့၏ ပြုစုပျိုးထောင် လမ်းညွှန်နိုင်မည့် နည်းလမ်းများကို ဒေါက်တာရဲ(ကလေးအထူးကုဆရာဝန်ကြီး) စီစဉ်ရေးသားသော တကယ်နော်ခက်သည့် အရွယ်တွေအကြောင်း စာအုပ်ထွက်ရှိလာသည်။

ယောကျ်ားလေးများသည် အရွယ်ရောက်လာသည်နှင့် ယောကျ်ားလေးလက္ခဏာ၊ မိန်းကလေးများသည်လည်း အရွယ်ရောက်လာသည်နှင့် မိန်းကလေးလက္ခဏာများပေါ်လာပြီး မိဘများကကြိုတင်ပြင်ဆင်မှု၊ နားလည်မှုမရှိလျှင် ကလေးအတွက်ရော လူကြီးအတွက်ပါ စိတ်တုန်လှုပ်ဖွယ်များဖြစ်စေနိုင်သည်။ ထိုသို့မဖြစ်စေရန် အဆိုပါစာအုပ်တွင် ဆယ်ကျော်သက်တို့အရေးကြီးပုံ၊ ဆယ်ကျော်တကယ် မသက်မီကလေး၊ သမီးကညာ ခရီးအခါအစ၊ ကိုးနှစ်သားကလေးအတွက် ကျန်းမာစေကြောင်း အလေ့အကျင့်ကောင်းများ၊ ဆယ်ကျော်သက်အဝင်ဉာဏ်ရည်၊ ကိုးနှစ်သား၏ စိတ်လှုပ်ရှားမှုနှင့် ကိုယ်ရည်ကိုယ်သွေးစသည့်အကြောင်းအရာများကို ရေးသားထားသည်။

စာအုပ်ကိုနန်းဒေဝီစာပေ၊ အမှတ် - ၂၀၀(ပထမထပ်)၊ ၃၆ - လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၃၈၃၀၂၅နှင့် ၀၁ - ၃၉၁၆၃၃တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

## သရဝဏ်တာရာခင်းလမင်းလည်းသာခဲ့ပြီကဗျာများ



မြန်မာ့ကဗျာသမိုင်းတွင် နှစ်ကာလရှည်လျားစွာ တည်တံ့ကျန်ရစ်မည့် သတ္တိများ၊ အရည်အချင်းများရှိဖို့ ပြောင်မြောက်ဖို့ ဆိုလိုရင်းဖြစ်ကြောင်း စာရေးသူနွေကိုတူး (ပခုက္ကူ) စီစဉ်သော သရဝဏ်တာရာခင်း လမင်းလည်းသာခဲ့ပြီ ကဗျာများစာအုပ်ထွက်ရှိလာသည်။

သုံးရာသီ ရှန်းရှာပြီ၊ ကျောပြင်ကော့အောင် ထွန်တော့ ဤနွား၊ ကံအကြောင်းပေလာ နံ့ပြောင်းတွေ တကယ်သီးလျှင်ဖြင့်လယ်ကြီးရှင်စားနှင့် မော်ကွန်းတင်ငွေစည်တီးပါလို့၊ ဖော်ညွှန်းလျှင် မသွေအမည်ကမ္ပည်းရယ်နဲ့၊ ရွှေပြည်ကြီးသုခမိန်. . . ကဲ့သို့သော ကျစ်ကျစ်လျစ်လျစ် စူးစူးပေါက်ပေါက် ဖွဲ့နွဲ့ထားသော မေတ္တာတံတား၊ ကြည်လင်ခြင်း၊ မော်ကွန်းသစ်၊ စာမျက်နှာသစ် သက္ကရာဇ်၊ နွေတော်လှန်ရေး၊ တံမြက်စည်း၊ အစုန်နဲ့ အဆန်၊ နွေဦးဇာတ်စင် ပန်းသဘင်၊ မတ်လတိုက်ပွဲ၊ သုခမိန် ဧကရီ ဒေါ်အောင်ဆန်းစုကြည်၊ ဒန်းနှင့် ငြမ်း၊ ပိတောက်နှင့် တမာ၊ လျှော်ဖွပ်ခြင်း၊ လွမ်းရက်ကြာရှည်အညာမြေ စသည့်ကဗျာများကို စုစည်းထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် - ၂၉၆၊ ၁/အနော်မာအရှေ့(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၄၂၀၀၇၈၇၆၇နှင့် ၀၉ - ၇၃၂၂၄၁၃၇တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။

## ရည်မှန်းချက်မှသည် အောင်မြင်မှုပန်းတိုင်ဆီသို့




ပြောင်းလဲလာသော ခေတ်စနစ်နှင့်အတူ ယနေ့ခေတ်လူငယ်များသည် ဒီမိုကရေစီအနာဂတ်တိုင်းပြည်၏ မီးရှူးတန်ဆောင်ဖြစ်ကြောင်း ဦးအောင်ခိုင်မြင့် စီစဉ်သော ပါမောက္ခဒေါက်တာအောင်ထွန်းသက် ဟောပြောသည့် ရည်မှန်းချက်မှသည် အောင်မြင်မှုပန်းတိုင်ဆီသို့ စာအုပ်ထွက်ရှိလာသည်။

ယနေ့ခေတ်လူငယ်များသည် တိုင်းပြည်၏အနာဂတ်ကိုထမ်းဆောင်ရမည့် လူငယ်များဖြစ်သည့်အားလျော်စွာ အရည်အချင်းများပြည့်ဝသော သူများဖြစ်ဖို့လိုပေသည်။ မိမိနိုင်ငံတိုးတက်ဖို့အတွက် အရာရာကို လေ့လာရမည်၊ ကြိုးစားရမည်၊ ဝီရိယရှိရမည်၊ ဇွဲသတ္တိရှိရမည့်အပြင် ရေရှည်အောင်မြင်မှုအတွက် အစဉ်ကြိုးပမ်းစွမ်းဆောင်နေရမည်ဖြစ်သည်။ သို့မှသာ မိမိ၏ဘဝ မိမိအနာဂတ်လည်း သာယာလှပမည်ဖြစ်သည်။ လူငယ်များသည် ဘဝရည်မှန်းချက်ကြီးစွာထား၍ မိမိမြတ်နိုးသည့်အလုပ်ကိုရွေးချယ်ပြီး နိုင်ငံတော်တည်ဆောက်ရေးနှင့်မိမိဘဝပန်းတိုင်ရောက်ရှိရေးအတွက် မလျှော့သောဇွဲဖြင့် ကြိုးစားရမည်ဖြစ်သည်။ အလုပ်လုပ်ကိုင်ရာတွင်လည်းအရေးကြီးသည့်အရာနှင့် အရေးမကြီးသည့်အရာကို ခွဲခြားပိုင်းဖြတ် လုပ်ဆောင်နိုင်ရမည်ဖြစ်ကြောင်းရေးသားထားသည်။

စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ် - ၂၃၇၊ ၃၉ - လမ်း(ပထမထပ် - ဝဲ)၊ ပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၈၃၉၂၈၃၅နှင့် ၀၉ ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။

## HIGHER ENGINEERING MATHEMATICS





နိုင်ငံတကာတက္ကသိုလ်များတွင် ပညာရေးနှင့်ပတ်သက်၍ အဆင့်မြင့်ပညာနှင့် ကွန်ပျူတာနည်းပညာတို့ကို အားသွန်ခွန်စိုက် သင်ကြားနေကြောင်း စာရေး ဆရာ အောင်မြင့်(M.E., Australia) စီစဉ်သည့် HIGHER ENGINEERING MATHEMATICS စာအုပ် ထွက်ရှိလာသည်။

သင်္ချာပညာရပ်သည် အလုပ်မှန်သမျှကို အခြေခံကြောင်း၊ ထိုနည်းတူ ကွန်ပျူတာနည်းပညာသည်လည်း ခေတ်၏မီးရှူးတန်ဆောင်ဖြစ်သည်။ အဆိုပါပညာရပ်နှစ်ခုစလုံးသည် အမြွှာညီအစ်ကိုတွေကဲ့သို့ ဖြစ်နေပေသည်။ ရှေးနှစ်ပေါင်းများစွာကတည်းက သင်္ချာပညာပါရမီရှင်ကြီးများက အနာဂတ်မျှော်တွေးပြီး အဆင့်မြင့်သင်္ချာနည်းပညာနှင့် ဥပဒေကိုကြံဆရင်း ပညာရေးအုတ်မြစ်များချပေးခဲ့သည်။ သင်္ချာပညာရပ်များသည် ခက်ခဲနက်နဲပြီး လက်တွေ့ချတွက်ရာမှာ အချိန်များစွာကြာမြင့်ကာ ပုစ္ဆာပေါ်မူတည်ပြီး တွက်နည်းအစုံအလင်ကို သိထားရမည်ဖြစ်သည်။ ကွန်ပျူတာသည် တွက်ချက်အားကောင်းသောကြောင့် စရွေးကိုက်အလုပ်လုပ်၍ ရရှိနိုင်သော ပစ္စည်းတစ်ခုဖြစ်သည်။ မြန်မာပြည်၏ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာတက္ကသိုလ်များတွင် ပညာရေးအဆင့်မြင့်လိုပါက သင်္ချာကိုသေချာစွာနားလည်အောင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ရေးသားထားသည်။

စာအုပ်ကို အောင်မြင်စာပေ၊ အမှတ် - ၁၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၅၄၁၇၄၅နှင့် ၀၁ - ၅၅၂၁၀၃တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။

## ရွှေသင်္ဘောပုံပြင်




လူတစ်ယောက်သည် အသက် ၅၀ကျော် ၆၀တန်းသို့ရောက်ရှိလာလျှင် ယင်းတို့၏ မတူညီသည့်ဘဝတွင် နောင်တရစရာ အမှားတစ်ရာ၊ အမှန်တစ်ရာတို့ကို လုပ်ကိုင်ရင်းဖြတ်သန်းခဲ့ရသည့်အတွက် ရင်ထဲတွင်ကိုယ်စီကိုယ်င ပြောစရာများရှိလာကြောင်း စာရေးဆရာ သန်းလွင်(CEO) စီစဉ်သော ရွှေသင်္ဘောပုံပြင်စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မည်သည့်စာအုပ်တွင်မှ ရှာဖတ်၍မရနိုင်သော အကြောင်းအရာများပါဝင်ပြီး သင်္ဘောသားများအနေဖြင့် စာတစ်ပိုဒ်ဖတ်ပြီးတိုင်း မိမိအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ သင်္ဘောသားမဟုတ်သောသူများ၊ အထူးသဖြင့် သင်္ဘောသားဖြစ်လိုသူများ၊ သင်္ဘောသားမိသားစုများ၊ သင်္ဘောသားချစ်သူများက နားလည်သိရှိရန် ခက်ခဲသော ရေကြောင်းပညာရပ်ဆိုင်ရာ ဗဟုသုတများကို ကျော်လွှားပြီး ရသပိုင်းများကိုသာဖတ်ရှုပါက သင်္ဘောသားဆိုသည်မှာ ဒီလိုပါလားဟူသောအသိကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း စာရေးသူကိုယ်တိုင် ဖြတ်သန်းလာခဲ့ရသော ဖြစ်ရပ်များကိုရေးသားထားသည်။

စာအုပ်ကို Ocean Blue စာပေ၊ အမှတ် - ၂၅၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၄၄၀၉၉၉၇၇၈ မှ တန်ဖိုးငွေ ကျပ်၃၅၀၀ ဖြင့် ဖြန့်ချိသည်။

## နိုင်ငံအကျိုးပြု အဖိုးတန်ရတနာများ(၃)



ဇာတိချက်ကြွေ မွေးရပ်မြေသို့ လွမ်းဆွတ်သတိရခြင်းများစွာဖြင့် စာရေးဆရာ အေးသိန်း(သမိုင်းသုတေသီ) စီစဉ်သော နိုင်ငံအကျိုးပြု အဖိုးတန်ရတနာများ(၃) စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ရခိုင်ပြည်နယ်လုံးဆိုင်ရာ တိပိဋကအာဂုံစာပြန်ပွဲ၌ အဘိဓမ္မာခုနစ်ကျမ်းကို အာဂုံပြန်ဆို၍ ကေသရာဘိဓဇ အဘိဓမ္မာဝါဒဂ္ဂတပါရဂူဟူသောဂုဏ်ဖြင့် ချီးကျူးခံရသော အရှင်ကေသာရမထေရ်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးပညာလောက၊ ဖက်ဆစ်တော်လှန်ရေးခေါင်းဆောင် ဆရာတော်ဦးပညာသီဟ၊ ဗိုလ်ချုပ်သူရ ဦးစောဖြူ(လေ)၊ ဒုတိယဗိုလ်မှူးကြီး(ရေ)၊ ရခိုင်ပြည်နယ် ဒေသပါတီဥက္ကဋ္ဌ၊ H.E သံအမတ်ကြီး (ဟောင်း) ဦးရွှေဇံအောင်တို့၏ ဘဝပုံရိပ်များကို ရေးသားထားသောကြောင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ဂုဏ်ထူးစာပေ၊ အမှတ် - ၁၉၂၊ ၃၃ - လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၃၈၆၅၉၀နှင့် ၀၁ ၃၈၆၅၉၅တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။

## ဒိုးဒိုးဒေါက် စက္ကူအရုပ်ခေါက်




တိုတက်ပြောင်းလဲလာသော ပညာရေးစနစ်သစ်တွင် စက္ကူအရုပ်ခေါက်နည်းပညာသည်လည်း အခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်လာကြောင်း စာရေးဆရာ ဦးဦးရကောက် စီစဉ်သော ဒိုးဒိုးဒေါက် စက္ကူအရုပ်ခေါက် စာအုပ်ထွက်ရှိလာသည်။

စက္ကူအရုပ်ခေါက်နည်း အတတ်ပညာသည် လူကြီး၊ လူငယ်မရွေးခေါက်နိုင်သောပညာရပ်တစ်ခုဖြစ်ပြီး စက္ကူအရုပ်ကလေးများကို ခေါက်ခြင်းအားဖြင့် စိတ်တည်ငြိမ်မှုကိုရရှိစေခြင်း၊ စူးစိုက်အားကို ကောင်းမွန်စေခြင်း၊ အလုပ်တစ်ခုကိုလုပ်ရာတွင် အောင်မြင်သည်အထိ လုပ်ချင်လိုစိတ်ရှိလာခြင်း၊ မအောင်မြင်သည်ဆိုသော အခက်အခဲကို ကျော်လွှားလိုစိတ်ပြင်းထန်လာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်ဖြစ်သည်။ အရုပ်ကလေးများအဖြစ်ပြုလုပ်ရာတွင် အခြေခံသိဖို့လိုသည်၊ ထိုသို့သိမှသာ ကြောင်ကလေးမျက်နှာ၊ ခွေးကလေးမျက်နှာ၊ ဝက်ဝံလေး၊ ခြင်္သေ့လေး၊ ဘဲကလေး၊ ဝံပုလွေကလေး၊ ကျားပေါက်ကလေးစသည့် အရုပ်ပေါင်း ၁၀၀နီးပါးကို ထည့်သွင်းဖော်ပြထားသည်။

စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ် - ၂၃၇၊ ၃၉ - လမ်း(ပထမထပ် - ဝဲ)၊ ပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၈၃၉၂၈၃၅နှင့် ၀၉ - ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## ဖြုံဘူး အားပြိုင်ပွဲနှင့် ရသခရီးသွား စာမူများ



အပတ်စဉ်ဂျာနယ်များတွင် ဖော်ပြပြီးဖြစ်သော ဆောင်းပါးစာမူများကို တစုတဝေးတည်းဖတ်ရှုနိုင်စေရန် ဆရာမင်းကိုနိုင်၏ခရီးသွားဆောင်းပါးစာမူများကို ဦးသန်းနိုင်ထွန်းစီစဉ်သော ဖြုံဘူးအားပြိုင်ပွဲနှင့် ရသခရီးသွားစာမူများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မန်းရွှေစက်တော်ကား ယခင်ကလို လှည်းနှင့်လာကြဖူးကြရသည်မဟုတ်တော့၊ ကားပေါင်းစုံဖြင့် ပြည့်လျက်၊ ကိုခန်းကြီးရှိ ခေါင်းလောင်းကြီးကိုမြင်သော် ရှေးဟောင်းက ဘုရားဖူများအတွက် ဤခေါင်းလောင်းကြီး၏တန်ဖိုးကို မှန်းဆမိပါသေးသည်။ လှည်းများနှင့် ခရီးဝေးကလာရောက်သူများအတွက် ဤခေါင်းလောင်းကြီးတန်ဖိုးကြီးပေစွ။ အမရပူရခေတ်က ပူဇော်ခဲ့သည်ဆိုသည့် ဤခေါင်းလောင်းကြီးကို ကိုးခန်းဇရပ်တွင် လှူဒါန်းနိုင်ရန် ထိုအချိန်က ဆင်နှင့် ဆွဲကာ တောင်ပေါ်အရောက်တင်ခဲ့ရသည်ဟူ၏ အညာနွေဦးတေး၊ အားလုံးကိုခြုံကြည့်ရင်၊ ချင်းတွင်းတစ်ဖက်ကမ်းကပန်းချီ၊ မြက်ခင်းပေါ်က ဘွဲ့နှင်းသဘင်၊ ဟားခါးလမ်း၊ အဝေးပြေးလမ်းများစသည့် ခရီးသွားရသစာမူများကို ရေးသားထားသည်။

စာအုပ်ကို စွမ်းရည်ပြည့်ပိုင်စာပေတိုက်၊ အမှတ် - ဃ၊ ၅၂ - ၅၃၊ ဖွံ့ဖြိုးရေး(၂)လမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၅၆ ၂၃၂၄၄မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။











**ပျောက်ဆုံးကြောင်း**

Peninsula Enterprises Ltd ၏ ID No.100012513161 (13.1.2017) သည် ပျောက်ဆုံးသွားပါကြောင်း အသိပေးအပ်ပါသည်။










## နစ်ကိုးဆယ် ဂရန်ကြီးကျပြီး ကိုးဧကခန့် ခြံဝိုင်းကြီး ရောင်းမည် (ဖုန်း - ၀၉ - ၂၀၃၉၅၆၆၊ ၄၄၈၅၄၈၇၇၈၊ ၈၃၀၀၄၄၂)

နေပြည်တော်၊ မြို့မဈေးအနီး၊ ရွှေနံ့သာတန်ဖိုးနည်းအိမ်ရာအနီး၊ ငလိုက်ကန်သာအပန်းဖြေစခန်းအနီး၊ ငလိုက်ကန်သာဆင်စခန်းအနီး၊ မင်းကုန်းအုတ်စက်ရုံအနီး၊ (ပျဉ်းမနား၊ တောင်ညို ကားလမ်းမကြီးဘေးမေးတင်)၊ (KLO) စက်သုံးဆီဆိုင်ရှေ့တွင်ရှိသော နေရာအလွန်ကောင်း နှစ်ကိုးဆယ်ဂရန်ကြီးကျပြီး ငါးဧကခန့်အပြင် (၁၀၅/၁၀၆)ရပြီး တစ်ဆက်တစ်စပ်တည်းရှိ ကျန်လေးဧကနီးပါးခန့် စုစုပေါင်းကိုးဧကခန့်ရှိ ခြံဝိုင်းကြီးရောင်းမည်။ ခွဲ၍မရောင်းပါ။









**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၂ ကံဘဲ့၊ မြေကွက်အမှတ်-၂၃/က၊ မြေကွက်တည်နေရာအမှတ်-၁၁/က၊ ကန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ကပ္ပတိန် ဦးကျော်မြင့်ထွန်း၊ ဒေါ်ခင်မမလွင် အမည်ပေါက် မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်) မြေအား အမည်ပေါက် နှစ်ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်မမလွင်မှာ ၂၁-၈-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ခင်ပွန်းဖြစ်ပြီး၊ အမည်ပေါက် တစ်ဦးဖြစ်သူ ဦးကျော်မြင့်ထွန်း[၁၂/ဒဂန(နိုင်)၀၁၈၆၈၃]၏ GP ၉၀၆၃/၂၀၁၇ (၂၉-၉-၂၀၁၇)ရရှိသူ ဦးကျော်မင်းထွန်း[၁၂/ဒဂန(နိုင်)၀၂၇၇၁၆]မှ ဦးကျော်မြင့်ထွန်းမှာ တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အမည်ပေါက်သည့်အရောင်းအဝယ်စာချုပ်အမှတ် (၁၂၂၃/၁၉၈၆) (၁၂-၁-၁၉၈၇)၊ GP အထောက်အထား၊ GP ပေးခြင်းအတွက် ကျမ်းကျိန်လွှာ၊ အမှားပြင်စာချုပ်အမှတ်-၁၆၈/၁၉၈၈ (၂၁-၃-၈၈)တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမှားပြင်ဆင်ချက်**

၃-၂-၂၀၁၈ ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာကဏ္ဍစာမျက်နှာ (ခ) တွင်ပါရှိသော MEDi LAND Hospital ကုန်အမှတ်တံဆိပ် ကြော်ငြာပါ FOURTEEN STAR NETWORK DAWEI CO.,LTD ၏ Managing Director ဖြစ်သူ ဦးကျော်ဝင်း၏ မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်)၁၉၂၂၆၂] ကို [၁၂/အစန(နိုင်)၁၀၅၀၄၀]ဟု ပြင်ဆင်ဖတ်ရှုပါရန် ကြေညာအပ်ပါသည်။

**ဦးရန်ပိုင်စိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၉၁)**
**ရုံးခန်း-အမှတ်(၄၄၀)၊ အခန်း(A)၊ ဘုရင့်နောင်လမ်း၊ (၃၉/A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၇၃၁၂၅၆၈၇**




MYANMAR CONSTRUCTION
MCEA
ENTREPRENEURS ASSOCIATION

# မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်

## အထူးအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် MCEA ၏ သင်းဖွဲ့စည်းမျဉ်းကိစ္စ ဆွေးနွေးအတည်ပြုနိုင်ရန်အတွက် အထူးအစည်းအဝေး ပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားတိုင်း **မပျက်မကွက်** တက်ရောက်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| **ကျင်းပမည့်နေ့ရက်** | **ကျင်းပမည့်အချိန်** | **ကျင်းပမည့်နေရာ** |
|---|---|---|
| ၂၂-၂-၂၀၁၈<br>(ကြာသပတေးနေ့) | နံနက် ၁၀း၀၀ နာရီ | MCEA ခန်းမ |

**ဗဟိုကော်မတီဝင်အဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်**

နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါမည်။

အသေးစိတ်သိရှိလိုပါက MCEA အသင်းချုပ်ရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရုံးချုပ်ဖုန်း-၀၁-၅၇၉၅၄၇၊ ၀၁-၅၆၀၇၂၅၊

H.P ဦးတင်မောင်နိုင်-၀၉-၅၁၂၅၃၇၆

H.P ဦးအေးလင်း- ၀၉-၅၁၀၄၉၈၃

ဆီးချို သွေးချို ရောဂါဆိုင်ရာ
သိမှတ်စရာများ
ဆီးချို သွေးချို ရောဂါနှင့်
ပါမောက္ခဦးတင့်ဆွေလတ်
ရတနာသိုက်စာပေတိုက်
ထွက်ပြီ



Tr.Myo
IGCSE (ဘာသာစုံ)
IELTS, G rade
10,11,12
Ph:09-445483818

နန်းထိုက်အောင်
09 3128 2593
09 3128 2594
09 3128 2595

ဦးဇော်ဇော်မော် B.A (English),Dip; in E.L.T.M
ဆရာဇော် ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်ဘော်ဒါ
ဘော်ဒါ (၉တန်း၊၁၀တန်း) လစဉ် ၂သိန်း၅သောင်းကျပ်
မတ်လ ၁ ရက်နေ့ စတင်ဖွင့်လှစ်မည်။
အမှတ် (၅၃၈)၊ နိုင်သဇင်လမ်း၊ ပုလဲ(၃)၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။

ရန်ကုန်မှ မိဘများနှင့် HND, abe, NCC ကျောင်းသား/ သူများအား ဖိတ်ကြားအပ်ပါသည်။
"HND, ABE, NCC ဒီပလိုမာရရှိထားသူတွေ
ဩစတြေးလျ၊အင်္ဂလန်နဲ့ စင်္ကာပူမှာ
ဘယ်လို စီးပွားရေးဘွဲ့တွေလျှောက်ထားနိုင်မလဲ"
Organized by
KAPLAN HIGHER EDUCATION ACADEMY
&
CROWN EDUCATION
YOUR DOOR TO THE FUTURE

| YANGON | MANDALAY |
|---|---|
| Date : Feb 10 2018 | Date : Feb 11 2018 |
| Time : 10:00 am - 12:00 noon | Time : 10:00 am - 12:00 noon |
| Venue : NOVOTEL HOTEL (Eureka Room) | Venue : CROWN Education Mandalay Office |

FREE SEMINAR
Call us : 01 527 838, 09 44 55 66 701,09 44 55 66 702

**ကရုဏာစင်တာ (ပရဟိတ)** ပညာ၊ ကျန်းမာ၊ ထောက်ပံ့စောင့်ရှောက်မှု ပညာဒါန၊ ဇီဝိတဒါန အလှူငွေများ ပါဝင်လှူဒါန်းနိုင်

(၁)ဦးဆောင်ဆရာတော်၊ ဖုန်း-09777717824၊ 09428626998 (၂)စာစောင်း-ပုန်းမ်တိုက်၊ ဖုန်း-09448000520 (၃) ကမ္ဘောဇဘဏ် (တောင်ငူ) အမှတ် (Acc No. 1101210002565) (၄) ကမ္ဘောဇဘဏ် အမှတ် (Acc No. 00730100702498201) သို့ ပါဝင်လှူဒါန်းနိုင်ပါသည်။




**ဝိန်ငါးလုံး** လိမ်းဆေးရည်
ဝိန်ငါးလုံး လိမ်းဆေးရည်ကို လိမ်းပါ။

09 4200 35882
09 4200 35884

**ရှားမှုရှား**
ဂရန်အမည်ပေါက် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ဝေဇယန္တာလမ်းမပေါ် ၂ ထပ်တိုက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၄၀၃၁၄၈၀၃၀

ခြေတွတ်များဈေးကောင်းပေးဝယ်ယူသည်
ခဲပုပ်ခြေခံ၊ (အစွန်ဆိုင်၊ ခြောက်ဒိုင်၊ တောင်ဒိုင်၊ ဆီခံတင်၊) တို့တွင်
ခြေတွတ်များဝယ်ယူသည်။
အိမ်အရောက် ငွေချေပေး၊ ပွဲစပေးမည်
Ph: 01-2339310, 01-2339355, 01-578044, 01-570721



| | | | |
|---|---|---|---|
| | (40x70) | 2BN | 17000L |
| | (40x60) | | 5950L |
| VIP-II | (55x60) | 2BN | 3700L |
| | (60x60) | | 3700L |
| | (60x80) | | 3500L |
| | (40x60) | 2BN | 3300L |
| | (100x100) | | 2650L |
| | (20x94) | | 2100L |

01 510600, 095173690, 095185534, 095040160



# အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

မတ်လတွင် ကျန်ရှိသောခရီးစဉ်များအား စာရင်းပေးသွင်းနိုင်ပါပြီ။

(၁) ၁၄-၂-၂၀၁၈ (ပြည့်ပြီ) (၃) ၁၄-၃-၂၀၁၈ (၂၀)ဦးလို (၅) ၁၁-၄-၂၀၁၈ (ပြည့်ပြီ)

(၂) ၂၈-၂-၂၀၁၈ (ပြည့်ပြီ) (၄) ၂၈-၃-၂၀၁၈ (၂၅)ဦးလို (သင်္ကြန်ပိတ်ရက်)

Power Palace Hotel

သာဝီမြိုင်အောင်


## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

Datong Village Louta Town, Xiaoshan District, Hangzhou, Zhejiang Province, People's Republic of China တွင် နုံးနိုက်တည်ရှိသော ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ZHEJIANG HUAYI BIOLOGY SCIENCE AND TECHNOLOGY CORP., LTD. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။



天TIANSHI使

မှတ်ပုံတင်အမှတ်- ၄/၃၅၁/၂၀၁၀၊ ၄/၁၉၅၆/၂၀၁၆

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား မြန်မာနိုင်ငံ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တရားဝင် မှတ်ပုံတင်သွင်းထားပြီး ယင်းကုန်အမှတ်တံဆိပ်အား ZHEJIANG HUAYI BIOLOGY SCIENCE AND TECHNOLOGY CORP., LTD. မှ ထုတ်လုပ်သည့် ပိုးသတ်ဆေးများ၏ ကုန်အမှတ်တံဆိပ်အဖြစ် အသုံးပြုလျက်ရှိပါသည်။

ယခုအခါ မသမာသူအချို့က ကျွန်ုပ်မိတ်ဆွေပိုင် အထက်ပါ ကုန်အမှတ်တံဆိပ်၏ နာမည်ကောင်းသတင်းကိုအမှီပြုလျက် တုပ၍ ဆင်တူယိုးမှား ထင်ယောင်ထင်မှား ဖြစ်စေရန် ပြုလုပ်ကာ ကုန်အမှတ်တံဆိပ် အတုဖြင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေကြောင်း ကြားသိရပါသည်။

ကုန်ပစ္စည်းအစစ်အမှန် | ကုန်ပစ္စည်းအတု







ကျွန်ုပ်တို့မိတ်ဆွေ၏ ကုန်အမှတ်တံဆိပ်ကိုတုပအသုံးပြု၍ အမျိုးအစားတူ ကုန်ပစ္စည်းများကို ထုတ်လုပ်နေခြင်းမှာ မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေများကို အတိအလင်း ချိုးဖောက်ရာ ရောက်သကဲ့သို့ ကျွန်ုပ်မိတ်ဆွေ၏ စီးပွားရေး လုပ်ငန်းများနှင့် ကုန်ပစ္စည်း၏ဂုဏ်သတင်းအား များစွာ ထိခိုက်နစ်နာစေပါသည်။

ကျွန်ုပ်တို့မိတ်ဆွေမှလည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ တရားဝင်အရောင်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချခွင့် ပေးထားခြင်းမရှိပါ။

ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ထပ်တည်း(သို့မဟုတ်) ဆင်တူယိုးမှား ထင်ယောင်ထင်မှား သံတူကြောင်းကွဲဖြစ်စေ တုပထုတ်လုပ်ရောင်းချနေခြင်းအား ရပ်ဆိုင်းပေးပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ZHEJIANG HUAYI BIOLOGY SCIENCE AND TECHNOLOGY CORP., LTD. ၏
လွှဲအပ်ညွှန်ကြားချက် အရ-

ဒေါ်နှင်းရည်ဌေး (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၉၄)

ဦးကျော်မိုးထက် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၁၀၅၉)

Room No.411 4th Floor Building C, Namattaw Street, Yangon 11041, Myanmar.
Tel: (+959) 450059247


"ဓမ္မာစေတီ" ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

(24.Mar) (07.Apr)

(03.Mar) (13.Apr) (Hotel)

(11.Apr မှ 18.Apr)

DM TRAVELS

09-257103030, 09-257103050

Feb 9, 16, 23, 28
Mar 2, 16, 23, 30

09-420087371, 09-256302029

Ph: 09 795066657, 09 785066657, 09 765066657



ဘဝပင်လယ်စာပေ


## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၈၊ မြေကွက်အမှတ်-၈၃၃ ဖြစ်သည့် ဧရိယာ(၀. ၀၅၅)ဧကအကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်အား ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ဝါဝါလွင် [၅/စကန(နိုင်)၀၂၉၆၅၄]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ရာ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း ခိုင်လုံသော မူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ကြည်မွန်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)**

**ဖုန်း-၀၉-၄၃၁၁၄၁၄၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇ အေ၊ မြေကွက်အမှတ်-၁၄ G (မြေကွက်ကြီးအနက်မှ မြေကွက်အမှတ်-၁/၃၁၊ ဘလော့နံပါတ်-၂၇ အေ ၁/၃၁၊ ဘလော့နံပါတ်-၅) မြေကွက်တည်နေရာအမှတ်(၇)၊ ဦးကျော်ဒွန်းဖုံ(၂)လမ်း၊ (ယခင်အခေါ် ဒေါ်အေးသွယ်လမ်း)၊ ကြည့်မြင်တိုင်မြို့နယ်၊ (၁။ ဒေါ်အုံးခင်၊ ၂။ စောအလှဒင်၊ ၃။ နော်လှစိန်) အမည်ပေါက် ဂရန်ရှိ မြေပိုင်မြေအား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ တရားမမူလမှုအမှတ်(၂၂၁/၂၀၁၇) တရားမဇာရီမှုအမှတ် (၁၃၆/၂၀၁၇)အရ အမည်ပေါက် (တရားရုံး)ကိုယ်စား အနောက်ပိုင်းခရိုင်တရားရုံးမှ ဒုတိယဦးစီးအရာရှိ ဒေါ်ရတနာထွန်း [၁၂/မဂတ(နိုင်)၀၉၆၈၂၁]အား တရားရုံးအရာရှိအဖြစ် ခန့်အပ်ကြောင်း အကြောင်းကြားစာ၊ တရားရုံးစီရင်ချက်အမိန့်တို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


Topsyne® Herbal Cream

FDA - 1309 PC 0021




Apple Production Co., Ltd 09 428618081, 09 429316408

FORWARD 09259259180~1~2

စိုးမြင့်ကြယ်
မွန်တော် 45000
ကျိုက်ထီးရိုး 33000
ချောင်းသာ 33000
40000
ငွေဆောင် 50000
35000
09-5093704, 01-549380
09-450012971

သနီးဌေးနှင့်ရောင်းရင်းများ
Feb2
Feb 2,9,16,23,28
Mar 9,16,23,30
Ph: 01-380141, 01-241063, 09-43043108, 09-73251424

စည်းစိမ်မင်း 09-444450446, 09-444450558, 09-250144789
Feb 9,16,23,28
Mar 1,2,16,23,30

ကားစီးလုံးငှားသည်။
AC-Express(45,33,25), (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II
Ph: 09-252522200, 09-33345545, 09-5089800

01.2330054
095160048
09-782470755

GOLDEN LIGHT 0943197550,421099405,252225772

09 450066544, 09 777712808
09 450068123
Feb 9,16,23,28

ကိုကျော်နိုင်
CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803

လုံတောင်အညာသီဟတော
Ph:09 450024419
09 790629747

အောင်ပါဝေ ... Travels & Tours
ကျိုက်ထီးရိုး - ၁၂၀၀၀ ကျပ်
ချောင်းသာ - ၁၅၀၀၀ ကျပ်
ငွေဆောင် - ၁၈၀၀၀ ကျပ်
09-257103006, 09-257103007, 09-257103008

အင်္ဂလိပ်စာဘာသာရပ်မှာ ..... အမှတ်များလိုသူများ အတွက်
ဂုဏ်ထူးဦးအောင်ခိုင်
2018 English Question 5 Sets
၂၀၁၈ တက္ကသိုလ်ဝင် အင်္ဂလိပ်စာ မေးခွန်း ၅ စုံ
၂၂ ပန်းဆိုးတန်းလမ်း ရန်ကုန် 01 252 919, 09 964 252 919

Myanmar Culture Land Travels & Tours
Feb-9,28
Feb-28
Feb-28
Feb-9,28

သဲနှင့်လှ 09-4210 14940
09-4210 68050
ဂေါ်ရန်ကျိုက်ကျွန်း၊ သီးသန့် Feb 28, Mar 2 45000/-
မြဝတီ-မဲဆောက် - ဘားအံ Feb 28 110000/-
ထားဝယ်-ရှင်ကိုးရှင် - မြိတ်-ကျွန်းစု Feb 28 220000/-
CAR RENTAL

ဒေါက်တာဇော်ဦး
PhD (Chem) DFT (YU)
Ph: 09-252210320, 09-457535822

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် မြန်မာနိုင်ငံအတက်ရောဂါစီမံချက်အတွက် လိုအပ်သော (Carbamazepine 200mg Tablet နှင့် Sodium Valproate 200mg Tablets) ဆေးများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - ၁၃-၂-၂၀၁၈ရက် |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - ၁၉-၂-၂၀၁၈ရက်၊ မွန်းလွဲ ၂း၀၀နာရီ |
| ဆက်သွယ်ရန် ဖုန်းနံပါတ် | - ၀၆၇-၄၁၁၅၁၀၊ ၀၉- ၄၄၉၄၀၄၀၈၂ |

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

ပျိုမေတိုတစ်တွေ
1010YR001475

ဗမာဆေးသုတ်အဖွဲ့
Unitex - 150,200,250,300
Orient - 250,300,350,400
Premier - 300,350,400,450
ICI - 350,450,700
Nippon - 400,500,750
09-73174830, 09-5131799, 09-799901512

ရောင်းမည်
ဆေးရုံသုံးကုတင်
သတိုးအောင်ဇေယျမှ
ရောင်းပါမည်။
၀၉-၄၅၂၂၀၂၂၂၅
၀၉-၅၀၇၁၇၇၉
Facebook:hospitalbed-tazy






NEW MOTION TRAVELS & TOURS
WORLDWIDE TRAVEL PROVIDER

ရွှေမန္တလေးမြေမှ ထွက်မည့်ခရီးစဉ်များ

| | |
|---|---|
| ဂျပန် | April 12 |
| တရုတ်ပြည်မကြီး | April 12 |
| အန်ကောဝတ် | April 12 |
| စင်္ကာပူ | April 13 |
| ပေပါလီ | April 13 |
| အင်္ဂလန် | April 10 |
| အမေရိကား | April 07 |
| ဥရောပ | April 10 |
| စပိန်၊ပေါ်တူဂီ | April 11 |
| ဂရိ | April 13 |
| စကင်ဒီနေးဗီးယား | April 09 |
| ရုရှား | April 12 |
| ဩစတြေးလျ | April 10 |
| ဂျပန် | April 11,12 |
| ကိုရီးယား | April 11,12 |
| ဒူဘိုင်း | April 12 |
| တရုတ်ပြည်မကြီး | April 12 |

ရန်ကုန်မှ ထွက်မည့်ခရီးစဉ်များ

| | |
|---|---|
| ဟောင်ကောင် | April 11,13 |
| ထိုင်ဝမ်း | April 11 |
| ဘာလီ | April 12 |
| စင်္ကာပူ | April 12,13 |
| စင်း–မလေး | April 13 |
| ဗီယက်နမ် | April 12, 13, 14 |
| ဖူဂူဝဲ | April 12 |
| ထရွှာဗီးယား | April 13 |
| အန်ကောဝတ် | April 12 |
| ဖူးခက်+ အန်ကောဝတ် | April 13 |
| အန်ကောဝတ်+ ထရွှာဗီးယား | April 12 |

Mandalay Office
234, 33rd St., Bt 81st x 82nd St., Mandalay.
Tel: +95-9-91021122, 09-43147879, 09-5034185
ESCAPE FROM EVERYDAY LIFE
Yangon Office
20, Kyun Taw Rd., Sanchaung Tsp., Yangon
Tel: +95-9-260792885/6/7, 09-73148933/44/55/66




Super Cool
Air Con ရောင်းချခြင်း၊ တပ်ဆင်ခြင်း
ပြုပြင်ရောင်းဝယ်၊ ဝယ်ယူလိုသူများ (အနီးဆုံးဆိုင်ခွဲသို့)
(၁) မ/ဘုရင့်နောင်ရုံ -01-706356, 09-49594626
(၂) ရန်ကင်းရုံ -09-73187375, 09-400407575
(၃) သာကေတရုံ -09-420305462, 09-254179565
(၄) ကြည့်မြင်တိုင်ရုံ -09-256155553, 09-33338211
(၅) မ/ဥက္ကလာရုံ -09-450013581, 09-49316140
(၆) မှော်ဘီ -09-49252181, 09444042912
(၇) လှိုင်သာယာ -09-256223396, 09-47054581
Air-Con 1.0 HP 259000, 1.5 HP 319000
Air-Con 1.0Hp တပ်ဆင်ခအပါ 309000 ကျပ်
Air-Con 1.5Hp တပ်ဆင်ခအပါ 359000 ကျပ်






၅ လက်မ sAMOLED မျက်နှာပြင်
အရှေ့ဘက် Flash ကင်မရာ
အလန်းဆုံးဒီဇိုင်း၊ အတန်ဆုံးဈေးနှုန်း
telenor
samsung myanmar
samsungmyanmar
samsung.com/mm
samsungmembers
Call Center 01 2399 888 (Mon-Sun) 7AM to 11PM

ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက်ကားဈေးကြီးဖြစ်လာမည့်

GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း



- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ (Shopping Mall ,Hotel,Office Tower) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ (၉၀၀,၀၀၀) ကျော်ရှိသည့် (၇) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ (၂၀၀) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း (Corridor) များကို (၁၄) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ၄ နံ (၄) ရပ် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား (၂၀) စင်း ပါဝင်ပါသည်။ ၎င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ ၊ လျှပ်စစ်ပစ္စည်းများ ကိုလက်လီလက်ကားရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

**စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ**

DEVELOPER-
GA MONE PWINT CO.,LTD.
အမှတ်(၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

# မတူပီနှင့် မင်းတပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေး





**မင်းတပ်တက္ကသိုလ် တည်ဆောက်မည့် မြေနေရာအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။**

**ကန်ပက်လက် ဖေဖော်ဝါရီ ၇**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ချင်းပြည်နယ် မတူပီမြို့သို့ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယမန်နေ့ နံနက်ပိုင်းတွင် မတူပီပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး အလျားပေ ၁၅၀၊ အနံ ၅၆ ပေနှင့် အမြင့် ၂၈ ပေရှိ တိုးချဲ့လူနာဆောင် နှစ်ဆောင် တည်ဆောက်ပြီးစီးမှု၊ အလျား ၁၈၄ ပေ၊ အနံ ၄၃ ပေရှိ ရှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာနှင့် အလျား ၁၀၄ ပေ၊ အနံ ၅၃ ပေရှိ လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ ခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်စွာလွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



**ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအထက်တန်းကျောင်းများ၌ အတန်းတင်စာမေးပွဲ ဖြေဆိုနေကြသည့် ကျောင်းသားများကို တွေ့ရစဉ်။** ဓာတ်ပုံ-ဇော်မင်းလတ်

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာနှစ်ဆုံးစာမေးပွဲ နိုင်ငံတစ်ဝန်း၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် နှစ်ဆုံးစာမေးပွဲကို ဖေဖော်ဝါရီ ၇ ရက်တွင် စတင်ကျင်းပသည်။

ယခုနှစ်တွင် သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားသော ပထမတန်းကို စာသင်ခန်းအတွင်း ပုံမှန်စစ်ဆေးမှုပြုလုပ်၍ စစ်ဆေးအကဲဖြတ်ခြင်းပြုလုပ်ရန် သတ်မှတ်ထားကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဒုတိယတန်း၊ တတိယတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းနှင့် နဝမတန်းများ၏ ကျောင်းတွင်းနှစ်ဆုံးစာမေးပွဲများကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၆ ရက်အထိ တစ်ရက်လျှင် တစ်ဘာသာနှုန်းဖြင့် စာသင်ချိန် တစ်ချိန်စာသာ စစ်ဆေးမည်ဖြစ်သည်။

ယခုပညာသင်နှစ်၏ အခြေခံပညာအတန်းများဖြစ်သည့် စတုတ္ထတန်းနှင့် အဋ္ဌမတန်းများ၏

**စာမျက်နှာ ၉ ကော်လံ ၃ သို့**

## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

၂၀၁၈ ခုနှစ် မတ် ၇ ရက်မှ မတ် ၁၆ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်တောင်းထားကြသော ကျောင်းသား ကျောင်းသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာစစ်ဌာန အသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဖြေဆိုခွင့် ကတ်ပြား (Identity Card) များကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက် (တနင်္လာနေ့)မှစ၍ ထုတ်ယူကြရမည်။

အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ)နှင့် (တွဲဖက်) အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲ ဖြေဆိုခွင့် ကတ်ပြား (Identity Card) များကို မိမိတို့ ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရမည်။

ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ ထုတ်ယူကြရမည်ဖြစ်ကြောင်း ကြေညာထားသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့် ကတ်ပြား (Identity Card) များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ စာစစ်ဌာန ကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက် စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဖော်ပြပါရှိသည်။



# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာထွန်းကို၊ ပါမောက္ခ၊ ဌာနမှူး ၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

ဒီကနေ့ ပို့ချမှာကတော့ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုးနဲ့ပတ်သက်ပြီး အထူးဂရုပြုလေ့လာသင့်တဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးမှာ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများ ပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်ဆိုပြီး အပိုင်းကြီး (၅)ပိုင်း ပါဝင်ပါတယ်။

**အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ**

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာလှုပ်ရှားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်းပါဝင်တယ်။

**အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းမှာ**

သတ္တုတွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

**အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ**

မြန်မာနိုင်ငံရဲ့ စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

**အပိုင်း(ဃ) ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်အပိုင်းမှာ**

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားတယ်။

**အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းမှာ**

စကေးများ၊ ကွန်တိုနဲ့ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆိုတွက်ချက်ခြင်းများ ပါဝင်တယ်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံမှာ အပိုင်းခြောက်ပိုင်းပါဝင်ပြီး အပိုင်း(က) ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ) စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င)ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ)လက်တွေ့ပထဝီဝင်မေးခွန်းများဟူ၍ ဖြစ်တယ်။ အဲဒီအထဲမှာ အပိုင်း(က)နှင့်(စ)မှမေးခွန်းအားလုံးကိုဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း (၆)ပုဒ် ဖြေဆိုရမှာဖြစ်တယ်။ လိုအပ်တဲ့နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ ဖြေဆိုချိန် (၃) နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ (၁၀၀) ဖြစ်တယ်။

ဓမ္မဓိဋ္ဌာန်မှာ သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ ဖြစ်တယ်။

အပိုင်း(ခ)မှာ မေးခွန်းရှည် နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်း စုစုပေါင်းသုံးပုဒ်မေးထားပြီး နှစ်သက်ရာ တစ်ပုဒ်ကိုရွေးပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ထို့နည်းတူ အပိုင်း(ဂ)၊ (ဃ)၊ (င)တို့မှာလည်း (၁၅)မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၄)ပိုင်းအတွက် စုစုပေါင်းအမှတ် (၆၀) ရမယ်။

လက်တွေ့ပထဝီဝင်အပိုင်း(စ)မေးခွန်း၁၄(က)မှာ စကေးနှင့်ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုဖြစ်ပြီး (၁၀)မှတ်ဖိုးဖြေရမယ်။ မေးခွန်း၁၄(ခ)မှာ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်ပြီး (၁၅)မှတ်ပေးထားတယ်။ ဓမ္မဓိဋ္ဌာန်လိုပဲ မဖြေမနေရဖြစ်တယ်။ ဒါကြောင့် အပိုင်း(စ)မှာ စုစုပေါင်းပေးမှတ် (၂၅)မှတ်ဖြစ်တယ်။

မေးခွန်းမှာ သင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါ သင်ရိုးအားလုံးကို ကျေကျေညက်ညက် ဖတ်၊ မှတ်ဖို့ လိုပါတယ်။ သင်ခန်းစာအားလုံးကို မှန်မှန်လေ့ကျင့်ထားရပါမယ်။

သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက်ပိုပြီး ဖြေဆိုနိုင်တယ်။ မေးခွန်းမှာမေးထားတဲ့ လိုရင်းကိုသာဖြေရမှာဖြစ်ပြီး သိတာတွေအားလုံး ဖြေရမှာမဟုတ်ကြောင်း သတိပြုရပါမယ်။ ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများ ပါဝင်တယ်။ နိုင်ငံတိုင်းရဲ့ တည်နေရာ၊ အကျယ်အဝန်းနဲ့ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများကို သိရမယ်။ ဒါ့အပြင် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုစီးပွားရေးပထဝီဝင်ဆိုပြီး ခွဲခြားလေ့လာမှတ်သားသင့်တယ်။ ရူပပထဝီဝင်အပိုင်းမှာ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နဲ့ ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာများ ပါဝင်တယ်။ သဘာဝပထဝီဝင်မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာ ပါဝင်တယ်။ လူမှုရေးပထဝီဝင်မှာ လူဦးရေ၊ လူမျိုးနှင့် မြို့ကြီးများ ပါဝင်တယ်။

စီးပွားရေးပထဝီဝင်မှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။ စီးပွားကုန်ထုတ်လုပ်ငန်းမှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်တယ်။

ဓမ္မဓိဋ္ဌာန်များကိုလည်း ဒီအပိုင်းများမှ သိသင့်တဲ့အချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေးစသည်ဖြင့် မေးနိုင်တာကို သတိပြုပါ။ ဆက်လက်ပြီး လက်တွေ့ပထဝီဝင်အပိုင်းမှာ စကေးများ၊ ကောင်းကင်ဓာတ်ပုံများရဲ့ စကေးကို တွက်ချက်ခြင်း၊ ကွန်တိုနှင့်ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြ မြေပုံများကို လေ့လာပြန်ဆိုခြင်းများ ပါဝင်ပါတယ်။

ဆက်လက်ပြီးပို့ချမှာကတော့ လက်တွေ့ပထဝီဝင်အပိုင်းဖြစ်တဲ့ မေးခွန်း၁၄(က)မှာ စကေးနဲ့ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုကိုဖြေရမယ်။ ၁၄(ခ)မှာတော့ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်တယ်။ ဒီအပိုင်းမှာလေ့ကျင့်ဖို့ အများကြီးလိုအပ်တယ်။ ပို့ချချက်ပါညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှ လေ့ကျင့်တာမျိုးမဖြစ်သင့်ပါ။ ဥပမာ - ပုံပြစကေးဖြစ်တဲ့ စကေးကျဲ၊ စကေးစိပ်များ တွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကိုဖတ်ရှုရုံနဲ့ မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ် လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူ ဆွဲလို့ရမှာဖြစ်တယ်။ အလားတူ ကွန်တိုမြေပုံလေ့လာပြန်ဆိုရာမှာလည်း နှစ်စကတည်းက ကွန်တိုပုံများကို မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကို အလွတ်ကျက်တာထက် သင်္ကေတရှင်းလင်းချက်များကို နားလည်အောင်မှတ်ဖို့လိုတယ်။

လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကိုဖော်ပြခြင်း၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများပါဝင်တယ်။

စကေးဆိုသည်မှာ မြေပုံပေါ်မှအကွာအဝေးနှင့် မြေပြင်ပေါ်မှ အကွာအဝေးတို့၏ အချိုးဖော်ပြချက်ဖြစ်တယ်။ စကေးအမျိုးအစား (၃)မျိုးရှိတယ်။ ယင်းတို့မှာ-

(၁) စာစကေး (ဝါ) စာတန်းစကေး၊ (ဥပမာ- တစ်လက်မလျှင်တစ်မိုင်)

(၂) အချိုးစကေး (ဝါ) အပိုင်းစကေး (ဥပမာ- ၁း၆၃၃၆၀ (ဝါ) ၆၃၃၆၀ ပိုင်း တစ်ပိုင်း)နှင့်

(၃) ပုံပြစကေး(ဥပမာ- အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကို စိတ်ပိုင်းကာအချိုးကျ မြေပြင်အကွာအဝေးများကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစားဖြစ်တယ်)။

ပုံပြစကေးအမျိုးအစားကို အဓိကအားဖြင့် (၂)မျိုးခွဲခြားထားတယ်။ ၎င်းတို့မှာ စကေးစိပ်/အပြည့်စကေးနှင့် စကေးကျဲ/အဖွင့်စကေးတို့ဖြစ်တယ်။ ပုံပြစကေးရေးဆွဲရာမှာ တွက်ချက်ရန်နဲ့ ဆွဲသားရန်ဟူ၍ နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရမယ့်ကိန်းရဲ့ "ယူနစ်" ကို သတိပြုရန် လိုအပ်တယ်။ တွက်ချက်တဲ့အခါ ရေးဆွဲရမယ့်မျဉ်းရဲ့ အလျားဟာ လေးလက်မနှင့် ခြောက်လက်မကြားရှိရင် အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ရတဲ့ အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန်အောင် ဆွဲရန်လိုတယ်။ အပိုင်းများကို စိတ်ပိုင်းတဲ့အခါမှာလည်း အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်တယ်။

ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆိုတွက်ချက်ခြင်းအကြောင်းကို လေ့လာမယ်ဆိုရင် ကောင်းကင်ဓာတ်ပုံဆိုတာကတော့ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံစသည်တို့မှ ရိုက်ကူးထားတဲ့ ဓာတ်ပုံများဖြစ်တယ်။ ကောင်းကင်ဓာတ်ပုံများကို (၁)တစောင်းရိုက်ကောင်းကင်ဓာတ်ပုံ၊ (၂)အောက်တည့်ရိုက် ကောင်းကင်ဓာတ်ပုံဆိုပြီး အဓိက နှစ်မျိုးခွဲခြားနိုင်တယ်။ တစောင်းရိုက်ကောင်းကင်ဓာတ်ပုံမှာ မိုးကုပ်စက်ဝိုင်းကိုမြင်နိုင်တဲ့ တစောင်းမြင့်ကောင်းကင်ဓာတ်ပုံနဲ့ မိုးကုပ်စက်ဝိုင်းကို မမြင်နိုင်တဲ့ တစောင်းနိမ့်ကောင်းကင်ဓာတ်ပုံဆိုပြီး (၂)မျိုး ထပ်မံခွဲခြားနိုင်တယ်။

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင်လေ့လာထားရမယ်။ ကောင်းကင်ဓာတ်ပုံစကေးများနဲ့ပတ်သက်ပြီး သင်္ကေတများကိုသိထားရင် မေးခွန်းပုစ္ဆာမှာပါတဲ့ အကြောင်းအရာတွေကို လိုအပ်တဲ့နေရာတွေမှာ အစားထိုးထည့်သွင်းပြီး ဖြေဆိုရမယ်။ ပုစ္ဆာများတွက်တဲ့အခါ သတိပြုရမယ့်အချက်များကတော့ အချိုးစကေးမှာ ပိုင်းဝေဟာ အစဉ်အမြဲ "၁" ဖြစ်ရမယ်။ ပိုင်းဝေနဲ့ပိုင်း ခြေယူနစ်တူအောင်ညှိပေးရမယ်။ ကိုက်ညီတဲ့ပုံသေနည်းများကို သုံးရမယ်။ ပုံကြမ်းရေးဆွဲပေးသင့်တယ်။ ပိုင်းဝေဟာမြေပုံပေါ်(သို့မဟုတ်)ဓာတ်ပုံပေါ် အကွာအဝေးဖြစ်ပြီး ပိုင်းခြေမှာ မြေပြင်အကွာအဝေးဖြစ်တယ်။

ဒီအခါမှာ မြေပုံအကွာအဝေးပေးထားပြီး မြေပြင်အကွာအဝေးကို ပေ၊ ကိုက်၊ မိုင် စသဖြင့် ရှာခိုင်းရင် လိုအပ်တဲ့ယူနစ်ကို ပြောင်းပေးရမယ်။

**ကောင်းကင်ဓာတ်ပုံစကေးရှာရာမှာ**

(၁) ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသောအမြင့်တို့ကို အချိုးဖြင့် စကေးရှာနည်း

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း

(၃) စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းဆိုပြီးနည်း (၃)နည်းရှိတယ်။

**(၁) ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသော အမြင့်အချိုးဖြင့် စကေးရှာနည်းမှာ** အသုံးပြုရမယ့် ပုံသေနည်း(က) ကတော့

$$\text{Scale or RF} = \frac{f}{H}$$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး(Representative Fraction)

f ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

H ဆိုတာကတော့ ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့် (Flying Height above the ground) ဖြစ်တယ်။


ဥပမာ ။ ကင်မရာဆုံတာ ၆လက်မဖြင့်ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံတစ်ပုံ၏ စကေးမှာ ၁း၆၀၀၀ ဖြစ်လျှင် ရိုက်ကူးသောအချိန်၌ ပျံသန်းသည့်လေယာဉ်၏ မြေပြင်အထက်အမြင့်ပေကိုရှာပါ။

**တွက်နည်း**

ကင်မရာဆုံတာ (f) = ၆လက်မ

ဓာတ်ပုံ၏စကေး (RF) = ၁း၆၀၀၀

ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့်(H) = ?



အသုံးပြုရသောပုံသေနည်း $RF = \frac{f}{H}$

$$H = ၆ \times ၆၀၀၀$$

$$= \frac{၃၆၀၀၀ \text{ လက်မ}}{၁၂ \text{ လက်မ}}$$

$$H = ၃၀၀၀ \text{ ပေ}$$

အဖြေ = လေယာဉ်၏မြေပြင်အထက်ပျံသန်းသော အမြင့်ပေ ၃၀၀၀

ပုံသေနည်း(ခ)ကတော့

$$\text{Scale or RF} = \frac{f}{(A-h)}$$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RF ဆိုတာကတော့စကေး/အချိုးစကေး (Representative Fraction)

f ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

A ဆိုတာကတော့ ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(Altitude)နဲ့

h ဆိုတာကတော့ ကုန်းမြေအမြင့် (Height of the terrain) ဖြစ်တယ်။

ပုံသေနည်း(၂)မှာ လေယာဉ်ပျံသန်းသောအမြင့် (H)ကို တိုက်ရိုက်မပေးထားတဲ့အတွက် ပင်လယ်ပြင်အထက် လေယာဉ်ပျံသန်းတဲ့အမြင့်(A) မှ ကုန်းမြေအမြင့် (h)ကို နုတ်ပေးခြင်းအားဖြင့် (H)ကို ရနိုင်ပါတယ်။

ဥပမာ။ လေယာဉ်တစ်စင်းသည် ပင်လယ်ရေပြင်အထက် အမြင့်ပေ ၁၂၀၀၀ မှပျံသန်းပြီး ကင်မရာဆုံတာ ၆လက်မဖြင့် ဓာတ်ပုံရိုက်ကူးရာ ဓာတ်ပုံတွင် အမြင့်ပေ ၁၅၀၀ ရှိသည့် တောင်ကုန်းတစ်ခုပါဝင်သည်။ ထိုကောင်းကင်ဓာတ်ပုံ၏ စကေးကိုရှာပါ။


**တွက်နည်း**

ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့် (A) = ၁၂၀၀၀ ပေ

ကင်မရာဆုံတာ (f) = ၆ လက်မ


တောင်ကုန်း၏အမြင့် (h) = ၁၅၀၀ ပေ

ကောင်းကင်ဓာတ်ပုံ၏စကေး (RF) = ?




»»» ကျောင်းသင်ခန်းစာ [ ခ ] သို့

»»» ကျောင်းသင်ခန်းစာ [ ခ ] မှ



- မှတ်ထားတဲ့ အစက်များကို ပြေပြစ်တဲ့မျဉ်းကြောင်းများ လိုက်ဆက်ရင် လိုအပ်တဲ့မြေပြင်ပုံ ပေါ်ထွက်လာမယ်။



- ဒီလိုဆွဲတဲ့အခါ သတိပြုရမယ့်အချက်မှာ 'က'နှင့် 'ခ' ကို ဘောင်မှာရှိတဲ့ နေရာအမြင့်များမှာ မှန်အောင်ရေးရန်လိုတယ်။ မြစ်ဝှမ်းကျယ်ဖြစ်ရင် ဇလားပုံ၊ ချောင်းငယ်များရဲ့ နေရာမှာ Vပုံသဏ္ဍာန် အနည်းငယ်ချိုင့်ပေးရမယ်။ ပုံမှာထင်ရှားတဲ့ မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်း စတဲ့နေရာတွေကို မြားများပြပြီး ဖော်ပြရမယ်။ ကုန်းမြေကိုလည်း အနက်(သို့မဟုတ်) အညိုရောင်ချယ်ပေးသင့်တယ်။ ပုံရဲ့အပေါ်မှာ ခေါင်းစဉ်တပ်ပြီးပုံရဲ့အောက်မှာ အလျားလိုက်နှင့် ဒေါင်လိုက်စကေး နှစ်မျိုးစလုံးဖော်ပြရမယ်။

မြေပုံပါဒေသရဲ့တည်နေရာကိုဖော်ပြတဲ့အခါ နည်း(၂)နည်းဖြင့် ဖော်ပြနိုင်တယ်။ ပထမနည်းက သင်္ချာနည်းဖြစ်ပြီး မြေပုံရဲ့ဘောင်မှာ လတ္တီကျူနဲ့ လောင်ဂျီကျူများကို မှတ်သားဖော်ပြထားလေ့ရှိတယ်။ မေးခွန်းပါကွန်တိုမြေပုံဟာ မြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ ကိန်းဂဏန်းအနက် (၉၂)ကျော်တဲ့ ကိန်း(၂)ခုဟာ အရှေ့လောင်ဂျီကျူမျဉ်းများဖြစ်ပြီး ကျန် (၂၈)အောက်(၂)ခုဟာ မြောက်လတ္တီကျူ ဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။

ဥပမာ။ မြေပုံပါဒေသဟာ မြောက်လတ္တီကျူ ၂၁° ၄၅' နဲ့ ၂၁° ၄၉' အတွင်း၊ အရှေ့လောင်ဂျီကျူ ၉၆° ၉' နဲ့ ၉၆° ၁၃' အတွင်းတွင်ရှိတယ်။

နောက်တစ်နည်းကတော့ မြေပုံပေါ်မှာပါရှိတဲ့ ထင်ရှားတဲ့မြစ်ချောင်းစတဲ့ မြေပြင်လက္ခဏာများနဲ့ မြို့ပြကျေးရွာများကို မှီငြမ်းပြီးဖော်ပြခြင်းဖြစ်တယ်။ ဥပမာ-ပေးထားတဲ့မြေပုံမှာထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်အလယ်ဗဟိုမှ ဖြတ်စီးနေပါက "မြေပုံမှာထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်ဝှမ်း၏တစ်စိတ်တစ်ဒေသနှင့် ပတ်ဝန်းကျင်ဒေသဖြစ်သည်"ဟု အကြမ်းအားဖြင့် ရေးနိုင်တယ်။ အကယ်၍ ထင်ရှားတဲ့မြို့တစ်မြို့ (ဥပမာ-ရေနံချောင်းမြို့)ပါရှိပါက "မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသကို ဖော်ပြထားသည်" ဟု ရေးနိုင်တယ်။

မြေပုံပါဒေသရဲ့ ဧရိယာကို မြေပုံစကေးနဲ့အညီတွက်ချက်ပြီး စတုရန်းမိုင်နဲ့ ဖော်ပြရမယ်။ ဥပမာ မြေပုံ၏စကေးဟာ (၂)လက်မလျှင်(၁)မိုင်ဖြစ်ပြီး အဲဒီမြေပုံရဲ့ အလျားနဲ့အနံဟာ (၈)လက်မနဲ့ (၄)လက်မ ရှိပါက စကေးအရ မြေပြင်မှာ အလျား(၄)မိုင်နဲ့ အနံ(၂)မိုင် အသီးသီးရှိမယ်။ ဒါ့ကြောင့်ပေးထားတဲ့ မြေပုံပါဒေသရဲ့အကျယ်အဝန်း ဧရိယာဟာ(အလျား၄မိုင်×အနံ၂မိုင်) (၈)စတုရန်းမိုင်ရှိတယ်။ တကယ်လို့ တွက်ချက်ရရှိတဲ့အဖြေဟာ ကိန်းပြည့်မဟုတ်ပါက အနီးစပ်ဆုံးဖော်ပြနိုင်တယ်။

မြေပုံပါဒေသဟာ မည်သည့်ပြည်နယ်နဲ့တိုင်းဒေသကြီးအတွင်း ပါဝင်တာကိုဖော်ပြရာမှာ မြေပုံမှာ ပါဝင်တဲ့ မြို့ရွာ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ ကားလမ်း၊ ရထားလမ်းဆက်သွယ်မှုစတဲ့ အခြေအနေတွေကို စေ့စပ်သေချာစွာလေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။


ဥပမာ။ မြေပုံတွင်ဂွမြို့နယ်လို့တွေ့ရရင် ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ်လို့ တွေ့ရရင် မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတယ်လို့ရေးသားဖော်ပြရမယ်။

ဆက်လက်ပြီး ပေးထားတဲ့ကွန်တိုမြေပုံ ဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။



အထက်ဖော်ပြပါမြေပုံဒေသသည် မင်းဘူးမြို့၏ ပတ်ဝန်းကျင်ဒေသပုံ ဖြစ်သည်။ 'က' အမှတ်အသားသည် ဒေသ၏ အနောက်တောင်ခန့်၌ရှိပြီး 'ခ' အမှတ်အသားသည် ဒေသ၏အရှေ့တောင်ခန့်တွင် ရှိသည်။

ထို့ကြောင့် 'က' မှ'ခ' ဖြတ်ပိုင်းပုံကို ဆွဲကြည့်လျှင် အောက်ပါအတိုင်းတွေ့ရမည်။



'က'နေရာသည် အမြင့်ပေ ၃၀၀အောက်၌ရှိပြီး အရှေ့ဘက်ရှိ'ခ'သို့ဆက်ရာ ဆားပွတ်ချောင်းနှင့် ချောင်းငယ်များ၊ ပေ ၂၀၀ကွန်တိုမျဉ်း၊ ပေ ၃၀၀နှင့် ပေ ၄၀၀ကွန်တိုမျဉ်းများကိုဖြတ်သန်းပြီး ဧရာဝတီမြစ်အတွင်းရှိ 'ခ' အမှတ်နှင့် ဆက်သွယ်ထားသည်။ 'ခ' အမှတ်သည် အမြင့်ပေ ၂၀၀ အောက်တွင်တည်ရှိသည်။

ကွန်တိုမြေပုံကို ကြည့်ပြီး ဒေသန္တရပထဝီဝင် အကြောင်းကို ဆွေးနွေးရအောင်

**မြေပုံပါဒေသ၏ ရူပ ပထဝီဝင်**

**တည်နေရာနှင့်အကျယ်အဝန်း**

ပေးထားသော ကွန်တိုမြေပုံပါဒေသတွင် မင်းဘူးမြို့ကိုတွေ့ရသဖြင့် မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိပြီး မြောက်လတ္တီကျူ ၂၀° ၈' မှ ၂၀° ၁၃'အတွင်းနှင့်အရှေ့လောင်ဂျီကျူ ၉၄° ၄၉' မှ ၉၄° ၅၅' အတွင်း တည်ရှိသည်။ ဧရိယာ(၂၁. ၆၂)စတုရန်းမိုင်ခန့်ကျယ်ဝန်းသည်။

**မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း**

ပုံတွင် တောင်ကုန်းတောင်တန်းရှိရာအပိုင်းနှင့် မြေပြန့်လွင်ပြင်အပိုင်းဟူ၍ (၂)ပိုင်းတွေ့ရသည်။ တောင်ကုန်းတောင်တန်းများကို ပုံ၏တောင်ဘက်ပိုင်းတွင် တွေ့ရသည်။ အမြင့်ဆုံးအပိုင်းမှာ (၄၃၈)ပေမြင့်သော တောင်ကုန်းမြင့်ကို ပုံ၏တောင်ဘက်တွင်တွေ့ရှိရသည်။

မြောက်ဘက်သို့ တောင်ကုန်းမှာနိမ့်ဆင်းသွားရာ ပေ(၂၀၀)ကွန်တိုမျဉ်းကို ပုံ၏မြောက်ဘက်တွင် တွေ့ရသည်။ မြေပြန့်လွင်ပြင်ပိုင်းကို ပုံ၏မြောက်ဘက်တွင်တွေ့ရပြီး ပေ (၂၀၀) အောက်နိမ့်သော အပိုင်းဖြစ်သည်။ ဒေသတစ်ခုလုံးမှာ မြေမျက်နှာပြင်ညီညာမှုမရှိပေ။ ပုံ၏အရှေ့ဘက် ဧရာဝတီမြစ်ကမ်းအနီးတွင် ကမ်းပါးများကိုတွေ့ရသည်။ ပုံတွင်ဧရာဝတီမြစ်သည် အဓိကရေဆင်းဖြစ်ပြီး မြောက်မှတောင်သို့ စီးဆင်းနေသည်။ မြေပုံပါဧရိယာ၏ လေးပုံတစ်ပုံမှာ ဧရာဝတီမြစ်၏အစိတ်အပိုင်းဖြစ်ပြီး မြစ်အတွင်း သဲသောင်များ၊ ကျွန်းများကိုတွေ့ရှိရသည်။ မြစ်အတွင်း ရေနံချောင်းမှ မကွေးသို့သွားသော သင်္ဘောလမ်းကိုတွေ့ရသည်။ ဧရာဝတီမြစ်အတွင်းသို့ အနောက်ဘက်မှ ဆားပွတ်ချောင်းစီးဆင်းပြီး ချောင်းအတွင်း သဲများတွေ့ရှိရသည်။

**အောက်ခံကျောက်**

မြေပုံပါဒေသတွင် ရေနံတွင်းများတွေ့ရှိရ၍ အောက်ခံကျောက်မှာ အနည်ကျကျောက်များဖြစ်နိုင်သည်။

**ရာသီဥတု**

မြေပုံပါဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးအတွင်းတည်ရှိပြီး ပေ(၃၀၀)အောက်နိမ့်သော အပိုင်းဖြစ်ခြင်း၊ ပုံတွင် သဲပိတ်ချောင်းများတွေ့ရခြင်းတို့ကြောင့် အပူချိန်များသော ဒေသဖြစ်သည်။ ပင်လယ်နှင့်ဝေး၍ အပူချိန်ကွာခြားချက်များသော ဒေသလည်းဖြစ်သည်။

ပုံတွင် သဲပိတ်ချောင်းများတွေ့ရခြင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိခြင်း၊ မြစ်ချောင်းနည်းပါးခြင်းတို့ကြောင့် မိုးနည်းသည်။ အပူချိန်များပြီး မိုးနည်းခြင်းကြောင့် အပူပိုင်းခြောက်သွေ့ရာသီဥတုကိုရရှိမည်။

**သဘာဝပေါက်ပင်**

အပူပိုင်းခြောက်သွေ့ရာသီဥတုရှိခြင်းကြောင့် ဆူးချုံတော၊ ထနောင်းစသော ခြောက်သွေ့တောများ ပေါက်နိုင်သည်။

**မြေဆီလွှာ**

အလယ်ပိုင်းမိုးနည်းရပ်ဝန်းတွင်တည်ရှိသော်လည်း တူးမြောင်းများဖြင့် ရေသွင်းစိုက်ပျိုးနိုင်သော ဒေသဖြစ်၍ လယ်မြေများရှိနိုင်သည်။

မြေပုံပါဒေသ၏ လူမှု-စီးပွားရေး ပထဝီဝင်ကိုလေ့လာကြည့်လျှင်

**လူဦးရေ**

မင်းဘူးမြို့နှင့်ကျေးရွာအများအပြား တွေ့ရသဖြင့်ဒေသတစ်ခုလုံးအနေဖြင့် လူဦးရေများမည်။ မင်းဘူးမြို့တွင် လူနေသိပ်သည်းမှု အများဆုံးဖြစ်ပြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းဘေးတစ်လျှောက်ရှိ ရွာများတွင် လူနေသင့်တင့်၍ ဆားပွတ်ချောင်းအရှေ့ဘက်ရှိ တောင်ကုန်းပိုင်းတွင် လူနေကျဲပါးမည်။

**လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ပတ်ဝန်းကျင်ဒေသဖြစ်၍ ဗမာလူမျိုးအများဆုံးနေထိုင်မည်။ စေတီများတွေ့ရ၍ဗုဒ္ဓဘာသာအဓိကကိုးကွယ်ကြသည်။

**မြို့ရွာပုံ့နှံ့တည်ရှိမှု**

အဓိကမြို့မှာ မင်းဘူးမြို့ဖြစ်ပြီး ဧရာဝတီမြစ်၏အနောက်ဘက်ကမ်း၌ တည်ရှိသည်။ ရေနံများရှိခြင်း၊ စစ္စလီ ရွှံ့မီးတောင်ရှိခြင်းတို့ကြောင့် ထင်ရှားသည်။ ရွာအများစုကို ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက်တွင် တွေ့ရပြီး ရွာတန်းရှည်များ(ဥပမာ-ရွာသာ၊ ရှားတောကျွန်းရွာ၊ ထောက်ရှာပင်၊ ကျွဲသိုးမြောင်)ဖြစ်ကြသည်။အချို့ရွာများကို အနောက်ဘက်ခြမ်းရှိတောင်ကုန်း၏ တောင်ခြေပိုင်းတွင်တွေ့ရပြီး ရွာစုရွာဝိုင်းများ(ဥပမာ-ကံရေရွာ၊ ရွာမကံ၊ ရက်သမရွာ)ဖြစ်ကြသည်။

**စီးပွားရေးပထဝီဝင်**

အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်တွင်းထွက်တူးဖော်ရေးဖြစ်သည်။

**စိုက်ပျိုးရေး** မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုးတို့ကိုစိုက်ပျိုးမည်။ ကျွန်းများတွင် ကိုင်းကျွန်းသီးနှံများလည်း စိုက်ပျိုးနိုင်သည်။

**ငါးဖမ်းလုပ်ငန်း** ဧရာဝတီမြစ်နှင့်ချောင်းလက်တက်များအတွင်း ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်နိုင်သည်။

**တွင်းထွက်တူးဖော်ရေး** ရေနံတွင်းများ၊ ရေနံပြွန်လမ်းများတွေ့ရသဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မည်။

**စက်မှုလုပ်ငန်း** မင်းဘူးမြို့တွင် ဆီစက်၊ ပဲခွဲစက်နှင့် ရေနံထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများရှိမည်။

**လမ်းပန်းဆက်သွယ်ရေး**

ကားလမ်းနှင့် ရေကြောင်းလမ်းကို အဓိကအသုံးပြု ဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက်စကုသို့လည်းကောင်း၊ တောင်ဘက်-ကျွဲသိုးမြောင်သို့လည်းကောင်း ကားလမ်းဖြင့် ဆက်သွယ်နိုင်သည်။ ထို့အပြင် ကံရေရွာ၊ ရေမျက်ရွာသို့လည်း နွေရာသီလမ်းဖြင့် ဆက်သွယ်နိုင်သည်။ တစ်ရွာမှ တစ်ရွာသို့ လှည်းလမ်းဖြင့်လည်း ဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက်-ရေနံချောင်းသို့၊တောင်ဘက်-မကွေးသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘောဖြင့်သွားလာနိုင်သည်။ ထို့ကြောင့်ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။ ရေနံပြွန်လမ်းများတွေ့ရ၍ ပိုက်လမ်းစနစ်ဖြင့် ပို့ဆောင်နိုင်သည်။

**ကုန်သွယ်ရေး**

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ဒေသထွက်ကုန်ပေါများခြင်းတို့ကြောင့် ကုန်ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးနိုင်သည်။ ဆီထွက်သီးနှံနှင့် ရေနံထွက်ပစ္စည်းများ အဓိကထုတ်လုပ်နိုင်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိသည်။

မြေပုံပါဒေသရဲ့ ပထဝီဝင်ကိုဖတ်ရှုရေးသားရာမှာ အတွေ့အကြုံလည်း များစွာလိုအပ်တယ်။ ဒါ့ကြောင့် ကွန်တိုမြေပုံအများအပြားကို ကြည့်ရှုလေ့လာထားရမယ်။ ရေးသားဖြေဆိုရာမှာ ကြောင်းကျိုးဆက်နွှယ်ဖြေဆိုရန် လိုအပ်တယ်။ မြေပုံပါ အချက်အလက်တွေကိုပဲ ဖြေရမှာဖြစ်လို့ သေချာစွာလေ့လာဖြေဆိုကြဖို့ မှာကြားရင်း ဒီမှာပဲ ရပ်နားလိုက်ပါတယ်။ ။

# စာကျက်နည်း(စာကျက်ချိန်တိုလေ၊ စာရလေ)

မိမိကြီး(IR)

ကျွန်မတို့သည် အကြောင်းအရာတစ်ခုကို လေ့လာကျက်မှတ်ရာတွင် ယင်းအကြောင်းအရာကို ဘယ်လောက်အချိန်ကြာကြာ ကျက်မှတ်ဖို့လိုသလဲဟူသည့် အချက်ကိုသာ အဓိကစဉ်းစားမိတတ်ကြသည်။ ၂၀၁၅ ခုနှစ်မတ်လတွင် အမေရိကန်နိုင်ငံ ပီးယားစ်ကောလိပ်မှ စိတ်ပညာပါမောက္ခ ဒေါက်တာ မာတီလော့ဘ်ဒဲလ်က "စာကျက်ချိန်တိုလေ၊ စာရလေ" (Study Less, Study Smart) ဟူသည့် စာအုပ်ကို ထုတ်ဝေခဲ့ပြီး စာကို အချိန်အကြာကြီး နှုတ်တိုက်ကျက်နေစရာမလိုဘဲ လွယ်လွယ်ကူကူ စာရနိုင်မည့် စာကျက်နည်းကို ဖော်ထုတ်ခဲ့သည်။ ထိုအချိန်မှစ၍ ကမ္ဘာတစ်ဝန်းတွင် သူ၏နည်းစနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာခဲ့ကြသည်။ ပရော်ဖက်ဆာလော့ဘ်ဒဲလ်သည် ဝါရှင်တန်ပြည်နယ် ပီးယားစ်ကောလိပ်၌ အနှစ် ၄၀ ကျော် စိတ်ပညာဘာသာရပ်ကို သင်ကြားခဲ့သော စိတ်ပညာပါမောက္ခတစ်ဦးဖြစ်သည်။ သူ၏ ကျောင်းသားများသည် စာမေးပွဲအတွက် တစ်နေ့ရှစ်နာရီ ၁၀ နာရီခန့် ဆက်တိုက်စာကျက်မှတ်နေခဲ့သော်လည်း စာမရ၊ စာမေးပွဲမဖြေနိုင်ဖြစ်နေကြောင်းကို သိရပြီးနောက် လော့ဘ်ဒဲလ်သည် ကျောင်းသားတို့၏ဦးနှောက်မှ သင်ခန်းစာများကို မမေ့ရန်နှင့် လွယ်လွယ်မှတ်မိနိုင်ရန် အထောက်အကူပြုမည့် နည်းစနစ်ကို လေ့လာဖော်ထုတ်ခဲ့သည်။ အချက်ခြောက်ချက်ပါ ယင်းနည်းစနစ်သည် ကျောင်းသားတို့အား စာကျက်ရာတွင် အချိန်တိုလေးများခွဲ၍ ကျက်ခြင်းအားဖြင့် အာရုံစူးစိုက်မှုပိုရပြီး စာကိုပို၍ မှတ်မိစေမည့်နည်းစနစ်ဖြစ်သည်။

**၁။ မိနစ်နှစ်ဆယ်၊ နာရီဝက်ခန့် စာကျက်ချိန်ကလေးများအဖြစ် အလီလီခွဲ၍ စာကျက်ပါ။**

ပုံမှန်အားဖြင့် ကျောင်းသားတို့သည် အကြောင်းအရာ တစ်ခုကို ၂၅ မိနစ်၊ နာရီဝက်ထက်ပို၍ အာရုံမစူးစိုက်နိုင်ကြပါ။ ထို့ကြောင့် စာကျက်သည်ဖြစ်စေ၊ စာသင်ခန်းထဲတွင် စာသင်ယူသည်ဖြစ်စေ သို့မဟုတ် ကျောင်းစာအုပ်များ ဖတ်ရှုလေ့လာသည်ဖြစ်စေ၊ ကျောင်းသားတို့သည် နာရီဝက်လျှင် တစ်ကြိမ် ငါးမိနစ်ခန့် အာရုံပြောင်း၍ ဦးနှောက်ကို အနားပေးသင့်သည်ဟုဆိုသည်။ စာကျက်နေသော စားပွဲမှထ၍ တစ်ခုခုလုပ်ခြင်း၊ သီချင်းနားထောင်ခြင်း သို့မဟုတ် ကိုယ်လက်လှုပ်ရှားကစားခြင်း စသည့် အပြောင်းအလဲတစ်ခုခုဖြင့် ဦးနှောက်ကို ခေတ္တအနားပေးရမည်ဖြစ်သည်။ ၎င်း၏ ဟောပြောပွဲတွင် ပါမောက္ခလော့ဘ်ဒဲလ်က ဒိုင်ယာဂရမ်တစ်ခုဆွဲ၍ ဦးနှောက်၏အလုပ်လုပ်ပုံကို ရှင်းပြခဲ့သည်။ ယေဘုယျအားဖြင့် လူ့ဦးနှောက်သည် နာရီဝက်ခန့် အာရုံစူးစိုက်မှတ်သားပြီးလျှင် စွမ်းရည်ကျသွားပြီး နောက်ထပ်ကျက်မှတ်သမျှကို မမှတ်နိုင်ဘဲဖြစ်လာမည်။ ထို့ကြောင့် ကျောင်းသားတို့သည် နာရီပေါင်းများစွာ ဆက်တိုက်ကျက်မှတ်နေခဲ့ပါက အချိန်ကုန်ပြီး အကျိုးရလဒ်မရှိတတ်။ နာရီဝက်တစ်ကြိမ် မိမိဦးနှောက်ကိုအနားပေးပြီး တစ်ဖန်လန်းဆန်းတက်ကြွလာမှ စာပြန်ကျက်ရမည်ဖြစ်သည်။

ဤသို့ နာရီဝက်ခန့်ကျက်လိုက်၊ ခဏနား၍ အပန်းဖြေလိုက်၊ နောက်နာရီဝက်ခန့် ကျက်လိုက်ဆိုလျှင် ကျောင်းသားတို့သည် မပင်ပန်းဘဲ သင်ခန်းစာကို မှတ်မိကာ ကျက်သမျှ အကျိုးရှိစေမည်ဖြစ်သည်။ ဥပမာ စာကျက်ချိန် စုစုပေါင်း ခြောက်နာရီဆိုလျှင် နားချိန် ငါးမိနစ်လေးများ နုတ်လိုက်ပါက ငါးနာရီခွဲ အပြည့်အဝစာကျက်ပြီး ဖြစ်သွားမည်။ မနားဘဲ ခြောက်နာရီဆက်တိုက် ကျက်မှတ်နေသော ကျောင်းသားမှာမူ ပထမနာရီဝက်နောက်ပိုင်းတွင် ဦးနှောက်၏အလုပ်လုပ်မှုသည် နှေးကွေးလာပြီး အချိန်ကြာမြင့်စွာ ကျက်မှတ်နေသော်လည်း စာမရဖြစ်နေလိမ့်မည်။ ထို့ကြောင့် အချို့ကျောင်းသားများသည် စာမေးပွဲနီးချိန်တွင် ညလုံးပေါက်စာကျက်လျက်နှင့် စာမေးပွဲကျရသည့် သတင်းမျိုးကြားနေရခြင်းဖြစ်သည်။

ပရော်ဖက်ဆာလော့ဘ်ဒဲလ်က တစ်နေ့တာ စာကျက်ပြီးချိန်တွင် ကိုယ့်ကိုယ်ကိုယ် ဆုချခြင်းသည်လည်း မိမိဦးနှောက်တွင် အပြုသဘောဆောင်သော ဓာတုပစ္စည်းများ ထွက်လာအောင် အထောက်အကူပြုသည်ဟုဆိုသည်။ ဥပမာ တစ်နေ့တာအတွက် ထိထိရောက်ရောက် စာကျက်ပြီးချိန်တွင် မိမိနှစ်သက်ရာ ရုပ်ရှင်၊ သီချင်း၊ ဝတ္ထုတို့ကို ဖတ်ရှုခြင်း၊ ကြည့်ခြင်း၊ သူငယ်ချင်းများနှင့် လက်ဖက်ရည်ဆိုင်ထိုင်ခြင်း စသည်ဖြင့် မိမိကိုယ်မိမိ အလိုလိုက်ခဲ့ပါက ဦးနှောက်သည် စာကျက်မှတ်ခြင်းအပေါ် အပြုသဘောဆောင်လာပြီး စာကျက်လိုစိတ်ကို လေ့ကျင့်မွေးမြူပြီးဖြစ်သွားသည်ဟု ဆိုသည်။ ဤနည်းအားဖြင့် တစ်ချိန်ထက်တစ်ချိန်ပို၍ ကြာကြာ ကျက်မှတ်နိုင်လာမည်ဖြစ်သည်။

**၂။ စာကျက်မည့်နေရာ သီးသန့်စီစဉ်ထားပါ။**

ကျွန်မတို့ပတ်ဝန်းကျင်သည် ကျွန်မတို့၏ အပြုအမူ၊ စိတ်အခြေအနေအပေါ်တွင် များစွာလွှမ်းမိုးမှုရှိသည်။ စဉ်းစားကြည့်ပါ။ စာသင်ခန်းထဲရောက်လျှင် ကျောင်းသားများသည် သင်ခန်းစာကို လေ့လာရန် အဆင်သင့်ဖြစ်နေကြသည်။ ပါမောက္ခက စာမေးလျှင်ဖြေရန် အသင့်ရှိသည်။ အိမ်တွင်ကျွန်မတို့သည် အိပ်ရာပေါ် လှဲနေလိုက်ပါက မကြာခင်အိပ်ပျော်သွားသည်။ မီးဖိုခန်းထဲမှာ ထိုင်နေလျှင် အစား တစ်ခုမဟုတ်တစ်ခု စားမိတတ်ကြသည်။ အကြောင်းမှာ ကျွန်မတို့၏ပတ်ဝန်းကျင်သည် ကျွန်မတို့၏ စိတ်အခြေအနေကို တိမ်းညွှတ်စေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အိပ်ရာပေါ်တွင်စာကျက်ပါက အိပ်ပျော်သွားတတ်သည်။ မီးဖိုခန်းထဲတွင် စာကျက်ပါက စာကို အာရုံစိုက်မရဖြစ်တတ်သည်။

ဧည့်ခန်းသည် ဧည့်သည်တွေ့ခြင်း၊ တီဗွီကြည့်ခြင်း၊ စကားစမြည်ပြောဆိုခြင်း စသည်တို့ လုပ်ဆောင်လေ့ရှိသည့်နေရာဖြစ်သည်။ ထို့ကြောင့် ဧည့်ခန်းထဲ စာထိုင်ကျက်ပါက ကျောင်းသား၏ အာရုံသည် လေ့လာနေသော သင်ခန်းစာတွင် စူးစိုက်၍မရနိုင်။ ဘေးမှာထိုင်နေသော တီဗွီကြည့်နေသူများ၊ စကားပြောနေသော အိမ်သားများထံ စိတ်ရောက်နေတတ်ကြသည်။ ထို့ကြောင့် စိတ်စုစည်း၍ စာကျက်မှတ်ရန် မဖြစ်နိုင်ပေ။ စာကျက်မည့်နေရာကို သတ်သတ်မှတ်မှတ် ထားရမည်။ ဤနည်းအားဖြင့် ကျွန်မတို့သည် စာကျက်မည့်နေရာတွင် ထိုင်လိုက်သည်နှင့် စာကျက်လိုစိတ် ကြီးစိုးနေလိမ့်မည်။

**၃။ စိတ်ဝင်စားစွာလေ့လာပါ။**

ကျွန်မတို့သည် လေ့လာသင်ယူနေသော အကြောင်းအရာကို စိတ်ဝင်စားလေလေ နားလည်တတ်မြောက်ရန် လွယ်ကူလေလေဖြစ်သည်။ စာတစ်ပိုဒ်ကို အလွတ်ကျက်မည့်အစား အကြောင်းအရာတစ်ခုလုံးကို အကြိမ်ကြိမ်နားလည်အောင်ဖတ်ရှုခြင်းအားဖြင့် ကျွန်မတို့သည် စာကို လွယ်လွယ်ကူကူမှတ်မိလာမည်ဖြစ်သည်။ သို့သော် မလေ့လာမီ မိမိလေ့လာကျက်မှတ်မည့် အကြောင်းအရာသည် အချက်အလက် (Facts) လား၊ အယူအဆ (Concepts) လား ဆိုသည်ကို ဦးစွာ အမျိုးအစားခွဲရမည်ဖြစ်သည်။ ဥပမာအားဖြင့် လေ့လာနေသောအကြောင်းအရာသည် အမည်များ၊ ခုနှစ်များ၊ အဖြစ်အပျက်များဆိုပါက ယင်းတို့သည် အချက်အလက်များဖြစ်သည်။ သဘောသဘာဝကို စဉ်းစားရမည်ဆိုပါက အယူအဆဖြစ်သည်။ အယူအဆများမှာ အချက်အလက်ထက်ပို၍ အရေးကြီးသည်။

ဥပမာအားဖြင့် အစိုးရဆိုသည်မှာဘာလဲ၊ နိုင်ငံရေးကို ဘာကြောင့်လေ့လာသလဲ စသည်တို့သည် အယူအဆများဖြစ်သည်။ ကြောင်သုံးကောင်ဆိုလျှင် အချက်အလက်ဖြစ်ပြီး ကြောင်ဆိုတာဘာလဲဟု လေ့လာလျှင် အယူအဆဖြစ်သည်။ အယူအဆတို့ကို လေ့လာရာတွင် ပထမဦးစွာ အစိုးရ၊ နိုင်ငံရေး၊ ကြောင် စသည့် သဘောတရားများကို အရင်နားလည်ဖို့လိုလာသည်။ အယူအဆကို လေ့လာရာတွင် ၎င်းတို့ အလုပ်လုပ်ပုံကို ကောင်းစွာနားလည်မှသာ ကျွန်မတို့ ခေါင်းထဲတွင် အဓိပ္ပာယ်ကို စွဲမြဲမှတ်မိမည်ဖြစ်သည်။ တစ်ဖက်တွင် အချက်အလက်များသည် အလွယ်တကူ မေ့လျော့သွားနိုင်သည်။ သို့သော်လည်း ဂူဂဲလ်တွင် ၎င်းတို့ကို အချိန်မရွေး လွယ်လွယ်ကူကူ ရှာဖတ်နိုင်သောကြောင့် မေ့သွားလည်း အရေးမကြီးပါ။ စာမေးပွဲဖြေဆိုရာတွင်မူ အချက်အလက်ရော၊ အယူအဆများပါ အလွတ်ရ မှတ်မိနေရန်လိုအပ်သည်။ အယူအဆများအား နားလည်မှတ်မိနေစေရန် အကောင်းဆုံးနည်းလမ်းမှာ ၎င်းတို့ကို မိမိကိုယ်ပိုင်စကားလုံး၊ ကိုယ်ပိုင်ဝါကျများဖြင့် ချရေးကြည့်ရန်၊ ရွတ်ဆိုကြည့်ရန်ဖြစ်သည်။

**၄။ ထိရောက်သော မှတ်စုများပြုစုပါ။**

စာသင်ချိန်တစ်ချိန်ပြီးသွားလျှင် မှတ်မိသလောက်ကို တတ်နိုင်သမျှ ချက်ချင်း မှတ်စုတိုများချရေးပါ။ မိမိမှတ်မိသော အရေးကြီးအချက်အလက်များကို ခေါင်းစဉ်ငယ်များတပ်၍ ရေးပါ။ ဤနည်းအားဖြင့် သင်ခန်းစာမှ အယူအဆတို့ကို စိတ်ထဲတွင် ခိုင်မာစွဲမြဲစေသည်။ မှတ်ဉာဏ်၏ သဘောမှာ အကြောင်းအရာတစ်ခုကို သင်ယူပြီး ၂၄ နာရီအကြာတွင် ၃၀ ရာခိုင်နှုန်းသာ မှတ်မိတော့သည်ဟုဆိုသည်။ ဦးနှောက်ရှိ မှတ်ဉာဏ်နေရာသည် အကန့်အသတ်ရှိသောကြောင့် ဗဟုသုတအသစ်များကို ဦးနှောက်သည် ယာယီမှတ်ဉာဏ်တွင်သာ မှတ်သားထားလေ့ရှိသည်။ ထို့ကြောင့် ကျွန်မတို့က ၎င်းတို့ကို ထပ်တလဲလဲပြန်မဖတ်ပါက ယင်းအကြောင်းအရာသည် တဖြည်းဖြည်း မေ့လျော့ပျောက်ကွယ်သွားသည်။

**၅။ သင်လေ့လာမှတ်မိသမျှကို အနှစ်ချုပ်ပါ၊ သို့မဟုတ် အခြားတစ်ဦးတစ်ယောက်ကို ပြန်ရှင်းပြပါ။**

သင်ရိုးစာအုပ်များကို လေ့လာဖတ်ရှုရာတွင် ထိထိရောက်ရောက် ဖတ်ရှုတတ်ရန်လိုသည်။ SQ3R (Survey, Question, Read, Recite, Review) နည်းစနစ်ကို သုံးကြည့်ပါ။ မိမိလေ့လာရမည့် သင်ရိုးစာအုပ် (Textbook) ကို ပထမတစ်ခေါက် အစအဆုံး လေ့လာလှန်လှောကြည့်ပါ။ စာမျက်နှာအစမှ နောက်ဆုံးအထိ အကြမ်းဖတ်ကြည့်ပါ။ ထို့နောက် သင်ရိုးထဲတွင်ပါသည့် အဓိကအချက်များကို မေးခွန်းထုတ် စဉ်းစားကြည့်ပါ။ တစ်ဖန်ပြန်ဖတ်ပါ။ အလွတ်ပြန်ဆိုကြည့်ပါ။ သုံးသပ်ဆင်ခြင်ကြည့်ပါ။ ဤနည်းစနစ်ကို သုံးခြင်းအားဖြင့် ကျွန်မတို့သည် သင်ရိုးပါအချက်များကို ထိထိရောက်ရောက် နားလည်သဘောပေါက် မှတ်မိလာမည်ဖြစ်သည်။

ပရော်ဖက်ဆာလော့ဘ်ဒဲလ်က အကောင်းဆုံးသင်ယူနည်းသည် အခြားသူများကို ပြန်လည်သင်ကြားပေးခြင်း၊ ရှင်းပြခြင်းဖြစ်သည်ဟု ဆိုခဲ့သည်။ ကျွန်မတို့သည် အခြားတစ်ဦးကို ပြန်ရှင်းပြနိုင်ရန်အတွက် ယင်းအကြောင်းအရာကို အမှန်တကယ် နားလည်သဘောပေါက်ရန်နှင့် ခြုံငုံနားလည်ရန် လိုအပ်လာသည်။ ကျွန်မတို့ နားလည်မှတ်မိသမျှကို ပြန်လည်စုစည်းရန် လိုအပ်သဖြင့် ဦးနှောက်သည် အာရုံစိုက်၍ မှတ်သားလာရသည်။ ယင်းအကြောင်းအရာနှင့်ပတ်သက်၍ သိမထားသူတစ်ဦးကို ရှင်းပြလိုက်သောအခါ ကျွန်မတို့သည် ကျွန်မတို့၏ နားလည်သဘောပေါက်မှုတွင် လိုအပ်ချက်များ၊ အားနည်းချက်များကို သိမြင်လာသည်။ ယခင်ကနားလည်သလိုလိုနဲ့ အမှန်တကယ် နားမလည်သောအချက်များကို တွေ့လာသည်။ ကျွန်မတို့သည် ယင်းအကြောင်းအရာကို သေသေချာချာ နားလည်မှသာ အခြားသူများကို ပြန်လည်ရှင်းပြနိုင်မည်ဖြစ်၍ အမှန်တကယ် နားလည်အောင်ကြိုးစားရင်း ဘာသာရပ်ကို စွဲမြဲမှတ်မိလာမည်ဖြစ်သည်။

**၆။ အချက်အလက်များကို လေ့လာကျက်မှတ်ရမည်ဆိုလျှင် မှတ်မိလွယ်စေမည့် နည်းလမ်းများကို သုံးပါ။**

အချက်အလက်များသည် အယူအဆများကဲ့သို့ တကယ့်အဓိပ္ပာယ်နှင့် ကြောင်းကျိုးဆက်စပ်၍ မှတ်သားရန် မလွယ်ကူပါ။ ထို့ကြောင့် ကျောင်းသားအများစုသည် နှုတ်တိုက် အလွတ်ကျက်သည့်နည်းလမ်း (rote memorization) ဘက်သို့ ဦးတည်သွားတတ်ကြသည်။ သို့သော် ကျွန်မတို့သည် အချက်အလက်များကို မှတ်မိလွယ်စေမည့် နည်းလမ်းများကို သုံး၍ ကျက်မှတ်နိုင်ပါသည်။ ပရော်ဖက်ဆာလော့ဘ်ဒဲလ်က လွယ်လွယ်မှတ်မိစေမည့် နည်းလမ်းများကို တင်ပြထားသည်။ ပထမနည်းစနစ်မှာ ထိပ်စည်းအက္ခရာများကိုယူ၍ မှတ်သားနည်းဖြစ်သည်။ ဥပမာ သက်တံတွင် ပါဝင်သောအရောင်များကို ကျက်မှတ်လိုပါက (VIBGYOR) "ပန်းခရမ်းပြာပြာ စိမ်းဝါလိမ်နီ"ဟု မှတ်ခြင်းမျိုးဖြစ်သည်။ ပန်းခရမ်း၊ ခရမ်းပြာ၊ အပြာ၊ အစိမ်း၊ အဝါ၊ လိမ္မော်၊ အနီဟူသည့် သက်တန့်ရောင်စဉ် ခုနစ်မျိုးကို အစဉ်လိုက် မှတ်မိသွားစေမည်ဖြစ်သည်။ ကုန်းဘောင်မင်း ၁၁ ဆက်ကို ကျက်မှတ်လိုပါက "လောင်းနောင်ဆင်စဉ့် မောင်ဘိုးဘသာပုမင်းသီ" ဟု မှတ်ခြင်းမျိုးဖြစ်သည်။

ဒုတိယနည်းမှာ အသံတူများ၊ စကားပုံများကို အသုံးပြု၍ မှတ်သားနည်းဖြစ်သည်။ သီချင်း၊ ကဗျာပုံစံစပ်၍လည်း မှတ်သားနိုင်သည်။ ဥပမာအားဖြင့် ကားမောင်းသမား (Chauffeur) ၏ အသံထွက် ရှိုဖာကို မမှတ်မိဘဲဖြစ်နေပါက ဆိုဖာ (Sofa)ပေါ်မှာ ရှိုဖာထိုင်နေတယ်ဟု မှတ်လိုက်ပါ။ ထိုအခါ Chau ffeur ကို မြင်သည်နှင့် အသံထွက်ဆိုဖာ၊ ရှိုဖာဟူ၍ တွဲပြီး အသံထွက်အမှန်ကို ချက်ချင်းသတိရသွားမည်ဖြစ်သည်။

တတိယနည်းမှာ ကျက်မှတ်လိုသော အချက်အလက်များကို ရယ်ရွှင်ဖွယ်ပုံရိပ်များအဖြစ်လည်းကောင်း၊ ကိုးရိုးကားရား၊ အူကြောင်ကြောင်ပုံရိပ်များအဖြစ်လည်းကောင်း စိတ်ကူး၍ ဆက်စပ်ပုံဖော်ကြည့်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် အိုဘားမား၊ ရေခဲမုန့်၊ လေထီး၊ လေဘာတီရုပ်တု၊ စကိတ် စသည့် စကားလုံးတို့ကို သူ့ချည်း အလွတ်ကျက်ရမည်ဆိုပါက မှတ်မိရန်မလွယ်သော်လည်း အကယ်၍ အိုဘားမားက ရေခဲမုန့်စားနေသည်ကို မြင်ယောင်ကြည့်ပါ။ ထိုအချိန်တွင် လေထီးကျလာပြီး လေထီးနှင့်အတူ လေဘာတီရုပ်တုကြီးပါလာသည်ကို စိတ်ကူးယဉ်ကြည့်ပါ။ လေဘာတီရုပ်တုကြီးသည် မြေပြင်ပေါ်ရောက်လာပြီးနောက် စကိတ်စီး၍ ထွက်သွားသည်ကို မြင်ယောင်ကြည့်ပါ။ ထိုသို့ အူကြောင်ကြောင် စိတ်ကူးယဉ်ပုံပြင်ဇာတ်လမ်းတို့ ပုံဖော်၍ မှတ်သားပါက အချက်အလက်တို့ကို မှတ်ရလွယ်ကြောင်း တွေ့ရလိမ့်မည်။

အထက်ပါ နည်းလမ်းများအပြင် လေ့ကျင့်ခန်းလုပ်ခြင်း၊ အိပ်ရေးဝအောင်အိပ်ခြင်းတို့သည်လည်း မှတ်ဉာဏ်တိုးတက်စေသည်ဟုဆိုသည်။ နိဂုံးချုပ်ရသော် ကျောင်းသားတို့ နားလည်ရမည်မှာ စာကျက်ချိန်များတိုင်း စာရသည်မဟုတ်၊ နည်းမှန်လမ်းမှန် ကျက်မှတ်မှသာ အချိန်ကုန်သမျှ အကျိုးရှိရမည်ဖြစ်ပြီး ကျက်သလောက်လည်း မှတ်မိနိုင်မည်ဖြစ်ကြောင်း သိထားရမည်။ မကြာမီအချိန်တွင် အခြေခံပညာနှင့် အဆင့်မြင့်ပညာ ကျောင်းသား ကျောင်းသူများအားလုံးတို့သည် စာမေးပွဲရာသီ ရောက်တော့မည်ဖြစ်သောကြောင့် ယခုကဲ့သို့ မပင်မပန်းနှင့် ထိရောက်စွာ ကျက်မှတ်နိုင်မည့်နည်းလမ်းများကို တင်ပြလိုက်ရပါသည်။ ။

**(ဒေါက်တာ မာတီ လော့ဘ်ဒဲလ်၏ "Study Less, Study Smart" You Tube Video ပို့ချချက်ကို ဆီလျော်အောင် ပြန်ဆိုသည်။**

**"ကျောင်းသားတို့အား စာကျက်ရာတွင် အချိန်တိုလေးများခွဲ၍ ကျက်ခြင်းအားဖြင့် အာရုံစူးစိုက်မှုပိုရပြီး စာကိုပို၍ မှတ်မိစေမည့် နည်းစနစ်ဖြစ်သည်။**

**ကျောင်းသားတို့ နားလည်ရမည်မှာ စာကျက်ချိန်များတိုင်း စာရသည်မဟုတ်၊ နည်းမှန်လမ်းမှန် ကျက်မှတ်မှသာ အချိန်ကုန်သမျှ အကျိုးရှိရမည်ဖြစ်ပြီး ကျက်သလောက်လည်း မှတ်မိနိုင်မည်ဖြစ်ကြောင်း သိထားရမည်။"**

# ဗိုလ်ချုပ်အောင်ဆန်း(၁၀၃)နှစ်ပြည့်မွေးနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**အောင်ပန်း ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အောင်ပန်းမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ပွဲ ကျင်းပရေးကော်မတီက နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်မွေးနေ့ကို ဗိုလ်ချုပ်အောင်ဆန်း(၁၀၃)နှစ်ပြည့်မွေးနေ့အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း(၁၀၃)နှစ်ပြည့် မွေးနေ့တွင် ဗိုလ်ချုပ်အောင်ဆန်းအားရည်စူး၍ မြို့ပေါ်ဘုန်းတော်ကြီးကျောင်းများမှဆရာတော်ကြီးများကို ပင့်ဖိတ်၍ အရုဏ်ဆွမ်းကပ် တရားတော်နာယူခြင်း၊ ညှော့ခံကျွေးမွေးခြင်း၊ အားကစားပြိုင်ပွဲ၊ စာပေဆောင်းပါး၊ ကဗျာရွတ်၊ စာစီစာကုံး၊ ကလေးပန်းချီဆေးရောင်ချယ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပြောပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲများတွင် မြို့နယ်အတွင်းရှိ မူကြိုအရွယ်ကလေးငယ်များ၊ အခြေခံပညာမူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသားလူငယ်များ၊ အလွတ်တန်းလူငယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြသူများမှ ဆုရထူးချွန်သူများအား ဆုချီးမြှင့်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ ထူးချွန်ပြိုင်ပွဲများကို ဇန်နဝါရီလမှ စတင်ကျင်းပခဲ့ရာ စာစီစာကုံးပြိုင်ပွဲတွင် ၂၂၉ ဦး၊ ကဗျာရွတ်ပြိုင်ပွဲတွင် ၄၆ ဦး၊ ကဗျာရေးပြိုင်ပွဲတွင် ၃၄ ဦး၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ၂၃ ဦး၊ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပြောပြိုင်ပွဲတွင် ကိုးဦး၊ သီချင်းဆိုပြိုင်ပွဲတွင် ၆၄ ဦး၊ မူကြိုအရွယ်အားကစားပြိုင်ပွဲတွင် ၁၀၀၊ ကလေးပန်းချီပြိုင်ပွဲတွင် ၂၂ ဦး စုစုပေါင်းလူငယ်လူရွယ် ၅၄၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲများမှ ဆုရထူးချွန်သူ ၄၀ ဦးအား ထူးချွန်ဆုပေးခြင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ ကျင်းပရေးအတွက် ပါဝင်လှူဒါန်းကြသော စေတနာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲ အခမ်းအနားကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်အောင်ဆန်း(၁၀၃) နှစ်ပြည့်မွေးနေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်မွေးနေ့ ကျင်းပရေးကော်မတီ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မြင့်က ပြောသည်။

**ဇော်သိန်းရည်**



# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်ရေးဆွဲပွဲ ပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

၂၀၁၈ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ဒုတိယဆုရ ရန်ကုန်အသင်းတို့ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး MNL ထိပ်သီးကလပ်အသင်းများမှာ ဒုတိယအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် MNL ၁၂ သင်းနှင့် MNL-2 (ပထမတန်း)ကလပ် ခုနစ်သင်း စုစုပေါင်း ၁၉ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ ပထမအဆင့်တွင် ၁၀ သင်း၊ ဒုတိယအဆင့်တွင် ၁၂ သင်းယှဉ်ပြိုင်မည်ဖြစ်ပြီး ၂၀၁၇ ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ဒုတိယဆုရခဲ့သည့် ရန်ကုန်အသင်းတို့မှာ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ MNL ကလပ်အသင်းကြီးများမှာ ဒုတိယအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး ပထမအဆင့်တွင် ပထမတန်းအသင်းအများစု ပါဝင်လာသည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ပထမအဆင့်တွင် GFA အသင်းနှင့် ငွေကြယ်ပွင့်အသင်း၊ Royal Thanlyin အသင်းနှင့် တက္ကသိုလ်အသင်း၊ ကချင်ယူနိုက်တက်အသင်းနှင့် ဒဂုံအသင်း၊ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် မြဝတီအသင်း၊ Mountain Lion အသင်းနှင့် မောရဝတီအသင်းတို့ တွေ့ဆုံနေကာ မေ ၁၂၊ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့်ပွဲစဉ်များကိုမူ မေ ၃၀ ရက်နှင့် ဇွန် ၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး Southern အသင်းနှင့် GFA သို့မဟုတ် ငွေကြယ်ပွင့်အသင်း၊ ဧရာဝတီအသင်းနှင့် Royal Thanlyin သို့မဟုတ် တက္ကသိုလ်အသင်း၊ မကွေးအသင်းနှင့် ကချင်ယူနိုက်တက် သို့မဟုတ် ဒဂုံအသင်း၊ ရတနာပုံအသင်းနှင့် စစ်ကိုင်းယူနိုက်တက် သို့မဟုတ် မြဝတီအသင်း၊ ဟံသာဝတီအသင်းနှင့် ဇွဲကပင်အသင်း၊ ရခိုင်အသင်းနှင့် Mountain Lion သို့မဟုတ် မောရဝတီအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်အဆင့်တွင် စတင်ကစားရမည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရခိုင်နှင့် Mountain Lion သို့မဟုတ် မောရဝတီအသင်းပွဲမှ အနိုင်ရသောအသင်း၊ ရန်ကုန်အသင်းမှာမူ Southern အသင်းနှင့် GFA သို့မဟုတ် ငွေကြယ်ပွင့်အသင်းပွဲမှ အနိုင်ရသောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန် ၁၃ ရက်နှင့် ၂၀ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၂၀၊ ၂၁ ရက်နှင့် စက်တင်ဘာ ၁၈၊ ၁၉ ရက်၊ ဗိုလ်လုပွဲကို စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ကျန်အဆင့်များကိုမူ တစ်ကျော့တည်း ကျင်းပမည်ဖြစ်သည်။

ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲအမည်ဖြင့် ပြောင်းလဲကျင်းပခဲ့သည်။ ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်မှလွဲ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ကျင်းပပြီးစီးခဲ့သည့် ခုနစ်ကြိမ်တွင် ဧရာဝတီအသင်းက သုံးကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေကာ ဟံသာဝတီ၊ ရန်ကုန်၊ မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**



# ၂၀၁၈ ခုနှစ် နွေရာသီ အခြေခံအားကစားနည်းသင်တန်းများ ရန်ကုန်မြို့တွင် ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်တို့ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်များတွင် အခြေခံအားကစား သင်တန်းများကို အားကစားနည်း ၃၆ မျိုးဖြင့် မတ် ၁၂ ရက်မှ ဧပြီ ၆ ရက်အထိနှင့် အဆင့်မြင့်သင်တန်းများကို ဧပြီ ၂၃ ရက်မှ မေ ၁၈ ရက်အထိ ရန်ကုန်မြို့တွင် ဖွင့်လှစ်သင်ကြားပေးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၆ ရက်က ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က နှစ်စဉ်နွေရာသီအခြေခံနှင့် အဆင့်မြင့်အားကစားသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြင့် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာစေရေး၊ မျိုးဆက်သစ် လူငယ်အားကစားသမားများကို ဆက်လက်လေ့ကျင့်ပြုစုပျိုးထောင်ပေးခြင်းဖြင့် ထူးချွန်ထက်မြက်သော မြန်မာ့လက်ရွေးစင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်သော သင်တန်းဖြစ်ကြောင်း၊ နွေရာသီကျောင်းပိတ်ရက်တွင် မျိုးဆက်သစ်အားကစားသမားများ အားကစားလိုက်စားနိုင်ရေးအတွက် သင်တန်းကြေးများကို တတ်နိုင်သလောက် လျှော့ပေါ့ပေးရန်နှင့် ယခင်နှစ်ကထက် သင်တန်းသားများ ပိုမိုရရှိစေရန် စည်းရုံးဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လူထုအားကစားနှင့်ပညာပေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ အားကစား ကွင်း/အားကစားရုံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲနန္ဒနှင့် အနောက်ပိုင်းခရိုင်ပညာရေးမှူး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ၊ မော်တော်ယာဉ်ဌာနစိတ်၊ ဆေးဘက်ဆိုင်ရာဌာနစိတ်တို့မှ တာဝန်ရှိသူများက ဖွင့်ပွဲအခမ်းအနားအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ အထွေထွေအတွင်းရေးမှူးများ၊ အဖွဲ့ချုပ်တာဝန်ခံ အမှုဆောင်များက သင်တန်းဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ကျောင်းအုပ်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။



အခြေခံအားကစားနည်း သင်တန်းများကို ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ အားကစားကွင်း/ရုံများ၌ အဖွဲ့ချုပ်များ၊ မြို့နယ် အား/ကာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ မြားပစ်၊ ပြေးခုန်ပစ်၊ ဘေ့စ်ဘော၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်၊ စနူကာ၊ ကာယကြံ့ခိုင်မှု၊ ဘိုးလင်း၊ လက်ဝှေ့၊ စစ်တုရင်၊ ခြင်းလုံး၊ ခရစ်ကက်၊ စက်ဘီး၊ ဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဟော်ကီ၊ ဂျူဒို၊ ကရာတေးဒို၊ လေ့လှော်၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သိုင်း၊ ဘော်လီဘော၊ အလေးမ၊ အမျိုးသမီးအားကစား (အေရိုးဗစ်)၊ ဝူရှူး၊ ရွက်လှေ၊ မသန်စွမ်း၊ ကမ်ပို၊ နပန်း၊ ရိုးရာလက်ဝှေ့ စသည့်အားကစားနည်းများ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၄၀၀၄၃၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

# မြင်းကောင်းခွာလိပ် မဖြစ်စေလိုပါ

မောင်သောင်းဝင်း(တမန်ဟောင်း)



ဖေဖော်ဝါရီ ၁ ရက်မှစ၍ တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု ဘာသာရပ်များကို နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြပေးလျက်ရှိသည်။ တက္ကသိုလ်ဝင်တန်းတက်ရောက်နေသော ကျောင်းသား ကျောင်းသူများအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများအတွက် အဆုံးအဖြတ်ပေးမည့် တက္ကသိုလ်ဝင် စာမေးပွဲကြီးသည် မတ်လ ၁၈ ရက်တွင် ဖြေဆိုရတော့မည်ဖြစ်သည်။ ထို့အတူ အစိုးရစစ်စာမေးပွဲများဖြစ်သည့် အဋ္ဌမတန်းနှင့် စတုတ္ထတန်းစာမေးပွဲများကိုလည်း ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ ကျောင်းစစ်စာမေးပွဲများကို ဖေဖော်ဝါရီ ၇ ရက်တွင် အခြေခံပညာကျောင်းအသီးသီး၌ ကျင်းပသွားမည်ဖြစ်သည်။

**ကုန်ကျစရိတ်သက်သာ**

ယခုပညာသင်နှစ်တွင် အလယ်တန်းကျောင်းများမှ အဋ္ဌမတန်းနှင့် စတုတ္ထတန်း ကျောင်းသား ကျောင်းသူများသည် မြို့နယ်နှင့် တိုက်နယ်အထက်တန်းကျောင်းများသို့သွားရောက်ဖြေဆိုရန်မလိုတော့ပေ။ ကျောင်းသားမိဘများအတွက် ကုန်ကျစရိတ်များစွာသက်သာစေမည်ဖြစ်သည်။ စာရေးသူတို့ငယ်စဉ်က အဋ္ဌမတန်းစာမေးပွဲကို တိုက်နယ်အထက်တန်းကျောင်းသို့ သွားရောက်ဖြေဆိုရသည်။ စားစရိတ်မတတ်နိုင်သဖြင့် ဘုန်းကြီးကျောင်းတွင်သာတည်းခိုကာ ကိုယ်တိုင်ချက်ပြုတ်စားသောက်ပြီး စာမေးပွဲဖြေဆိုခဲ့ရသည်။ မျက်မှောက်ခေတ်ကလေးများသည် များစွာကံကောင်းလှပါသည်။

**ဘဝတစ်ဆစ်ချိုးတက္ကသိုလ်ဝင်စာမေးပွဲ**

မြန်မာနိုင်ငံတွင်လက်ရှိကျင့်သုံးနေသောပညာရေးစနစ်အရ တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသားကျောင်းသူများအတွက် ဘဝတစ်ဆစ်ချိုးစာမေးပွဲကြီးဖြစ်သည်။ ထိုစာမေးပွဲတွင် အမှတ်ကောင်းကောင်းဖြင့် ထူးချွန်စွာအောင်မြင်မည်ဆိုလျှင် မိမိဝါသနာပါသည့် ဘာသာရပ်ကို ရွေးချယ်နိုင်ခွင့်ရှိမည်ဖြစ်သည်။ အမှတ်နည်းနေမည်ဆိုလျှင် ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျနိုင်မည်မဟုတ်ချေ။ ပညာသင်နှစ်အစကတည်းက စနစ်တကျ ကြိုးစားခဲ့သော ကျောင်းသား ကျောင်းသူများသည် ပြန်လှန်လေ့ကျင့်ခန်းများလုပ်ပြီးနေလောက်ပြီဟုထင်ပါသည်။ ထို့အပြင် စာမေးပွဲကြီးဖြေဆိုရန်အတွက်လည်း အသင့်ဖြစ်နေလောက်ပြီထင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ တစ်လကျော်လိုသေးသဖြင့် အားနည်းနေသည့်ဘာသာရပ်ကို ပို၍အချိန်ပေးလိုက်မည်ဆိုလျှင် အမှတ်ကောင်းကောင်းဖြင့်အောင်နိုင်ပါသည်။

**ကျန်းမာရေးသည်သာအခရာ**

သင်ခန်းစာအားလုံး ကျေညက်နေသော ကျောင်းသားကျောင်းသူများအနေဖြင့် ကျန်းမာရေးကိုသာ အထူးဂရုစိုက်ဖို့လိုပါသည်။ စာမေးပွဲကြီးဖြေဆိုခါနီးအချိန်တွင် ကျန်းမာရေးချူချာနေမည်ဆိုလျှင် ထင်ထားသလောက် အမှတ်ကောင်းကောင်းရနိုင်မည်မဟုတ်ချေ။ စာမေးပွဲနီးမှ ညဥ့်နက်သန်းခေါင် စာကျက်နေမည်ဆိုလျှင် အားအင်ချည့်နဲ့ပြီး ကျန်းမာရေးချူချာလာမည်ဖြစ်သည်။ တချို့သော ကျောင်းသူ၊ ကျောင်းသားများသည် စာမေးပွဲကာလတွင် မိုးလင်းစာကြည့်ကြပြီး ကျောင်းမသွားမီ ရေချိုးလိုက်သည့်အခါ တစ်ညလုံး ကျက်မှတ်ထားသောစာအားလုံး မေ့ပျောက်သွားကြသည်။ များစွာနစ်နာလှပါသည်။ အထူးသဖြင့်စာမေးပွဲကာလတွင် အိပ်ရေးဝအောင်အိပ်သင့်သည်။ သို့မှသာလျှင် စာမေးပွဲခန်းထဲ၌ စိတ်ရွှင်လန်းနေပြီး ကျက်မှတ်ထားသည့် စာများအားလုံးကို မှတ်မိနေမည်ဖြစ်သည်။

**မိဘများ၏ တာဝန်**

တချို့သောမိဘများသည် မိမိတို့၏ ကလေးများကို တစ်နှစ်လုံးလျစ်လျူရှုထားပြီး စာမေးပွဲနီးမှသာ ဖုတ်ပူမီးတိုက် ဖိအားပေးကြသည်။ လက်ဖက်သုပ်ကျွေး၊ ကော်ဖီတိုက်လုပ်ပြီး တစ်ညလုံးစာကျက်ခိုင်းလေ့ရှိကြသည်။ ထိုသို့မဖြစ်သင့်ချေ။ စာမေးပွဲနီးလျှင် ကလေးများကိုစိတ်ချမ်းသာအောင်ထားရန်သာ လိုအပ်သည်။ အချိန်မှန်အိပ်၊ အချိန်မှန်စားခိုင်းသင့်သည်။ အာဟာရဖြစ်သောအစားအသောက်များကိုသာ ကျွေးမွေးသင့်သည်။ လိုအပ်ပါက အားဆေးတိုက်ကျွေးသင့်ပါသည်။ စိတ်အပန်းဖြေစေရန်အတွက် တီဗွီကြည့်ခြင်း၊ ဂိမ်းဆော့ခြင်းတို့ကို ခဏတစ်ဖြုတ် ခွင့်ပြုပေးသွားသင့်ပါသည်။ စိတ်ဖိစီးမှုလျော့နည်းစေရန်အတွက် တရားထိုင်ခိုင်းသင့်ပေသည်။

**လမ်းလွဲနေသောမိဘများ**

တချို့သောမိဘများသည် တက္ကသိုလ်ဝင်စာမေးပွဲကြီးနီးလာပြီဆိုလျှင် ဗေဒင်ဆရာများ၊ အခါတော်ပေး ဆရာများ၊ ဘုန်းကြီးများထံသို့သွားရောက်ကြသည်။ ဗေဒင်ဆရာများ၊ ဘုန်းကြီးများက အဆောင်ယတြာများ၊ ဖယောင်းတိုင်များ၊အင်းများပေးကြသည်။ ကလေးများကိုသက်သတ်လွတ်၊ မီးလွတ်များစားခိုင်းကြသည်။ ထိုအဆောင်ယတြာများစွမ်း၊ မစွမ်းတော့ အတိအကျမသိရသော်လည်း စာကိုစနစ်တကျကျက်မှတ်ထားခြင်းမရှိသောကလေးများသည် အောင်စာရင်းတွင်ပါလာခြင်းမရှိကြပေ။ ဗေဒင်မေးလျှင်ဆန်ကုန်ရုံသာရှိမည်။ ပညာသင်နှစ် အစကတည်းက ဘာသာရပ်အားလုံးကို ကြေညက်စွာကျက်မှတ်ထားမည်ဆိုလျှင်၊ ကျန်းမာရေးကောင်းမွန်နေမည်ဆိုလျှင် အတန်းတင်စာမေးပွဲကြီးတွင် အခက်အခဲမရှိဖြေဆိုနိုင်ကြမည်ဖြစ်သည်။

**မုချအောင်မြင်မည်**

တက္ကသိုလ်ဝင်တန်းတက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများသည် ပညာသင်နှစ် အစကတည်းက ကျောင်းစာကိုပုံမှန်ကျက်မှတ်ခြင်း၊ ကျန်းမာရေးလိုက်စားခြင်း၊ ရတနာသုံးပါးကိုကြည်ညိုကိုင်းရှိုင်းခြင်း၊ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘများ၏ ဂုဏ်ကျေးဇူးကို အောက်မေ့ပြီး ပြုမူကျင့်ကြံနေထိုင်ကြိုးစားသွားမည်ဆိုလျှင် အတန်းတင်စာမေးပွဲကြီး၌ ထူးချွန်စွာအောင်မြင်နိုင်မည်ဟု အခိုင်အမာဆိုဝံ့ပါသည်။ စာမေးပွဲကျရှုံးသည့် ကျောင်းသား၊ ကျောင်းသူအများစုသည် စာမေးပွဲဖြေဆိုနည်းမတတ်ခြင်း၊ မေးခွန်းအပေါ် နားလည်မှုမရှိခြင်းတို့ကြောင့်ဖြစ်သည်။ အထူးသဖြင့် ကိုယ်စီ ဝီရိယစိုက်ထုတ် ကြိုးစားအားထုတ်မှုလျော့နည်းသောကြောင့်ဖြစ်သည်။ ကျောင်းသားမိဘများအပိုင်းကလည်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကလေးငယ်များအား လျစ်လျူရှုမထားဘဲ လိုအပ်ချက်များကို အထူးဂရုစိုက်ဖြည့်ဆည်းပေးသင့်ပေသည်။

**မြင်းကောင်းခွာလိပ်မဖြစ်စေလိုပါ**

တစ်နှစ်ပတ်လုံး ကြိုးစားထားသော ကျောင်းသူ၊ ကျောင်းသားများသည် အတန်းတင်စာမေးပွဲအတွက် အသင့်ဖြစ်နေမည်ဟုယုံကြည်မိပါသည်။ စာမေးပွဲကြီးတွင် ဘာသာရပ်အလိုက်ဂုဏ်ထူးထွက်စေရန်နှင့် အမှတ်ကောင်းကောင်းရရှိစေရန်အတွက် မေးခွန်းများကို နားလည်စွာဖတ်မှတ်ပြီးမှသာ ဖြေဆိုသွားသင့်ပါသည်။ အထူးသဖြင့် အဖြေလွှာတွင် မိမိဖြေဆိုသော မေးခွန်းနံပါတ်ကိုစနစ်တကျရေးသားခြင်း၊ ဖြေဆိုခြင်း၊ မျဉ်းသားခြင်း၊ ပြန်လည်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားရန်လိုအပ်ပါသည်။ တချို့သော ကျောင်းသား ကျောင်းသူများသည် တစ်နှစ်ပတ်လုံးကြိုးပမ်းထားသော်လည်း စာမေးပွဲဖြေဆိုရာတွင် ခြေချော်လက်ချော်ဖြစ်ရာမှ "မြင်းကောင်းခွာလိပ်" ဖြစ်သွားတတ်ပါသည်။ မျှော်မှန်းထားသလောက် ဂုဏ်ထူးမရကြတော့ပေ။ ဘာသာရပ်အလိုက် ရမှတ်လည်းနည်းသွားတတ်ကြသည်။

ခြုံ၍တင်ပြရလျှင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ဒသမတန်း၌ ပညာသင်ယူနေသော ကျောင်းသား ကျောင်းသူအားလုံးသည် ၂၀၁၈ ခုနှစ် မတ်လ ၇ ရက်နေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲကြီးဖြေဆိုကြရတော့မည်ဖြစ်သည်။ ဖြေဆိုရန် ရက် ၃၀ ခန့်သာ လိုပါတော့သည်။ ကျန်ကာလတွင် ဘာသာရပ်အလိုက် စနစ်တကျအချိန်ဇယားရေးဆွဲကာ ဖတ်မှတ်လေ့ကျင့်သွားရန်လိုအပ်သည်။ ထိုစာမေးပွဲကြီးသည် အထက်တန်း ကျောင်းသား ကျောင်းသူများ၏ အနာဂတ်ကို အဆုံးအဖြတ်ပေးမည့် စာမေးပွဲကြီးလည်းဖြစ်သည်။

ထိုစာမေးပွဲတွင်သာ ထူးချွန်စွာဖြေဆိုနိုင်မည်ဆိုလျှင် မိမိဆက်လက်ပညာဆည်းပူးလိုသော တက္ကသိုလ်ကို တက်ရောက်ခွင့်ရကြမည်ဖြစ်သည်။ ပညာသင်နှစ်အစကတည်းက ပုံမှန်လေ့လာသင်ယူ ကျက်မှတ်ခဲ့သော ကျောင်းသား ကျောင်းသူများသည် ဆန္ဒနှင့် ဘဝ တစ်ထပ်တည်းဖြစ်ကြမည်ဖြစ်သည်။ စာမေးပွဲကြီးနီးကပ်လာပြီဖြစ်သဖြင့် ကျန်းမာရေးကိုအထူးဂရုစိုက်ရန်လိုအပ်သည်။ မိဘများကလည်းကလေးများကို စိတ်ချမ်းသာအောင်ထားသင့်ပါသည်။

မည်သို့ပင်ဆိုစေကာမူကျောင်းသား လူငယ်များအနေဖြင့် အဆုံးအဖြတ်ပေးမည့် အတန်းတင်စာမေးပွဲကြီး၌ "မြင်းကောင်းခွာလိပ်" အဖြစ်မျိုးမကြုံရလေအောင် မေးခွန်းများကိုနားလည်သည်အထိ အပြန်ပြန်အလှန်လှန်ဖတ်ပြီးအောင်မှတ်ရရှိအောင်၊ တတ်နိုင်ပါက ဂုဏ်ထူးအမှတ်များရရှိသည်အထိ ဖြေဆိုသွားနိုင်ကြပါစေ။



